www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## အခါလွန် အမုန်း



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'**ရွှေပဒေသာအော့ဖ်ဆက်**'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ဈေး** - ၁၇၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

| |
|---|
| အခါလွှန်မိုး<br>ကြယ်စင်မှူးဝေ<br>ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။<br>၂၄၀-စာ၊ ၁၂ × ၁၈ စင်တီ။<br>(၁) အခါလွှန်မိုး |


www.burmeseclassic.com

www.burmeseclassic.com

# အခါလွန်မိုး

ကြယ်စင်မှူးဝေ

www.burmeseclassic.com

www.burmeseclassic.com



၄

အခါလွန်အမုန်းပေါ့...

အမုန်းတွေနဲ့ လှိုင်းကြီးလေထန်

မေတ္တာတရားက တောင်ပြိုကမ်းပြို...

ကိုယ့်အချစ်တို့ နေညိုချိန်...

နေခက်ထန်



www.burmeseclassic.com

www.burmeseclassic.com



နလုံးသွေးတွေ ခဲကျစ်...

ဆူးရစ်ကန္တာရတစ်ခုထဲ...

တလက်လက် စိမ်းမြတဲ့ည...

ကြောက်စရာကောင်းလောက်အောင်

ကမ္ဘာကြီးတစ်ခုလုံး တဝုန်းဝုန်းပွဲကြွေ...

မြသည်းရုံ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁

နေခက်ထန်နှင့် စည်သူခြိမ့်က အတွဲ။

နှစ်ယောက်လုံး Eco ဘွဲ့တွေရပြီး အဲ…ဖြေထားပြီး လွတ်လပ်မှု၏အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားနေကြချိန်။

မိဘတွေ၏လုပ်ငန်းများကိုလည်း မလေ့လာကြသေး။ ခိုင်းတာလောက် လုပ်ပေးနေကြသည့် အပျော်တမ်း ဘော်လံတီယာတွေပေါ့။

အသက်က နှစ်ဆယ်ကျော်။

တကယ့်လူငယ်စတိုင်။ လွတ်လပ်မှုအပြည့်နှင့် လူငယ်လေး (၂)ယောက်။

အဲ…လူငယ်ပေမယ့် သူတို့ (၂)ယောက်က တန်ဖိုးရှိသော လူငယ်လေးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘီယာဆိုင် မသွား။ မာဆတ်၊ ကေတီဗီ မထိုင်။ မူးယစ်ဆေး ဆို ဝေးဝေးကရှောင်။ လောင်းကစား မလုပ်။

သည်လိုပဲ မျိုးတူရာပေါင်းရင်း လူငယ်ဗိုဗိ ခရီးသွားလိုက်၊ သန့်ရှင်းသော အပျော်တွေသာ ဖန်တီးကြပါသည်။

နေခက်ထန်က နာမည်နှင့်လိုက်အောင် ချောမောခက်ထန်ပြီး စည်သူခြိမ့်ကတော့ နူးညံ့ပျော့ပျောင်းသူ။ လူချောလေးပါပဲ။

ယခု သူတို့အဖွဲ့တွေ ခရီးစဉ်တစ်ခုကို စီစဉ်နေကြသည်။ ခရီး ကတော့ မနီး။ သူတို့ကလည်း ဝေးလေ‥ကြိုက်လေ။

မွန်ပြည်နယ်ဘက် သွားရမလား။ ရှမ်းပြည်နယ် သွားရ မလား။ ကယားပြည်နယ် သွားရမလား။

လူခံရှိဖို့တော့လိုသည်။ လူခံရှိမှ ဂိုက်လုပ်ပေးမည့်သူရှိမည်။

နေခက်ထန်နှင့်စည်သူခြိမ့်တို့ (၂)ယောက် ခေါင်းချင်းဆိုင်နေ ကြတုန်း စည်သူ့ဒယ်ဒီနှင့်မာမီ ခရီးသွားရာမှ ပြန်လာကြသည်နှင့် တိုးလေ၏။

စည်သူကတော့ ရှုံ့လို့မဲ့လို့။

"မာမီတို့ကလည်း တစ်ပတ်လောက်နေမယ်ဆိုပြီး (၃)ရက် ထဲနဲ့ ပြန်လာကြတယ်၊ ခက်တာပဲ။ သူတို့ရှိရင် တို့‥‥ခရီးသွားရမှာ မဟုတ်တော့ဘူး။ ဂဂျီဂကျောင်ကျတော့မယ်"

"သွားပါပြီကွာ‥‥ငါတို့ကတော့ သွားမှာပဲမောင်‥‥မင်း မလိုက်နိုင်ရင် ကျန်ခဲ့‥‥ကျိုက္ကမီဘက်ထိ သွားမယ်ကွာ‥စက်စဲထိ"

"လိုက်မှာပေါ့ကွ‥‥အိမ်က ပြဿနာမလေးက အဓိက၊



www.burmeseclassic.com

www.burmeseclassic.com



သန့်ခနဲဆို သူလိုက်ချင်ပြီ။ မာမီတို့ကလည်း သူ့သမီးမွေးမှ စီးပွား တက်တယ်ဆိုပြီး ဘာအလိုလိုက်သလဲ မမေးနဲ့။ မလွယ်ပါဘူး ကွာ... တကယ်လေတယ်"

ပြောပြီး (၂)ယောက်လုံး ဝင်လာသည့်ကားဆီ သွားကြိုကြရ လေ၏။

စည်သူ့ဒယ်ဒီ၊ မာမီနှင့်သူ့ညီမ ဒေဝီသွယ်နှောင်း...ကားပေါ် မှ သူ့မာမီ၏ ကျယ်လောင်သောအသံနှင့်အတူ ပစ္စည်းတွေ သယ်ဖို့ ချဖို့ ညွှန်ကြားသံက တစ်ဆက်တည်း။

"ဟဲ့...လာကြဦးလေ...ထွေးရင်တို့...မယ်ချစ်တို့"

"လာပါပြီ"

အိမ်ထဲမှ ကောင်မလေး (၂)ယောက် ပြေးထွက်လာပြီး အထုပ်အပိုးတွေ သယ်ကြသည်။

"ဟင်..."

နောက်ဆုံးမှ ပြူးတိပြူးကြောင် တွန့်ဆုတ်ဆုတ်လေး ထွက်လာတာ ကောင်မလေးတစ်ယောက်။

ရေသူမလေးတစ်ယောက်လို၊ မျှစ်စို့ပေါက်ကြီးတစ်ချောင်းလို ဖြူဖြူဖွေးဖွေး သန်သန်စွမ်းစွမ်းနှင့် မိဖုရားဖွားစောလေး။

အရွယ်ကတော့ လွန်ရှိ ၁၅-၁၆။

မျက်လုံးလေး ပြူးပြူးလှလှ၊ မျက်နှာကလေး အဆင်ပြေပြေ၊ ကိုယ်လုံးကတော့ မထော်မနန်း အဝတ်တွေကြောင့် ကိုးရိုးကားရား။

ရှပ်အင်္ကျီ အကွက်လက်တိုနှင့် ချည်ထဘီတိုတို တောသူမ



www.burmeseclassic.com

www.burmeseclassic.com



လေးမို့ ရေဆေးငါးလိုတော့ ဖွေးနုဥမနေ။ ခါတ်ကြီးလေးပါးနှင့် သမံထားသည်မို့ နေလောင်အသားနှင့်။

"သူက…"

ပိုစံကြည့်ရတာ မာမှီအမျိုးတော့ ဟုတ်ဟန်မတူ။ မာမီက မြစ်ဝကျွန်းပေါ်သူ…ပုသိမ်သူ။

"သမီးခိုင်းဖို့ ခေါ်လာတာ။ သူ့မိထွေးက သိန်းနှစ်ဆယ်နဲ့ ရောင်းလိုက်တာလေ"

"ဗျာ…"

နေခက်ထန်ရော စည်သူခြိမ့်ပါ ပါးစပ်အဟောင်းသား။ အာမေဍိတ်သံက သံပြိုင်။ စည်သူခြိမ့်က ပိုဆိုး၏။

"မာမီ…ကြည့်လုပ်နော်၊ ဒီခေတ်ကြီးက ပွင့်လင်းမြင်သာ ခေတ်ကြီးဗျ။ လူကုန်ကူးမှုဆိုတာ ရာဇဝတ်မှုပဲ။ ရောင်းသူရော ဝယ်သူပါ အပြစ်ကြီးတယ်။ မာမီကလည်းဗျာ…"

"ဟဲ့…ငခြိမ့်…နင်က အမေ့ထက် သားတစ်လကြီးမနေနဲ့။ လူကုန်ကူးတယ်ဆိုတာ တရုတ်ရောင်းစား၊ ထိုင်းရောင်းစားတာမှ ခေါ်တာ။ ခုက ပြည်တွင်းမှာပဲ ခိုင်းဖို့ဝယ်လာတာလေ။ အိမ်အကူ တွေက လစာပေးရတယ်။ သူ့ကျတော့ လစာမပေးရတော့ဘူး။ အပြတ်ဝယ်လာတာ။ အပိုင်ဝယ်လာတာ။ တစ်သက်လုံးခိုင်းဖို့"

နေခက်ထန်ရော စည်သူပါ ကြားရသည့်စကားစုအတွက် မသက်မသာ၊ မအီမလည် ဖြစ်နေကြရသည်။

ကောင်မလေးကို ကရုဏာသက်စွာ ကြည့်လိုက်မိတော့ မသိ



www.burmeseclassic.com

www.burmeseclassic.com



နှီးနှုရုပ်ကလေး မဟုတ်။ လောကကို နာကြည်းနေသည့်ရုပ်ကလေး။

ဟုတ်တာပေါ့။ မိထွေးက သိန်းနှစ်ဆယ်နဲ့ ရောင်းလိုက်တာကို ခံရသူကိုး။

"ကဲ…ကဲ…ဒါတွေ နောက်မှ ပြောပြမယ်။ ငါ့သမီးလေး ခရီးပန်းနေပြီ…လာ"

မာမီက သူ့သမီး အသက်နှစ်ဆယ်အရွယ်ကြီးကို တယုတယ ပခုံးဖက်ခေါ်သွားတော့ စောစောက ပြူးကြောင်မလေးက အဝတ်အိတ်ကြီးတစ်ခုကို မနိုင်မနင်း သယ်နေလေ၏။

"ပေး…ပေး…ဒီလိုဆွဲရတယ်"

ဘီးလုံးနှင့်အိတ်မို့ ဆွဲလို့ရမှန်းလည်း သူ့ခမျာ မသိရှာ။ ဘယ်ချောင်ထဲမှာများ အိပ်ပျော်နေခဲ့သလဲ မိကံဆိုးလေးရယ်။

* * *

"ဟဲ့…နှင့်နာမည် ဘယ်သူ…"

ဧည့်ခန်းထဲမှာ အားလုံးထိုင်မိကြတော့ စည်သူ့မာမီ ဒေါ်သက်မာနှောင်းက ကောင်မလေးကို မေးလိုက်သည်။

ကောင်မလေးကို ခင်းထားသည့် ကြမ်းပြင်ကော်ဇောပေါ်မှာ ထိုင်ဖို့ ညွှန်ပြပေမယ့် သူမက မထိုင်။ မတ်တတ်ရပ်ပြီး လက်ပိုက်ထားပါသည်။

"မြသည်းရုံပါ"

"အောင်မယ်…မတန်မရာ…နာမည်က အပျံစားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"နင်...စာတတ်လား"

"တတ်ပါတယ်၊ ရွာမှာ အ·ထ·က (ခွဲ) ရှိတယ်"

"ဖြေထားဆဲပါ"

"အင်း...မဆိုးပါဘူး။ ဒါမှ ငါ့သမီးနောက်လိုက်ဖို့ အဆင်ပြေမယ်။ ငါ့သမီးက ခုဆို အောင်မြင်အောင် ကြိုးစားနေတဲ့ မော်ဒယ်သရုပ်ဆောင်"

"ဟုတ်ကဲ့"

ကောင်မလေးပုံစံက ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတွေ မရှိ။ စက်ရုပ်တစ်ရုပ်လို။

"နင် ကံကောင်းတယ်မှတ်...နင့်မိထွေးဆီမှာ...နင့်ရွာမှာဆို မည်းသည်းစုတ်ပြတ်ပြီး လူရုပ်ပေါ်မှာ မဟုတ်ဘူး။ ဒီမှာကျ တိုက်ကြီးနဲ့နေ၊ ကားအကောင်းစားကြီး စီးရမယ်။ နင့်တာဝန်က သမီးသွားလေရာ တကောက်ကောက် အဖော်လိုက်၊ အဝတ်အိတ်ဆွဲ၊ တောက်တိုမယ်ရ ခိုင်းတာလုပ်ပေးရုံပဲ။ သင့်တင့်တဲ့ အဝတ်အစားလည်း ဝတ်ရမယ်။ သမီး မလိုချင်တော့တဲ့ အဝတ်တွေနဲ့တင် ဝတ်လို့မကုန်ဘူး။ နင်...ဘုရား မ,လို့သာ ဒီရောက်လာတယ်မှတ်"

ဒေါ်သက်မာနှောင်း မစားရ ဝခမန်းနှင့် လက်ချာတွေပေးနေသော်လည်း ကောင်မလေးပုံစံက မတုန်မလှုပ်။ ၅ ပေခွဲလောက် အရပ်နှင့် အဆင်ပြေပြီး ကြည့်ကောင်းသည့် ကောင်မလေးပက ဆံပင်က ခါးကျော်သည်။

သဘာဝဆံနွယ်တွေကိုက ပျောင်းပျောင်းနွဲ့နွဲ့။ ပေါင်းငုံ့ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူတွေ ဝိုင်းကြည့်နေသည့်အလယ်မှာ အသတ်ခံရတော့မည့် နွားမဒန်းလေးနှယ်။

နေခက်ထန် အားနာလိုက်တာ။ လောကကြီးကို အားနာတာလား။ မြသည်းရှုံဆိုသည့် ကောင်မလေးကို အားနာမိတာလားပင် မသိ။

သည်ခေတ်ကြီးထဲမှာ ရှေးခေတ် ကျေးပိုင်ကျွန်ပိုင်ခေတ်လို လူလူချင်း ကျွန်ပြုတာမျိုး ရှိသေးသတဲ့လား။ လူလူချင်း ကုန်ဝယ်သလို၊ ကုန်သွယ်သလို ဝယ်လို့ရသတဲ့လား။

လူကုန်ကူးမှုတွေ တိုက်ဖျက်နေသည့် ခေတ်ကြီးထဲမှာ သည်လိုပဲ လူမသိ၊ သူမသိ လူကုန်ကူးခံနေရသည့်သူတွေ ရှိသေးပါလား။

သိန်း (၂၀) နှင့် မိထွေးက ရောင်းလိုက်သတဲ့။ မြင်းတစ်ကောင်ဖိုးလောက်ပေါ့။

ဆင်တစ်ကောင်ဆိုရင်တောင် သိန်းရာချီ တန်သေးထင်ပါရဲ့။

အိမ်အကူအဆင့်ထက်တောင် နိမ့်ကျပါသေးလား ကောင်မလေးရယ်။ အိမ်အကူကမှ တစ်လ (၅) သောင်း၊ (၁)သိန်းရပြီး မလုပ်ချင်လျှင် အချိန်မရွေး ထွက်ခွာနိုင်သည်။

သူမလေးခမျာ ထောင်တစ်သက်၊ လွတ်ရက်မရှိတော့ဘူးလား။ သိန်းနှစ်ဆယ်နှင့် တစ်သက်လုံး ခိုင်းတော့မှာလား။

ရောင်းလိုက်သည့်မိထွေးကို အပြစ်တင်ရမှာလား။ ဝယ်လာသည့် စည်သူ့မာမီကို အပြစ်ပြောရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသည့် ကောင်မလေးမှာတော့ အပြစ်ရှိမည်မထင်။

နေခက်ထန် အခြေအနေကို စောင့်ကြည့်ရပါဦးမည်။ သူ သတင်းပေးလျှင် တိုင်ချက်ဖွင့်လျှင် ရတာပဲ။

သို့သော် မြသည်းရှုံဆိုသည့် ကောင်မလေးဟာ ယခုမှ တောမှ လိုက်လာသည့် မအူမလည်မလေးမို့ အခိုက်အတန့်တော့ သူ ကြည့်နေပေးရပါဦးမည်။

မျက်လုံးတောက်တောက်ကလေးများနှင့် ကောင်မလေးဟာ သုံးစားမရအောင်တော့ နုံမယ်၊ အ,မယ် မထင်။

"ကဲ…ကဲ…ထွေးရင်…သူ့ကို နင်တို့အခန်းထဲ ခေါ်သွားလိုက်"

ဒေါ်သက်မာနှောင်းက နေရာချပေးလိုက်ပေမယ့် ဒေဝီသွယ်နှောင်းက ပျာပျာသလဲ…

"မာမီ…မီး အခန်းနားက အခန်းမှာထားမယ်။ ဒါမှ မီး လိုသလိုခိုင်းရမှာလေ။ အချိန်မရွေးမီး ဘယ်သွားသွား သူ့ကို ခေါ်သွားလို့ရမယ်"

"ဪ…အေးလေ…ဒါဆိုလည်း သမီးအခန်းနားက လွတ်နေတဲ့အခန်းမှာ ထားလိုက်ပေါ့"

ကောင်မလေးကတော့ သူပါလာသည့် လွယ်အိတ်ကလေးကို ပိုက်ပြီး ထွေးရင်ခေါ်သည့်နောက်သို့ လိုက်သွားပါသည်။

ဧည့်ခန်းထဲမှာ အိမ်သားချည်းကျန်လေမှ ဒေါ်သက်မာနှောင်းက အခြေအနေတွေကို ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မာမီက မုသိမ်ပြန်ရင်း သာပေါင်းထိ သူငယ်ချင်းဆီသွားဖြစ်တယ်။ သူငယ်ချင်းက မြို့ပေါ်တောင်မဲပေါ့တော်ဘူး… ရွာက။ အဲဒီမှာ သူငယ်ချင်းနဲ့ စကားပြောနေတုန်း တစ်အိမ်ကျော်က ဆဲဆိုအော်ငေါက် ရိုက်ပုတ်နေတာတွေ့လို့ မေးကြည့်တော့ ဒီကောင်မလေးမှာ မိဘတွေ မရှိတော့ဘူး။ ကျန်နေတဲ့ မိထွေးက နေ့တိုင်းနှိပ်စက်နေတဲ့အကြောင်း သိရတယ်"

"မာမီကလည်း သမီးအတွက် အဖော်အလျော်လိုနေတာနဲ့ အိမ်အကူရှာရအောင်သွားတာ။ ဒီမှာ အိမ်အကူရှာရတာက မမြဲဘူးလေ။ သူတို့ထွက်ချင်ရင် ထွက်သွားတာမဟုတ်လား။ ဒါနဲ့ သူ့မိထွေးသွားတွေ့ပြီး အကျိုးအကြောင်းပြောတော့ သိန်းနှစ်ဆယ်နဲ့ရောင်းမယ်ဖြစ်ရော။ မာမီလည်း ဈေးတောင်မဆစ်ဘဲ ဝယ်လာခဲ့လိုက်တယ်"

"သူကလည်း လိုက်လာတယ်နော်"

"သူကလည်း မိထွေးလက်ထဲမှာ နေ့တိုင်း အဆူခံ၊ အဆဲခံနေရတဲ့အတူတူ လိုက်လာတော့တယ်ထင်ပါရဲ့။ သူ့မိထွေးက ခိုင်းလည်းစားတာကိုး"

"ပြောထားပါပေရဲ့…သား…စည်သူရော…ဒယ်ဒီကြီးရောရှုပ်ရှုပ်ရှက်ရှက်တော့ လုပ်မယ်မကြံနဲ့နော်။ နည်းနည်းမှ အငြိအစွန်းမခံနိုင်ဘူး"

"ဟာကွာ…မာမီကြီးကလဲ၊ ကိုယ့်ယောကျ်ား သိက္ခာမှမထောက်…မင်းပြောချင် ကိုယ့်သားကိုယ်ပြော"

"ဒယ်ဒီနော်…သားကရော ဒီလို ကိုယ့်အိမ်က ခိုင်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို မဖွယ်မရာ စဥ်းစားစရာလား။ စိတ်ချ…မာမီ၊ ထိလည်းမထိဘူး။ ငြိလည်းမငြိဘူး”

“အေး…ခုရှုပ်မှနှောင်ရှင်း ကြိုပြောထားရတယ်။ ယောကျ်ား တစ်ယောက်အတွက် မိန်းမ ရှုပ်တယ်၊ စည်းမစောင့်ဘူးဆိုတဲ့ ကိုယ်ကျင့်သိက္ခာပျက်ရင် သွားတာပဲ။ ကျန်တာတွေ ဘယ်လောက်ပဲ မိုးပျံအောင်တော်တော် အလကားဖြစ်တာပဲ”

“တော်ပါကွာ…စကားအဖြစ်တောင် မပြောစမ်းပါနဲ့။ ကိုယ့် ယောကျ်ား…ကိုယ့်သားရဲ့ဂုဏ်သိက္ခာ ညှိုးနွမ်းမယ့်စကားမျိုးတွေ မပြောစမ်းပါနဲ့”

သားအမိ၊ သားအဖတွေ စကားအချေအတင် ပြောနေကြသည် ကို နေခက်ထန် နားထောင်နေရပြီး ရင်ထဲမှာတော့ မအီမလည်။

သည်ခေတ်ကြီးထဲမှာ လူတစ်ယောက်ကို နွားလိုဝယ်လို့ ရသေးသတဲ့လား။

သခွပ်ပင်က မီးတကျည်ကျည်လို့ ပြောချင်ပြောကြပါစေ တော့။ နေခက်ထန် ရင်ထဲ တစ်မျိုးကြီး။

ဒေဝီသွယ်နှောင်းကတော့ သူမအတွက် အဖော်၊ အခိုင်းအစေ ရနေသဖြင့် ပျော်နေ၏။

“မီးက ရှိုးပွဲတွေ သွားရ…ပြက္ခဒိန်ရိုက်ရ…အောင်ဂျင်စီသွားရ နဲ့ အလုပ်များနေတာ။ မာမီတို့ မလိုက်နိုင်လည်း မြသည်းရှံကို ခေါ်သွားလို့ရပြီ”

စည်သူကတော့ လှမ်းပြီးမာန်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"သူကရော မိန်းကလေးပဲလေ…အရေးအကြောင်းဆို အားကိုးရမှာလိုက်လို့"

"အိုး… ကိုကိုကလဲ… ဒေဝီက တောကြိုတောင်ကြား သွားနေတာမှ မဟုတ်ဘဲ။ လူကုံထန်အသိုင်းအဝိုင်းတွေထဲပဲ ကျင်လည်နေတာပါ။ အဖော်ပါရင် လူရှိန်တာပေါ့။ မြသည်းရုံကြည့် ရတာလည်း ခန့်ခန့်ညားညားပါ။ ယူနီဖောင်းတွေ…ဘာတွေသာ ဝတ်ပေးလိုက်ရင် အမေစုရဲ့ သက်တော်စောင့်ထက်တောင် ဖြောင့် သေး"

"အေးပါ…သူက နင့်အတွက် အဖော်လောက်ပဲရမှာဆိုတာ သိထားရင် ပြီးတာပဲ။ အားကိုးလို့တော့ မရဘူးနော်"

"တဖြည်းဖြည်း အထာကျလာမှာပေါ့။ ကဲ…မီး သွားနားဦး မယ်"

အားလုံးပင် လူစုခွဲကြပြီမို့ နေခက်ထန် စည်သူဖြိုးကို မေးဆတ်ပြပြီး ပြန်ခဲ့ရသည်။ ခရီးသွားဖို့ကိစ္စက လိပ်ခဲတည်းလည်း။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂

မြသည်းရုံ…

သာပေါင်းမြို့နယ် ဘုရားကုန်းရွာ…

သူမ လူမှန်းသိတတ်စအရွယ်မှာ အမေ မရှိတော့။ အဖေက လည်း ယစ်ထုပ်ကြီးဖြစ်နေပြီ။

ရွာကလူတွေ အပြောအရတော့ အမေက မြို့သူ။ အဖေက တောသား။ အသွင်မတူဘဲ ခိုးပြေးခဲ့ကြပြီး သည်ရွာမှာ သောင်တင် နေသတဲ့။

အမေကလည်း မြို့သူလေးမို့ မလုပ်တတ်၊ မကိုင်တတ်။ အဖေ ကလည်း အလုပ်လုပ်တာ အပိုးမကျိုး။ သူမ (၅)နှစ်သမီးမှာတော့ အမေက သူမတို့သားအဖကို စွန့်ခွာထားခဲ့ပြီ။

အဖေက အသည်းကွဲတယ်ဆိုပြီး အရက်တွေသောက်။ နောက် အရက်ရောင်းသည့် ဒေါ်ပြားကြီး၏သမီးနှင့်ယူ။



www.burmeseclassic.com

www.burmeseclassic.com



မြသည်းရုံ၏ဘဝသည် လွမ်းလောက်စရာ မရှိပါ။ ဖခင်မေတ္တာဆိုတာကရော အရက်သမားဖခင်၏ မေတ္တာကလည်း တင်းပြည့်ကျပ်ပြည့် ရှိမှာတဲ့လား။

အမေကလည်း ချောသတဲ့။ အဖေကလည်း လူချောမို့ မြသည်းရုံလည်း မှုန်နေအောင် ချောပါသည်။

လှမှာအဝတ်၊ တောင်းမှာအကွပ်ဆိုလို့သာ။ မြသည်းရုံ အလှ မပြင်ပါ။ သနပ်ခါး ကြိုးတိုးကြားတားနှင့်နေပါသည်။ အဝတ်တွေ ဗိုသီဗတ်သီ ဝတ်ပါသည်။

ဆရာမက သင်သည်လေ။

"အကာအကွယ်မဲ့တဲ့ ပန်းကလေးတွေအတွက် သူ့အဆင်းဟာ သူ့အတွက် အန္တရာယ်ပဲ။ ဣတ္ထိရုပ် ခနဲ့ဆိုတာ ရှေးတုန်းကစကား။ ခုခေတ်ကတော့ ဣတ္ထိ ရုပ်လိုက်ရင် မားမနဲ့သာခုတ်ပြီး အစားခံရ မယ် မှတ်ပေတော့။ ဒီတော့ သမီး…ကိုယ့်အလှ မပေါ်အောင် ဖုံးဖုံး ဖိဖိသာနေ…အလှမပြင်နဲ့"

ဆရာမပေးသည့် ဗိုသီဗတ်သီ ပွယောင်းယောင်းအဝတ်တွေနှင့် သနပ်ခါးကြိုးတို့ကြားတားနှင့်ပင် မြသည်းရုံ လူလုံးပြောက်ခဲ့ရသည်။

မိထွေးက အဖေ့ကိုတော့ ချစ်ပါသည်။ နေ့တိုင်း အရက်ဖိုးပေး ပြီး တော်လေးဝဝင်အောင် ယောကျ်ားကို ချစ်သည်။ အဲ…လင့်ပါ သမီးကိုသာ ပြဿနာရှာ၊ မျက်စိစပါးမွေး စူးနေတာ။

မြသည်းရုံကို ကလေးဘဝကတည်းက ခိုင်းစေခဲ့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖေ့မျက်နှာရှိသေးတော့ ကျောင်းထားပေးခဲ့သည်။

သူမ (၉)တန်းတက်သည့်နှစ်မှာ အဖေ ဆုံးပါးသွားတော့လည်း အားလုံးက ဝိုင်းပြီးနားချကြတာကြောင့် မြသည်းရဲ့ ကျောင်းတက်ခွင့်ရပါသည်။

ကိုယ့်ရွာ၊ ကိုယ့်ကျောင်းမှာပဲလေ။ မိထွေးခိုင်းသည့်အလုပ်တွေကိုလုပ်ရင်း (၁၀)တန်း ဖြေပြီးခဲ့ရသည်။

နောက်...မြို့ကလာသည့် ဒေါ်သက်မာနှောင်းတို့နှင့် ဈေးညှိနှိုင်းပြီး ငွေသိန်းနှစ်ဆယ်နှင့် ရောင်းစားလိုက်သည်။

ဘဝကဆိုးပေမယ့် ဆီပူအိုးထဲက သူမဟာ မီးပုံထဲခုန်ချခဲ့သည်လို့ပဲ သဘောထားလိုက်သည်။

မိထွေးလက်ထဲမှာ အနှိပ်စက်ခံရပြီး ဘဝလုံခြုံမှုမရသည်ထက်စာရင် မြို့လိုက်သွားပြီး ထွက်ပေါက်ရှာတာကမှ တော်ဦးမည်။

လူကုန်ကူးမှုဥပဒေတွေလည်း ကြားရသားပဲ။ သင့်လျော်သောအချိန်တစ်ခုခုမှာ ရုန်းထွက်သွားရုံပါပဲ။

စိုင်တော်လို့ ချုံပေါ်ရောက်သလို ရေတွင်းထဲမှ ဖားသူငယ်လေးအတွက် အပြောကျယ်သော ပင်လယ်ပြင်ကြီးထဲမှာ ဘဝ၏စည်းမျဉ်းစည်းကမ်းတွေ၊ နည်းလမ်းတွေ များစွာသင်ယူလေ့လာခွင့်ရမှာတော့ အသေအချာ။

မြသည်းရဲ့၏အခန်းလေးက သူဌေးသမီး မမ၏အခန်းနှင့်ကပ်လျက်။ သူဌေးသမီး၏ လှပခမ်းနားသော အဆင်အပြင်၊ အခင်းအနားတွေကိုကြည့်ပြီး မြသည်းရဲ့ အံ့သြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ပိုက်ဆံပေါတဲ့လူတွေကျတော့လည်း ငွေကို ရေလို သုံးနေကြတယ်။ မြစ်ထဲက ရေတွေကို ခပ်ခပ်သုံးနေသလိုကို သုံးနိုင်ကြတယ်။

သူမတို့ဘဝကျ… ခက်ခဲဆင်းရဲလိုက်တာ။ မိထွေးက အကြော်ဆိုင်ထွက်ပြီး သူမက မုန့်ကြိတ်ရ၊ အကြော်ရောင်းရသည်။

မုန့်ကြိတ်ရုံလေးထောင်ထားသဖြင့် တစ်နေ့…တစ်နေ့ မုန့်ကြိတ်ရတာ လက်မောင်းလေ့ကျင့်ခန်း၊ ခြေထောက်လေ့ကျင့်ခန်း ယူသည့်နှယ်။

ဒါကြောင့်များ မြသည်းရှုံ၏ကိုယ်လုံးလေး သိပ်လှနေသလား မသိ။ လေ့ကျင့်ခန်း ကစားထားသည့်ကိုယ်လုံးလေးနှယ်။ မမဒေဝီ က သဘောကောင်းပုံရပါသည်။ လမ်းမှာကတည်းက သူမကို အခြေအနေတွေ ပြောပြ၏။

"မမက မော်ဒယ်လည်းလုပ်တယ်။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ လည်း ရိုက်တယ်"

"ဒါဆို မမက မင်းသမီးပေါ့နော်"

"ဘယ်လိုပြောရမလဲ…မင်းသမီးနေရာတော့ မဝင်ရသေးဘူး ပေါ့ဟာ…ဇာတ်ရုံနေရာကပေါ့။ မင်းသမီးရဲ့သူငယ်ချင်းခန်း၊ အိမ် အကူခန်း၊ ဗီလိန်ခန်းပေါ့။ ဒီလိုနဲ့ပဲ စကြရတာလေ။ ကိုယ်က ကိုယ် ရတဲ့ဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဖော်တတ်ဖို့ပဲလိုတာ"

"သြော်…"

မမဒေဝီဟာ ရုပ်ရှင်ရှူး၊ မော်ဒယ်ရှူး၊ ခေတ်ပေါ် အရှူးထခြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပေါ့။ မိဘက ပိုက်ဆံပေါပြီး သူမကိုယ်တိုင်လည်း ရုပ်ကလေးချောတောတောဆိုတော့ ဝါသနာပါသည့်အတိုင်း လုပ်ခေဆာင်ခွင့်ရနေပုံ။

"နင့်ကိုရတာ မမ အရမ်းဝမ်းသာတယ်။ သူများ မင်းသား၊ မင်းသမီးတွေမှာ ကိုယ်ပိုင်လက်စွဲ၊ ကိုယ်ပိုင် အထိန်းတော်တွေနဲ့။ မမမှာ မာမီကလည်း မလိုက်နိုင်၊ ကိုကိုကလည်း သူ့အလုပ်နဲ့သူ တောင် မအား"

"ခုမှ…မြသည်းကို အပိုင်ရတာ။ တခြားကောင်မလေးတွေဆိုလည်း ထုံထုံထိုင်းထိုင်းနဲ့ မလွယ်ဘူး။ ဒီကြားထဲ ခိုးချင်ဖွက်ချင်ရသေး။ မမနဲ့ မြသည်းကတော့ ကံစပ်တယ်လို့ မှတ်ရမှာပဲ"

ဘာပဲပြောပြော မြသည်းရဲ့ ကျေနပ်ရရဲ့သာ။ မမဒေဝီ၏နောက်မှ သူ့သေတ္တာကိုင်ပြီး လိုက်ရမည့်အဖြစ်ဟာ ရွာမှာ အကြော်ရောင်းတာ၊ မုန့်ကြိတ်တာထက်တော့ တော်ပေဦးမည်။

မမဒေဝီက မြသည်းရဲ့ကို သူ့အခန်းထဲသို့ ခေါ်သွားသည်။ အခန်းထဲမှာ အမြင်မတော်တာလေးတွေ လျှောက်သိမ်းနေတုန်း မမဒေဝီက သူ မကြိုက်တော့သည့် အဝတ်အထည်များ၊ ခေတ်မမီတော့သော အဝတ်များကို ရွေးချယ်ပြီး ပေးလေ၏။

"ရော့…ညီမ။ မမနောက်လိုက်ရမှာဆိုတော့ ညီမလည်း အဆင်ပြေပြေဝတ်မျှ ဖြစ်မှာပေါ့။ သွားဝတ်ကြည့်…မမ နားဦးမယ်"

"ဟုတ်ကဲ့ပါ…မမ"



www.burmeseclassic.com

www.burmeseclassic.com



မြသည်းရှံ့ အဝတ်တွေကို ကိုယ့်အခန်းသို့ သယ်လာခဲ့ရင်း ခုတင်ပေါ်မှာ ပုံထားလိုက်သည်။

မမဒေဝီဟာ ထွားကျိုင်းသူမို့ သူ့အဝတ်တွေနှင့် မြသည်းရှံ့ တော်ပါလိမ့်မည်။

သူမ၏အခန်းထဲမှာ ဗီရိုတစ်လုံး၊ မှန်တင်ခုံ၊ ခုတင်တစ်လုံးနှင့် စားပွဲ၊ ကုလားထိုင်···ပြည့်ပြည့်စုံစုံ။

မမဒေဝီပေးလိုက်သည့် အဝတ်တွေဟာ သူ မင်းသမီးမဖြစ်ခင်က အဝတ်တွေမို့ ပေါ်ပေါ်ရော်ရော်။ ကျပ်ကျပ်ထုပ်ထုပ်တွေ မဟုတ်။ တော်ပါသေးရဲ့။

မင်းသမီးဖြစ်လျှင်တော့ မင်းသမီးလို ဝတ်ရမှာ အသေအချာ။ မမဒေဝီ၏ ခေတ်မမီတော့သည့် အဝတ်အစားများတောင်မှ မြသည်းရှံ့ အတွက် ခေတ်ရှေ့ပြေးနေသေး၏။

အဝတ်အစားများကို ဗီရိုထဲမှာ သပ်သပ်ရပ်ရပ်စီပြီးထည့်ရင်း ရောက်ရှိနေသည့်ဘဝမှ လောကကို အကောင်းဆုံး ရင်ဆိုင်ရန် မြသည်းရှံ့အား မွေးလိုက်ပါသည်။

လာထား···လောကကြီးရေ။

လာမယ့်ဘေး ပြေးတွေ့လိုက်ရုံပါပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

"ကိုကိုတို့သွားတဲ့နောက် ဒေဝီလည်းလိုက်မှာပဲ လိုက်မှာပဲ"

"ဟဲ့..."

နေခက်ထန်နှင့်စည်သူတို့ တိုးတိုးတိတ်တိတ် တိုင်ပင်နေသည့် အနားသို့ ဒေဝီ ရောက်လာပြီး ခြေဆောင့်တောင်းဆိုနေလျှင် သူတို့ နှစ်ယောက် မျက်လုံးပြူးရသည်။

"အဲဒါ နင့်အရာလား...ကိုယ့်လိုင်းနဲ့ကိုယ်နေစမ်းပါ ဒေဝီရာ...လာမရှုပ်စမ်းပါနဲ့"

"မရဘူး...လိုက်မှာပဲ...လိုက်မှာပဲ။ ဒေဝီ ဘယ်မှ ဟုတ်တိပတ်တိ မရောက်ဖူးဘူး။ လောလောဆယ် အလုပ်တွေလည်း မရှိသေးဘူး။ ကားရိုက်လည်း မရှိဘူး...လိုက်ချင်တယ်"

"ငါတို့က သူငယ်ချင်း (၃)ယောက် လွတ်လွတ်လပ်လပ် သွားချင်တာ... မဖြစ်ပါဘူးဟာ...နင်ပါတော့ ရှုပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေသွားမှာလဲ...ပြော"

"ငါရယ်...နေခက်ထန်နဲ့ အောင်စံဗလ"

"အိုကေ...ကိုနေကလည်း ရင်းနှီးပြီးသား၊ အောင်စံဗလက အခြောက်"

"ကြားသွားလို့ နင့်ကို လည်ပင်းညှစ်နေမယ်"

"ကိုကို့ကားက အကျယ်ကြီး...လူ (၈)ယောက်လောက် တောင်ကာတာပဲ။ ဒေဝီနဲ့မြသည်းလိုက်မှ (၅)ယောက်ထဲရယ်"

နေခက်ထန်နှင့်စည်သူတို့ ဒုက္ခရောက်နေကြ၏။ ယောကျ်ားလေးတွေချည်းသွားမည့်ခရီးမှာ မိန်းကလေး (၂)ယောက်က ကန့်လန့်ကန့်လန့်။

အလုပ်ပို၊ တာဝန်ပို၊ လွတ်လပ်ရေးလည်း ဆုံးရှုံး။

"မဖြစ်ပါဘူးဟာ...ဒေဝီမနော်...နင် တော်တော်လွန်နေပြီ။ မနေ့တစ်နေ့ကပဲ ပုသိမ်က ပြန်လာတယ်။ ခုပဲ ငါတို့သွားမယ့် ကျိုက္ကမီ၊ စက်စဲဘက် လိုက်ချင်ပြန်ပြီ"

"ခွဲကပင်တို့...ဘားအံတို့ရော ရောက်မှာလား"

"မရောက်ပါဘူး"

"ရောက်ရောက်မရောက်ရောက် လိုက်မှာပဲ၊ မာမီ့သွားတိုင်မယ်။ ကိုကိုတို့တွေ မဟုတ်တာလုပ်မလို့...ဒေဝီတို့ကို မခေါ်တာပါလို့"

ပြောပြောဆိုဆိုနှင့် ဒေဝီ သူ့မာမီ၏ဆိုင်သို့ ဖုန်းလှမ်းဆက်ဖို့ ပြင်လျှင် စည်သူခြိမ့် ရိုက်ချင်တာ လက်ယားနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးက ဖူးဖူးမှုတ်လာခဲ့သည့် ညီမလေးမို့သာ။

"ဒေဝီ…နင် မဟုတ်တာတွေ မလီဆယ်နဲ့နော်။ ငါတို့ခမျာ အလုပ်မဝင်ခင်…အောင်စာရင်းမထွက်ခင်လေး ဒေသန္တရဗဟုသုတ ရှာရမှာ"

"ရှာပေါ့…ဒေဝီ့ပါခေါ်ပေါ့။ ဒေဝီ ကိုကိုတို့ကို မရှုပ်ပါဘူး ဆို…လိမ်လိမ်မာမာလေး…ငြိမ်ငြိမ်လေး လိုက်ပါ့မယ်"

"ကိုနေ…လုပ်ပါ…ကိုနေရယ်၊ ဒေဝီ ဘယ်မှမရောက်ဖူးလို့ ပါနော်။ ဒေဝီ့ကို ခေါ်ပါနော်…နော်"

"နားညည်းတယ်ကွာ…စည်သူ ခေါ်လိုက်တော့။ လမ်းမှာ လက်တိုလက်တောင်း ခိုင်းလို့ရတာပေါ့ကွာ"

"ဟေး…တကယ်နော်…တကယ်…ကိုနေ…ပြောပြီး စလစ်နော်"

စည်သူ့ညီမလေးဟာ သူ့ညီမလေးပါပဲ။ ချောမောလှပပြီး ချစ်စရာကောင်းသည့် ဒေဝီလေး။ လောလောဆယ် မော်ဒယ်အလုပ် ရော၊ ဗီဒီယိုရိုက်သည့်အလုပ်ပါ အားနေသည်မို့ သူကလေး လိုက်ချင်တာ ခေါ်လိုက်ရုံ။

ကိုယ်ထမ်းခေါ်ရတာမှ မဟုတ်ဘဲလေ။ ကားပေါ်တင်သွားရ တာပဲ။

ဒေဝီမှာ အသက် (၂၀) ကျော်စ။ ဘွဲ့ယူဖို့ နောက်ဆုံးနှစ် ဖြေပြီးစပေမယ့် အလိုလိုက်ခံရသူ၊ ဖူးဖူးမှုတ်ခံရသူမို့ ကလေးဆန် နေယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အရမ်းပျော်သွားပုံရတာကြောင့် စည်သူလည်း ဘာမှ မပြောသာတော့ပါ။ အင်း…သင်းနှင့်အတူ ဟိုတောသူမလေးပါ ပါမှာပေါ့။

မိန်းကလေး (၂)ယောက်က တစ်တွဲ။ သူတို့ (၃)ယောက်က တစ်တွဲပေါ့။

ပဲလှော်ကြား ဆားညပ်။ မခေါ်ချင်ပေမယ့် ဒေဝီဟာ ကိုယ့်ညီမမို့ သူ ကဲကဲဆတ်နေလို့မရ။

သူတို့လည်း မဟုတ်တာလုပ်မယ့်အစီအစဉ် မရှိတာကြောင့် ဘုရားဖူး၊ ပင်လယ်ကမ်းစပ်မှာ ရေချိုး၊ ဒေသန္တရဗဟုသုတတွေ ရှာရုံမို့ မခေါ်နိုင်စရာအကြောင်းတော့ မရှိပါလေ။

လွတ်လွတ်လပ်လပ်လေး မရှိတာတစ်ခုပဲ။

"ငါတို့က တစ်ပတ်လောက် ကြာရင်ကြာမှာ။ အိမ်ပြန်ချင်တယ်လေး…ဘာလေးနဲ့ ကဂျီဂျောင် မကျရဘူး"

ဒီဟာမလေးက မလွယ်တာမို့ စည်သူခြိမ့် နှုတ်ကတိတွေ အထပ်ထပ် ချုပ်နေရသည်။

"အင်းပါ ကိုကိုရဲ့…ဒေဝီ ဘာမှမပြောဘူး"

"နောက်…နင်လည်း ငါတို့ထဲ စရိတ်ဝင်ကူရမယ်"

"ကိုကို လွန်လာပြီနော်…ဒေဝီက ဘယ်ကရမှာလဲလို့"

စည်သူ သူ့ညီမကို ရစ်နေတာ များလာပြီမို့ နေခက်ထင့် မနေသာတော့ပါ။

"စည်သူရာ…ကလေးကို တွက်ကပ်မနေစမ်းပါနဲ့။ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပိုထည့်ပါ့မယ်ကွာ…မပူနဲ့။ အဲဒီ (၂)ယောက်အတွက် ငါ တာဝန်ယူပါ့မယ်"

"တစ်ယောက်တစ်ဝက်စီ လုပ်ပါကွာ…ဒီဟာလေးက မလွယ်ဘူးကွ။ ကဲ…မမ အထုပ်ပြင်ထား။ မနက်စောစော ထွက်မယ်၊ အဲ…အကိုတွေနဲ့သွားမှာမို့ နင် ရှီးလျှောက်သလို၊ ဗီဒီယို ရိုက်သလို အဝတ်မျိုးတွေ လုံးဝ မဝတ်ရ။ ဘောင်းဘီတို၊ အင်္ကျီအဟိုက်၊ စကတ်အကွဲတွေ လုံးဝ မဝတ်ရ…ပေါက်တယ်နော်"

ဒေဝီ နှုတ်ခမ်းလေးစူ၊ ခြေဆောင့်ပုံလေးက ချစ်စရာ။

ဆံပင်အိအိလေးတွေက ပခုံးကျော်ရုံရှိပြီး ရွှေညိုရောင် ပျော့ပျော့လေး။ ဖယောင်းသွင်းထားတာမို့ လှုပ်လှုပ်…လှုပ်လှုပ်နှင့် အသည်းယားစရာ။

နောက် မျက်နှာဖူးဖူးလှလှမှာ ကာလာအမြဲတင်ထားသဖြင့် မျက်နှာလေးက နုနု၊ ပန်းရောင်ထနေ၏။

ကိုယ်လုံးက မော်ဒယ်ပီပီ မြင့်မြင့်မားမားနှင့် ပါးပါး လျားလျား။ ရှိသင့်ရှိထိုက်တာတော့ အကုန်ရှိတာပါပဲ။

"ဒါဆို…ဒေဝီက ယောဂီဝတ်စုံနဲ့ လိုက်ရမှာလား။ ကိုကိုက ခေတ်လူငယ်ဖြစ်ပြီး အလှအပရေးရာမှာ အမြင်ကို မရှိဘူး"

"ဟ…အမြင်ရှိပေမယ့် ကိုယ့်နှမ ကိုယ့်ရှေ့မှာ ပေါ်ပေါ် ရော်ရော်ဝတ်တာတော့ မမြင်ချင်ပါဘူး။ တခြားကောင်မလေးတွေပဲ ဝတ်ပါစေ။ နင် မဝတ်ရဘူး။ ဘောင်းဘီရှည်တွေ၊ စကတ်အရှည်၊ လုံချည်၊ ရယ်ဒီမိတ်တွေ ဝတ်စရာ အများကြီးရှိပါ့။ မလိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြော…ထားခဲ့ရုံပဲ"

"လိုက်မယ်…လိုက်မယ်…ကိုကိုပြောတဲ့အတိုင်း လိုက်နာပါ့မယ်ဆိုမှ"

စိတ်ကောက်ပြီး ဒေဝီ နှုတ်ခမ်းစူထွက်သွားတော့ သူတို့ (၂)ယောက် ရယ်မောမိသည်။

"ပြဿနာခဲလေး…သူ့ကို အရင်ရစ်ထားမှ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၄

ဒေဝီ အလန်းလွန်နေပေမယ့် မြသည်းရုံကတော့ တည်တည် ငြိမ်ငြိမ်။

ဘာပျော်စရာလိုသလဲ။ ကိုယ့်ဘဝ၊ ကိုယ့်အနေအထားက သူတစ်ပါး ဝယ်ထားခံရသည့်သူ။ ရိုင်းရိုင်းပြောရလျှင် ရှေးခေတ်က လို ကျေးပိုင်ကျွန်ပိုင်ခေတ် ပြန်ရောက်နေရတာ။

မြန်မာပြည်မှာ လူမသိ၊ သူမသိ သည်လိုအဖြစ်မျိုးတွေ ရှိနေ ရတာပါပဲ။

ဒေဝီ့အိတ်ကို တွန်းဆွဲရင်း ကိုယ့်အတွက် အဝတ်ကတော့ ဒေဝီပေးသည့် ကျောပိုးအိတ်လေးထဲမှာထည့်ပြီး ကျောမှာပိုးလာခဲ့ သည်။

မမဒေဝီလို အများကြီးလည်း မသယ်ပါဘူး။ (၄) (၅)စုံပဲ သယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီသွယ်နှောင်းက မင်းသမီးပေါက်စပီပီ စမတ်ကျပ်။ ရှိုးကျပ်။

ဆောင်းဦးရာသီမို့ ဆောင်းဖက်ရှင်။

ဘောင်းဘီရှည်အနက်၊ အပေါ်မှ ရယ်ဒီမိတ်ရုပ်၊ ဂျာကင်လှလှနှင့်…ခေါင်းစွပ်တွေ ဘာတွေနှင့်။

မြသည်းရုံကတော့ သည်လောက်လည်း မချမ်းတတ်ပါ။ မမဒေဝီပေးထားသည့် အဝတ်ထဲမှ ဘောင်းဘီရှည်အစင်း အပြာနှင့် အပေါ်မှ ရှပ်အကွက်အနီ လက်ရှည်။

မြသည်းရုံနှင့် လိုက်ဖက်ပါသည်။ မည်သို့သော အဝတ်အထည်မျိုးဖြစ်ဖြစ် သူမနှင့်လိုက်ဖက်သည်။ မြသည်းရုံ၏အသားအရေနှင့် ကိုယ်ခန္ဓာကောက်ကြောင်းလှပမှုကြောင့်ထင့်။

ယခုလည်း ဒေဝီနှင့် ကွက်တိဖြစ်သော အဝတ်များက မြသည်းရုံနှင့်ကျ ခပ်ကျပ်ကျပ်။ သူမ၏အလှအပများကို လှလှပပလေး ထုပ်မိုးပြထားသည့်နှယ်။

တိုက်ရှေ့မှာ ခရီးသွားမည့် (၃)ယောက်နှင့်အတူ ဒယ်ဒီ၊ မာမီတို့က နှုတ်ဆက်ဖို့ ရောက်နေကြပါ၏။

နေခက်ထန်၊ အောင်စံဗလနှင့် စည်သူခြိမ့်။ သူတို့ပစ္စည်းများကို တင်ပြီးပြီ။ ဒေါ်သက်မာနှောင်းက အားလုံးစားဖို့အတွက် မုန့်များနှင့်ဟင်းဗူးများ ထည့်ပေးလိုက်သေး၏။

"ကဲ…မောင်နှမတွေ ရန်ဖြစ်တယ်…ဘာတယ် မလုပ်ကြနဲ့ချင်ဘူးနော်။ သား…ကိုနေ…သားက အထိန်းနော်။ အားလုံးကို ထိန်း။



www.burmeseclassic.com

www.burmeseclassic.com



မြသည်းရုံ…နှင့်မမလေးကို ဂရုစိုက်”

မြသည်းရုံ အခြားအိမ်အကူတွေလို ပျာပျာသလဲ မရှိ။ ခေါင်းညိတ်ပြရုံ။ ဒါကိုလည်း ဒေါ်သက်မာနှောင်း အားမရ။

“အမလေးဟဲ့…လူငယ်ဖြစ်ပြီး သွက်သွက်လက်လက်ကို မရှိဘူး။ ကျောက်ဆစ်ရုပ် ဝယ်လာမိတယ်။ ဒီကောင်မလေးကို အကြောမာတယ်”

“ကဲပါကွာ…ကလေးတွေ သွားခါနီး…လာခါနီး စိတ်မဆင်းရဲပါစေနဲ့။ ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြနော်။ လိုတာလှမ်းပြော။ ဖုန်း နေ့တိုင်းဆက်”

ကားရှေ့ခန်းမှာ အောင်စံဗလနှင့်စည်သူ။ နောက်ဘက်မှာတော့ နေခက်ထန်နှင့်ဒေဝီ၊ မြသည်းရုံ။

အသွင်အပြင်၊ အသွေးအမွေးက သူတို့နှင့် ရင်ဘောင်တန်းနိုင်၏။ တစ်သက်လုံး ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်ခဲ့သည့် သူဌေးသားသမီးတွေနှင့် အဆင်က မထူး။

သူမ၏ ရုပ်ရည်၊ အရုပ်အမောင်းနှင့် စတိုင်ကြောင့်လားသေ။

လူအချို့ဟာ ပင်ကိုယ်ဟန်ကိုက လှပတင့်တယ်နေတဲ့မျိုးလေ။ သဘာဝကပေးသော လက်ဆောင်ပေါ့။

ယခု မြသည်းရုံဟာလည်း တောသူမလေးတစ်ယောက်ဖြစ်ပေမယ့် အသက်လေး (၁၆)နှစ်လောက်သာ ရှိသေးပေမယ့် ဘာကိုမှ ဟန်လုပ်ဟန်မပြသည့် စိတ်အနေအထားကြောင့်ပင်လားမသိ။ သူမ



www.burmeseclassic.com

www.burmeseclassic.com



အသွင်က တည်တည်ငြိမ်ငြိမ်။ ရှိုးတိုးရှန့်တန်း မရှိ။

မထူးစိတ်မေးလိုက်လို့ပေလားပင်။ အသေခံတပ်သား တစ်ယောက်လို…သူမအသွင်က ရင့်ရင့်ကျက်ကျက်။

ဒေဝီက အလယ်မှာနေသည်။ နေခက်ထန်နှင့်မြသည်းရုံက ဘေးတစ်ဖက်တစ်ချက်စီမှာ။

ပြောကြေးဆို နေခက်ထန်ကိုလည်း ဒေဝီ ကြွေလိုက်တာပါပဲ။ အောင်စံဗလကိုသာ အရေးမလုပ်တာ။ အောင်စံဗလက ရုပ်ဆိုးကြီး လေ။

လူငယ်တွေချည်း (၅)ယောက်မို့ အပျော်တွေကတော့ မိုးလောက်ကြီးပါပဲ။ ခေါင်းထဲကလွတ်သည့် မြင်းတွေလို။

ရှေ့နှင့်နောက်လည်း စကားတပြောပြော။ လောလောဆယ် ပထမဦးဆုံး ကားမောင်းနေတာ အောင်စံဗလ။ အောင်စံဗလ ကတော့ ဒေဝီ့ကို သဘောကျနေမိသလိုလို။

သလိုလိုလို့ ပြောရတာက စည်သူ့မျက်နှာကို ထောက်ထားရ လို့ပါ။ ပြီး…အဆင်ကြည့်ရတာလည်း ဒေဝီက သူ့ကို မငြိ။ နေခက် ထန်ကိုပဲ ဦးစားပေးတာ အသိသာကြီး။

ဟိုချာတိတ်မကိုတော့ သူ ခေါင်းထဲမထည့်။ ပြောပုံအရဆို လျှင် ဒေဝီ့အတွက် အရုပ်တစ်ရုပ်ဝယ်သလို ဝယ်လာခဲ့သည့် ကောင်မလေး။

ကလေးသာသာလေးနှင့် ရင့်ကျက်နေလိုက်တာ။ နှုန်းဖူးလေး က ပန်းပွင့်ယောင်ဆောင်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော မိန်းကလေးတွေပါတာလည်း ကောင်းတာပဲ။ အပျင်းလည်းပြေသည်။ အားလည်းကိုးရမည်။

အောင်စံဗလ နောက်သို့ လှမ်းပြီးသတင်းပို့၏။

"ဟော့…ကိုနေ…တစ်ယောက်တစ်လဲ မောင်းမှာနော်။ ငါတို့ပဲခူး ရွှေမော်ဓောဘုရား ဖူးဦးမလား"

"အပြန်ကျမှ ဖူးမယ်ကွာ…ကျိုက်ထီးရိုးတန်းမောင်းမယ်။ နောက် မော်လမြိုင်ထဲမှာ လျှောက်လည်မယ်"

"အေးပါ…ဒီနေ့ည ကျိုက်ထီးရိုးရင်ပြင်မှာ အိပ်မယ်။ နောက်တစ်နေ့ မော်လမြိုင်…နောက်တစ်နေ့ သထုံ၊ ရွှေစာရံ၊ နောက်တစ်နေ့…သံဖြူဇရပ်၊ ကျိုက္ကမီ၊ စက်စဲ"

"ဖြည်းဖြည်းကွ…ငါတို့က အပျော်ခရီးထွက်နေတာ။ ဘုရားဖူးရုံတင် မဟုတ်ဘူး။ ဒေသန္တရဗဟုသုတလည်း ရှာမှာ"

"အေး…တစ်ယောက် တစ်နာရီပဲ မောင်းမှာနော်။ ဒါပဲ"

"နှစ်နာရီတော့ မောင်းပါကွာ…တစ်နာရီဆိုတော့ ဘယ်ကောင်းကောင်းနားရ"

"(၃)ယောက် မောင်းမှာပဲကွ…ကြားမှာ (၂)နာရီ နားရတာပဲ"

သူငယ်ချင်း (၃)ယောက် တွက်ကပ်နေကြလျှင် နေခက်ထန်တာ အပြတ်ဖြတ်၏။

"(၂)နာရီစီမောင်း…အတော်ပဲ။ နားရင်လည်း အပီအပြင်နားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ"

ကားထဲမှာ သီချင်းဖွင့်လာပြီး လူငယ်တွေ ခရီးထွက်လာတာ ပီပီ ပျော်ပျော်ရွှင်ရွှင်။

မြသည်းရုံကတော့ လမ်းခရီးဝဲယာကို ကြည့်ငေးလျက်။ မွေးကတည်းက ကိုယ့်ရွာမှာပဲ နေခဲ့ရတာလေ။ သူမ မြင်ဖူးတာ ဝေနံမြစ်ကြီးရယ်၊ လှေ၊ သင်္ဘော၊ မော်တော်ရယ်။

ကားတောင် ပေါပေါလောလော မြင်ဖူးခဲ့တာမဟုတ်။ ယခုကျမှ ကားအကောင်းစားကြီးစီးပြီး အပျော်ခရီးသွားနေရတာ။

လူ့ဘဝဆိုတာ ကြက်ခြင်းထဲက ကြက်တွေလိုပါပဲလား။

သူမလည်း ဘာမတွေး၊ ညာမတွေးနှင့်ဆိုလျှင်တော့ ဒီခရီးဟာ ပျော်စရာ။

သို့သော် သူမဘဝ၊ သူမအဖြစ်က ဘယ်မှာပျော်ရက်စရာ ရှိလို့လဲ။

လူချင်းမတူ၊ သူချင်းမမျှ။

ရှေးခေတ်က ကျေးကျွန်စနစ်လို ရောင်းစားခံခဲ့ရသည့်ဘဝ။

သေမိန့်ကျခံပြီးထားရသည့် ရာဇဝတ်သားလို သူမရင်ထဲ အပျော်မရှိ။

ရောင်းလိုက်သည့်မိထွေးကို မုန်းသည်။

ဝယ်လိုက်သည့် လူတွေကိုရော မုန်းရမှာလား။ သူမအပေါ် သူတို့၏ ဆက်ဆံပုံအနေအထားကိုကြည့်ပြီးမှ မုန်းသင့်၊ မမုန်းသင့် ဆုံးဖြတ်ရမည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်…လောကဓံကို မခံမရပ်နိုင်လို့ သူမတို့သားအဖကို စွန့်ပစ်ခဲ့သည်ဆိုသည့် မေမေ့ကိုရော…

မေမေ့ကိုတော့ မြသည်း မမုန်းနိုင်ပါ။ ဇာတ်ဝင်ခန်းအရ မေမေဟာ အရမ်းကို နစ်နာခဲ့၊ သနားစရာကောင်းခဲ့ပြီ။

မြို့သူလေးတန်မဲ့နှင့် အချစ်ကို ကိုးကွယ်ကာ အဖေ့နောက် လိုက်ခဲ့သည်။

လောကဓံနှင့် စီးချင်းထိုးရသည့်အခါ အချစ်က မကယ်နိုင် တော့။

အချစ်ဆိုတာလည်း အကြမ်းခံ၊ ရေစိမ်ခံ၊ တစ်ဘဝလုံး၊ တစ်သံသရာလုံးခံသည့် ဒြပ်စင်တစ်ခု ဟုတ်ပုံမရ။

မြသည်းရဲ့ဘဝတစ်လျှောက် တွေ့ခဲ့သူများကတော့ မုန်းစရာ လူတွေချည်း။ သူမ လူတွေကို မယုံကြည်တော့တာ၊ သံသယ ချက်လုံးနှင့် ကြည့်တတ်တာ မလွန်ပါ။

ကားပေါ်မှာ ပါလာသူအားလုံးကိုလည်း သူမ မယုံ။ သံသယ အပြည့်။ ဈေးကောင်းရရင် ငါ့ကို ထပ်ရောင်းစားချင်စားကြမှာ။

သည်တော့ မြသည်း ခြင်းထဲကကြက်လို ဘာမသိ၊ ညာမသိ နှင့် ပျော်လည်းမပျော်။

ခြင်းထဲကကြက်၊ မြှုံးထဲကငါး။

ကားဘေးကိုကပ်ပြီး အပြင်လောကကို ငေးကြည့်နေတုန်း အဝီသွယ်နှောင်းက…

“ငါ အကြောင်းတွေတက်လို့ဟယ်…မြသည်း…နည်းနည်း

www.burmeseclassic.com



လောက် နှိပ်ပေးပါဦး''

''ဟုတ်ကဲ့''

မြသည်းဟာ ဒေဝီရဲ့အိမ်ဖော် မဟုတ်လား။ နှိပ်ပေးရမှာပေါ့။ သူမဘာဝ ဖြစ်တည်မှုကိုက မဖွယ်မရာ။

ကားပေးမှာ ပါလာသူတွေဟာ သခင်တွေပေါ့။ သူမတစ်ယောက်တည်း ကျွန်။

နှလုံးသားတစ်ခုလုံး ခါးသည်းသွားရုံမက ခန္ဓာကိုယ်တစ်ခုလုံးပါ ခါးသွားရ၏။

သူမတို့ (၉)တန်းတုန်းက မြို့မှလာသည့် ဆရာမ၏သူငယ်ချင်း ဖတ်နေသည့်စာအုပ်ထူကြီးကို မြသည်း သွားပြီးသတိရလိုက်သည်။

'ဓာစ်မြစ်' ဆိုသည့်စာအုပ်ကြီး။

စာအုပ်မြင်တာနှင့် ကြက်သီးထစရာ။ သည်လောက်ထူသည့်စာအုပ်ကြီးကို ဖတ်မည့်သူလည်းရှိသေး။

''စာအုပ်ထဲမှာ ဘာတွေရေးထားတာလဲ''ဆိုတာတော့ သိချင်မိသည်။ ဆရာမ၏သူငယ်ချင်းက ခပ်ပါးပါးပဲ ရှင်းပြသည်။

''အာဖရိက တောနက်တွေထဲမှာ သူ့အုပ်စုနဲ့သူ နေကြတဲ့လူမည်းတွေကို ကျွန်ကုန်ကူးတဲ့လူတွေက လက်နက်အားကိုးနဲ့သွားဖမ်းကြ၊ ရောင်းစားကြတဲ့ အဖြစ်အပျက်တွေ။ အမေရိကန်လူမည်းတွေရဲ့ဓာစ်မြစ်ပေါ့။ သူ့ရွာနဲ့သူ လွတ်လွတ်လပ်လပ်နေကြတဲ့ လူမည်းတွေကို လူယဉ်ကျေး၊ လူဖြူတွေက လက်နက်အားကိုး၊



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုအားကိုးနဲ့ လူလူချင်း မတရားနှိပ်စက်၊ ကွန်ပြူကြတဲ့ သမိုင်းကြောင်းကို အစက စပြီးရေးထားတာ။ အရမ်းအံ့ဩဖို့၊ ထိတ်လန့်ဖို့ကောင်းသလို ဖတ်လည်းဖတ်သင့်တဲ့ စာတစ်အုပ်ပဲ။ ငါလည်း ဖတ်လို့မပြီးသေးဘူး”

မြသည်း ‘ဓာစ်မြစ်’ ထဲက လူမည်းတွေကို သနားမိ၊ စာနာမိခဲ့ပါသည်။

ယခုလည်း သည်လောက်တိုးတက်နေသည့်ခေတ်ကြီးထဲမှာ သူမကိုယ်တိုင်လည်း ဓာစ်မြစ်ထဲက လူမည်းတွေလို ကျွန်အဖြစ်ရောင်းစားခံနေရပါလား။

ရုန်းတော့ရုန်းထွက်ရမှာပါပဲ။

ယခုခေတ်က ငွေရှိသူသာ တရားနိုင်စမြဲဆိုပေမယ့် သူမကိုကူညီပံ့ပိုးမည့်သူရှိလျှင်တော့ ရောင်းစားခံရသည့်အဖြစ်မှ လွတ်မြောက်ပါလိမ့်မည်။

လှေဝမ်းထဲက ငါး (၃)ကောင် ပုံပြင်လိုပါပဲ။ အချိန်အခါအခြေအနေကိုစောင့်ပြီး အကောင်းဆုံး၊ အမှန်ကန်ဆုံး ထွက်ပေါက်ကို ရှာဖွေရမည်သာ။

လောလောဆယ်တော့ မြသည်းရဲ့ ဒေဝီသွယ်နှောင်းကိုသာ သေသေချာချာ နှိပ်ပေးနေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၅]

ကျိုက်ထီးရိုးရောက်တော့ နေ့လယ်…။

တည်းခိုခန်းမှာ နေရာယူ၊ နေ့လယ်စာ စားကြမည်။ ပြီးမှ ကျိုက်ထီးရိုးရင်ပြင်၊ စေတီသို့ တက်ကြမည်။

“တို့တွေ ရင်ပြင်တော်ပေါ်မှာ ညအိပ်ရင် ကောင်းမလား။ ပျော်စရာကောင်းမှာပဲ။ ဇရပ်တွေမှာ နေရာယူကြမယ်လေ။ တက်လိုက်ဆင်းလိုက်ဆို အချိန်ပုပ်တယ်။ ရင်ပြင်တော်ပေါ်မှာ ညအိပ်။ နောက်တစ်နေ့မနက်ကျ အရုဏ်ဆွမ်းကပ်။ ကျီးကန်းပါးစပ်တို့…ဘာတို့ နဲ့စပ်အောင် လျှောက်သွားကြမယ်လေ”

“ဆောင်းတွင်းကြီး ချမ်းတယ်ဟ။ မဖြစ်ပါဘူး…အအေးပတ်ပြီး သေကုန်လိမ့်မယ်”

“မသေပါဘူးဟ…ဒါဆိုလည်း မနက်စောစောမှ တက်ကြမယ်။ ဒါမှ တစ်နေကုန် လျှောက်သွားလို့ရမှာ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကျတော့လည်း အခု ဖျင်းနေရမှာပေါ့"

"မပျင်းရဘူး…ကျိုက်ထိုမှာ တိရစ္ဆာန်ဥယျာဉ်လိုမျိုးလေး ရှိတယ်။ နေပါဦး…စိမ်းလဲ့ကန်သာဆိုလား…ဘာဆိုလား"

"အမလေး…စိမ်းလဲ့ကန်သာလို့ ဆိုလိုက်တာနဲ့ (၅)လောင်း ပြိုင် လူသတ်မှုပဲ သွားပြီးမြင်ယောင်တယ်။ စိမ်းလဲ့တင်ပါဟ"

တစ်ယောက်တစ်ပေါက်အသံများနှင့် လူငယ်အဖွဲ့ပီပီ အပျော် တွေက လတ်ဆတ်၏။ မြသည်းကတော့ သင်းကွဲလေးပေါ့။

ခေါ်ရင်လာ၊ ခိုင်းရင်လုပ်၊ ခံမပြောနဲ့ဆိုသည့်အတိုင်း သူတို့ နှင့် အလွှာခြား၊ ဘဝခြားနေသူ။

ကားပေါ်မှ ဒေဝီ့အိတ်နှင့် ကိုယ့်ကျောပိုးအိတ်ကလေးကိုယူပြီး မြသည်း သူတို့သွားရာနောက်မှ လိုက်ရသည်။ ကုပ်ကုပ်ကလေး မဟုတ်ပေမယ့် (၅)ယောက်အဖွဲ့ထဲမှ ကွဲထွက်နေပုံက အသိသာ ကြီး။

"မိသားစုခန်း (၂)ခန်းယူလိုက်မယ်။ ငါတို့ (၃)ယောက်က (၁)ခန်း၊ ဒေဝီတို့ (၂)ယောက်က တစ်ခန်း…ဖြစ်လား"

"အင်း…ဖြစ်ပါတယ်…နေမယ်လေ"

အခန်း (၂)ခန်းက ယှဉ်လျက်။ တစ်ဖက်ခန်းမှာ ယောကျ်ား (၃)ယောက်။ တစ်ဖက်ခန်းမှာ စုံတွဲတစ်တွဲ။ နာခေါင်းရှုံ့ချင်စရာ။

"ငါတို့က ဟိုကောင်တွေဘေးက အခန်းယူမယ်။ ဒေဝီတို့က စုံတွဲအနားက အခန်းကိုယူ"

"ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မပူနဲ့…အရေးအကြောင်းဆို ငါတို့ ဖုန်းခေါ်လိုက်လေ"

သက်ဆိုင်ရာအခန်းများသို့ ဝင်သွားကြပြီး နားကြသည်။ ခုတင်က တစ်လုံးတည်း။

"မြသည်း…ငါ (၂)ယောက်အတူ မအိပ်တတ်ဘူး။ နင် ကြမ်းပြင်ပေါ်မှာအိပ်"

"ဟုတ်ကဲ့"

ဟုတ်တာပေါ့။ သူက သခင်ပဲ။ ကိုယ်က ကျွန်။ အိမ်အကူ ထက်တောင် အဆင့်နိမ့်သည့် ငွေဝယ်ကျွန်။

ဒေဝီက ခုတင်ကြီးပေါ် ပစ်လှဲချရင်း မြသည်းကို ခိုင်းလိုက် သေး၏။

"ငါက အရမ်းညောင်းတတ်တာ။ လာ…နှိပ်ပေးဦး"

ကားအတူစီးလာကြပြီး ကားပေါ်မှာလည်း နှိပ်ခိုင်း၊ အမြဲ ဇိမ်ယူချင်နေသည့် ဒေဝီအား မြသည်းရဲ့ နှိပ်ပေးနေရပါသည်။

ခြေသလုံး၊ ပေါင်။

နာရီဝက်ခန့် နှိပ်ပေးနေရလည်း ဒေဝီ အတော်မခိုင်းသေးပါ။ မြသည်းရဲ့ လက်အံ့တွေသေပြီး ညောင်းလာ၏။ နောက် ဒေဝီ အိပ်သွားပြီမို့ ရပ်လိုက်ပြီး မြသည်းရဲ့ ကိုယ်ဘယ်နေရာမှာ အိပ်ရ မလဲ နေရာရှာလိုက်၏။

အခန်းက ခပ်ကျဉ်းကျဉ်း။ ခုတင်က နေရာယူထားသည်မို့ ပိုသည့်ကြမ်းပြင်က ခပ်ကျဉ်းကျဉ်း။ တမံသတင်းမို့ လူအိပ်စရာ လည်း မမြင်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးဆိုရင်တော့ ကြမ်းပြင်မှာ ခွေပြီးအိပ်မှာပေါ့။ မြသည်း ရင်ထဲ ကျဉ်ခနဲ။

ဒါ အဆင့်အတန်းခွဲလိုက်တာ။ သခင်နှင့်ကျွန် အတူမနေနိုင်ဘူးပေါ့လေ။

ဆင်းရဲပေမယ့် လူချင်းတူတူ၊ သူချင်းမျှမျှ နေခဲ့ရသည့် မြသည်းရုံ။ ဇာတ်မြစ်ထဲက လူမည်းခေါင်းဆောင်လို လူဖြူတွေရဲ့ ဖိနှိပ်ချုပ်ချယ်၊ နှိပ်စက်မှုကို ခံနေရသည့်နှယ်။

သို့သော် မြသည်းရုံ ဖောက်ထွက်တတ်ပါသည်။ အခန်းတံခါးကိုဖွင့်ပြီး တည်းခိုခန်းမန်နေဂျာဆီ သွားလိုက်၏။

"ကျွန်မ အိပ်ဖို့အတွက် ထိုင်ခုံရှည်လေးဖြစ်ဖြစ်။ ပက်လက်ကုလားထိုင်ဖြစ်ဖြစ်၊ ဒရင်းဘတ်ရရ တစ်ခုခုလောက် ငှားပါရှင့်… ကျွန်မ အခန်း A-5 ကပါ"

"ဟင်…မိသားစုခန်းလေ"

"ဟုတ်ပါတယ်၊ ကျွန်မက အိမ်အကူထက် နိမ့်တဲ့သူပါ။ သခင်နဲ့ အတူမအိပ်ရပါဘူး။ တမံသလင်းပေါ်မှာ ဘယ်လိုမှ အိပ်ဖို့ အဆင်မပြေလို့ စီစဉ်ပေးပါရှင်"

"သြော်…ဟုတ်…ဟုတ်ကဲ့ပါခင်ဗျာ…ပို့လိုက်ပါ့မယ်"

မန်နေဂျာနှင့် အနားမှ လူ (၃)ယောက်လောက် အံ့အားတသင့် ကျန်ခဲ့ရတာ။ မြသည်းရုံအဆင်က ထင်ရက်စရာမရှိ။ ရုပ်ရည်၊ အသွေးအမွေးနှင့် အဝတ်အစားကအစ အိမ်အကူရုပ် မထွက်။

မြသည်းရုံ ကိုယ့်အခန်းသို့ပြန်လာပြီး တံခါးပိတ်ချိုက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံ ထွက်လာ၏။ သူမ ဖွင့်ကြည့်လိုက်တော့ တည်းခိုခန်းမှ လူ (၂)ယောက် ဒရင်းဘတ်တစ်ခုလာပို့တာ။

အပေါက်ဝတွင်ပင် သူမ လွှဲယူလိုက်တုန်း တစ်ဖက်ခန်းမှ နေခက်ထန်နှင့်စည်သူ ထွက်လာတာနှင့် တိုးလေ၏။

"ဘာတွေလဲ...ဘာတွေလုပ်နေတာလဲ"

"ဒရင်းဘတ်ငှားတာ"

"ကြည့်စမ်း...ရှုပ်ရှုပ်ရှက်ရှက်၊ တည်းခိုခန်းဆိုတာ တံခါးတောင် ရမ်းဖွင့်ရတာမဟုတ်ဘူး။ ကိုယ့်အိမ်လို မဟုတ်ဘူး။ တယ်... ဒီတောသူမ သေတော့မယ်"

စည်သူက နှမရှင်မို့ ဒေဝီအတွက် စိုးရိမ်ပြီး မြသည်းကို ရိုက်လိုက်၏။ ဒေါသလည်း ထွက်သွားသည်လေ။

"တည်းခိုခန်းဆိုတာ တံခါးအမြဲပိတ်ထားရတယ်။ ငါတို့အသံကြားမှ ဖွင့်ပေးရတာ။ ကြည့်စမ်း...ဒေဝီ အိပ်နေတုန်း တံခါးဖွင့်ပြီး ထွက်သွားတယ်။ နင်တော့ သေတော့မယ်"

ဒေါသတကြီးနှင့် ဆင့်ဆင့်ရိုက်နေတော့ နေခက်ထန် ဆွဲထားရသည်။

"သူ မသိလို့ပါကွာ...ကဲ...ကဲ...အဖြစ်သနစ်လည်း ပြောပါဦး"

စည်သူခြိမ့် ဒေါသတကြီးနှင့် ဒရင်းဘတ်ကို ပြန်ပေးနေတော့ အရိုက်ခံနေရသည့်ကြားမှ မြသည်း ဆွဲယူထားလိုက်၏။

"ကျွန်မ တမံသလင်းပေါ်မှာ မအိပ်နိုင်ဘူး။ ဈေးဈေးပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ငှားပါ”

“ဘာဖြစ်လို့ တမံသလင်းပေါ် အိပ်ရမှာလဲ။ ခုတင်အကျယ်ကြီး”

“မမဒေဝီက သူတစ်ယောက်တည်း အိပ်မယ်။ ကျွန်မကို ကြမ်းပြင်မှာအိပ်ဆိုလို့ပါ”

အပြင်မှ ဆူဆူညံညံအသံများကြောင့် ဒေဝီ နိုးလာပြီး အပြင်ထွက်ကြည့်တော့ အပြင်မှာ ရုန်းရင်းဆန်ခတ်။

“ဘာဖြစ်နေကြတာလဲ”

တည်းခိုခန်းမန်နေဂျာနှင့် စာရေးမှာ ဒေဝီ့ကိုကြည့်ပြီး ချက်လုံးများ အရောင်တောက်သွား၏။ မင်းသမီးပေါက်စမုန်း မှတ်မိသွားလို့ပါပင်။

“နင့်ကောင်မလေးက အခန်းတံခါးဖွင့်ပြီး ဒီကလူတွေဆီမှာ ဒရင်းဘတ် သွားငှားတယ်လေ။ နင်က အိပ်ပျော်နေတာ။ သူ တံခါးဖွင့်ထားခဲ့တုန်း တစ်ယောက်ယောက်က တစ်ခုခု ကြံစည်သွားရင် ဘယ်လိုလုပ်မလဲ”

“ဟယ်…ဟုတ်လား…မြသည်းရဲ့”

မြသည်း ခေါင်းညိတ်ပြလိုက်သည်။ ကိုယ်မသိနားမလည်လို့ပါ။ ဟုတ်တာပေါ့။ သူဌေး၊ လူကုံထန် မိန်းမချောလေးအတွက် သူမ,လုပ်ပုံက လွန်နေမှန်း၊ မလုပ်ရမှန်း မြသည်း ယခုမှ သိပါသည်။

သူတို့က ကြိုပြီးရှင်းပြမထားဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



“ဒီကလေး (၂)ယောက်တည်း တစ်ခန်းထားလို့ ဖြစ်ပါ့မလား ကွာ။ အခန်းပြောင်းလိုက်၊ ခုတင် (၂)လုံးရှိတဲ့အခန်း ရွှေ့လိုက်။ စည်သူ…ဒေဝီ့အခန်းထဲသွား။ မောင်နှမ (၂)ယောက် တစ်ခုတင် စီယူ…မြသည်းက ဒရင်းဘတ်နဲ့အိပ်”

နေခက်ထန် စီစဉ်နေတော့ စည်သူ့ခြိမ့် ဒေါသတွေ ပိုပိုထွက်နေ၏။

“ဒါကြောင့် သူတို့ကို မခေါ်ချင်တာ။ ရှုပ်ကိုရှုပ်တယ်။ သူတို့အခန်းထဲ ဝင်မအိပ်ချင်ပါဘူး”

“စည်သူရယ်…မင်းက အကိုလေ။ ကိုယ့်ညီမအခန်းထဲ မင်းမှ ဝင်မစောင့်ရှောက်ရင် ဘယ်သူ စောင့်ရှောက်မလဲ”

“အကြောင်းရှိရင် ဖုန်းခေါ်လိုက်ပေါ့၊ ရတာပဲ”

နောက်ဆုံး စည်သူရော ဒေဝီပါ မြသည်းကိုပဲ မျက်စောင်းတခဲခဲ။ အခန်းတော့ မပြောင်းဖြစ်ပါ။ မန်နေဂျာကလည်း အထပ်ထပ် အာမခံသည်။

“ကျွန်တော်တို့တည်းခိုခန်းမှာ မဖွယ်မရာ ဘာမှမဖြစ်ပါဘူး။ စိတ်ချပါခင်ဗျာ”

အားလုံးပင် ကိုယ့်အခန်းကိုကိုယ် ပြန်ဝင်ကြပြီး နေ့လယ်စာစားဖို့ ပြင်ကြဆင်ကြသည်။

ဒေဝီ ရေချိုးတာကို ကူညီရပါ၏။ မြသည်းကတော့ ချိုးမနေတော့။ ဒေဝီလိုတာလုပ်ပေးရင်း နေခက်ထန်တို့လာခေါ်တော့ မြသည်း တောင်းဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ခေါင်းမူးလို့ အခန်းထဲမှာ ကျန်ခဲ့ပါ့မယ်။ မမဒေဝီတို့ပဲ သွားကြပါ"

"နင်က ဘာမှမစားတော့ဘူးလား"

"စေတနာရှိရင်လည်း အဆာပြေမုန့်လေးတစ်ခုလောက် ဝယ်လာပေးပါ"

သူမကို ဘယ်သူမှလည်း တယုတယ ခေါ်မနေကြပါ။ သို့သော်…

"ငါ့အခန်းထဲမှာ အဖိုးတန်ပစ္စည်းတွေ ရှိတယ်။ နင်က ဆတ်စလူး…တည်းခိုခန်း ခုပဲရောက်၊ ခုပဲ အဆက်အသွယ်တွေ ဖြစ်ကုန်ပြီ…ဆိုတော့ တံခါးပိတ်ပစ်ခဲ့မယ်"

"လုပ်ပါ…သဲဘောပါ"

မြသည်းရုံကို အခန်းတံခါးပိတ်ပြီး သူတို့ (၄)ယောက် ထွက်ခွာသွားကြတော့ မြသည်း ငှားထားသည့် ဒရင်းဘတ်ပေါ်မှာ ဖြည်းညင်းစွာ လဲလျောင်းလိုက်ရင်း…

(၁၀) တန်းတုန်းက မြန်မာစာဆရာ ဦးအောင်မင်း ရွတ်ပြခဲ့သည့် ဘဘဦးဝင်းတင်၏ 'ကျားရဲ' ကဗျာ အပိုင်းအစလေးကို သတိတရ ရွတ်ဆိုမိပါသည်။

မျက်ရည်ပါးပါးစီးကျရင်း ကိုယ့်ဘဝကိုယ် အားမာန်ထည့်နေမိသည့် မိန်းမငယ်လေးပါ။

တိရစ္ဆာန်ရုံကကျားလို

လှောင်အိမ်ထဲမှာ တလွန့်လွန့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျားညွန့်တုံးမယ် ထင်နေသလား။
မှားလိုက်တဲ့အမြင် ဟားတိုက်လို့ ရယ်ချင်စရာ။
မှတ်ထားပေ့
အဝါပေါ်မှာ အနက်စင်း
မပျက်မယွင်း ကွက်ကွက်ကွင်း
အရှင်းသား မလွဲသရွေ့
အထင်းသား စွဲသရွေ့
ကျားရဲ့ဟာ ကျားရဲ့
ငါလည်း အဲဒီလိုပဲကွပေ့။

ဇာတ်မြစ်ထဲက လူမည်းလိုပါပဲ။

သူမဟာ ရွာမှာ၊ ကျောင်းမှာ စာအတော်ဆုံးကျောင်းသူ။ အိုင်ကျူမြင့်သော ကျောင်းသူ။

အခြေအနေအရ ရောင်းစားခံနေရပေမယ့် တစ်နေ့တော့ ထွက်ပေါက်ရှိလာဦးမှာပေါ့။ ဘဘဦးဝင်းတင်ရဲ့ကဗျာထဲကလို…

သူမ တစ်နေ့တော့ လူ့လောကထဲမှာ လူရာဝင်၊ သူချင်းမျှမျှ ဖြစ်အောင် ကြိုးစားအားထုတ်ပြရဦးမှာပေါ့။

လောလောဆယ်တော့ ပိတ်လှောင်ထားသော အခန်းထဲမှာ ကျားရဲ့လိုပဲ ခွေနေရပါ၏။ လိုက်သွားလည်း ခွေးတစ်ကောင်လို ဆက်ဆံနေကြလေဦး မလားပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၆

စားသောက်ဆိုင်ထဲမှာ (၄)ယောက်သား ပျော်ရွှင်စွာ စားသောက်နေကြစဉ် နေခက်ထန် ရင်ထဲခိုးလို့ခုလု။ ရင်နာနေသလား၊ ဘာလားပင်မသိ။

သူ့မျက်လုံးထဲမှာ မြသည်းရုံကို စည်သူ နားရင်းရိုက်နေတာပဲ မြင်ယောင်နေမိသည်။ ရှေးခေတ်က ကျေးပိုင်၊ ကျွန်ပိုင်ခေတ်ကလို ပါပဲလား။ လူသားချင်း မစာမနာ။

နားမလည်လို့လုပ်မိသည့် အပြစ်တစ်ခုကို အေးဆေးရှင်းပြပါ တဲ့လား။ ယခုတော့ ကိုယ်ထိလက်ရောက် ရိုက်နှက်နေ၏။

နေခက်ထန်ဟာ အပြင်ပန်းကြမ်းသယောင် ထင်ရပေမယ့် သူ့နှလုံးသားက နူးညံ့ပါသည်။ မတရားမှုကိုလည်း မနှစ်သက်ပါ။ ထို့ကြောင့် စားသောက်နေရင်းမှပင်…



www.burmeseclassic.com

www.burmeseclassic.com



"မြသည်းရုံတော့ နားတွေအူသွားမှာပဲ။ မနေ့တစ်နေ့ကမှ ရောက်လာလို့ ဘာမှမသိ၊ နားမလည်သေးတဲ့သူကို သေသေချာချာ ရှင်းပြမှပေါ့ကွာ"

"အမလေး…အေးဆေးရှင်းပြနေလို့ရမယ့်ရုပ် မဟုတ်ဘူး။ ရုပ်ကိုက မာထန်ထန်နဲ့။ ထောင့်မကျိုးတဲ့ရုပ်"

"သူ့မိတ္ထွေးရောင်းလို့သာ ပါလာတာ။ သူကလည်း တို့လိုပဲ မြန်မာပြည်သူတစ်ယောက် လွတ်လပ်တဲ့မိန်းကလေးတစ်ယောက် ပါ"

"အိုး…သူ့ကို မာမီက ဒေဝီ့ဖို့ ဝယ်ပေးထားတာပဲ။ ဒေဝီတို့နဲ့ မနိုင်းပါနဲ့။ သူက ဒေဝီ့ကျွန်"

"ဒီခေတ်ကြီးထဲမှာ ကျွန်တွေ၊ သခင်တွေ မရှိတော့ဘူးနော်။ ကျွန်စနစ် ပပျောက်သွားပြီ။ လူကုန်ကူးမှုဥပဒေကိုရော ကြားဖူး သလား"

"ဘာလဲ…ကိုနေက မြသည်းဘက်က ရှေ့နေလိုက်ပြီး ဒေဝီ တို့အပေါ် သစ္စာဖောက်တော့မလို့လား။ လေရှူးသုန်သုန်ထဲကလို စကားလက်တို့ရဲ့မြေကျွန်တွေကို သမ္မတလင်းကွန်းလက်ထက် လွတ်လပ်ရေးပေးလိုက်တော့ တစ်သက်လုံးက သူများခိုင်းတာ ခံလာခဲ့တဲ့လူတွေပီပီ မလုပ်တတ်၊ မကိုင်တတ်၊ မနေတတ်၊ မစား တတ်တွေ ဖြစ်ကြတယ်"

"ခုလည်း သူ့ကို လွတ်လပ်ခွင့်ပေးကြည့်ပါလား။ မိတ္ထွေးက လည်း မချေမရာ၊ သူကလည်း ထောင့်မကျိုးနဲ့…ဒုက္ခတောင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားဦးမယ်။ သူသာ လိမ္မာရင် နာခံတတ်ရင် ဒေဝီတို့က ဒူးဖူးမှတ်တောင်ထားဦးမယ်"

"ဩ…နင်တို့ကပဲ ကျေးဇူးရှင်ကြီးတွေပေါ့"

"ကဲ…တော်ကြပါတော့ကွာ၊ အပျော်ခရီးထွက်လာကြတာ ပျော်စရာမကောင်းဘဲ စိတ်ညစ်စရာတွေ ဖြစ်နေပြီ…တော်ကြတော့"

အောင်စံဗလ ဝင်ပြောလေမှ နေခက်ထန် ငြိမ်သွားပြီး စည်သူကို မေးဆတ်လိုက်ပြန်၏။

"စည်သူ…မင်းလုပ်တာလည်း နည်းနည်းများတယ်"

"အေးပါကွာ…ရုတ်တရက်ဆိုတော့ ငါ ဒေါသဖြစ်သွားမိလို့ပါ။ ငါ ပြန်ချော့လိုက်ပါ့မယ်"

"မချော့နဲ့ ကိုကို…ဇိတက်သွားလိမ့်မယ်။ နေပစေ…ထားလိုက်"

အားလုံး စားပြီးသွားတော့ နေခက်ထန် မြသည်းလေးအတွက် ကြာဆံကြော်တစ်ထုပ် ဝယ်သွားလိုက်ပါသည်။ မုန့်လေးတွေ ဝယ်သွားဖြစ်သည်။ သည်အခါ…

"ကိုနေတော့ ကလေးကို အစားနဲ့ စတင်ပြီး ဖြားယောင်းနေပြီနော်။ ဒါပဲနော်…ဒေဝီကတော့ သူ့ကို တစ်သက်လုံး ခိုင်းစားမှာ။ ဒေဝီ သဘောတူတဲ့သူနဲ့ပဲ ပေးစားမှာ"

"ဘာလဲ…ဒေဝီက သူ့ကို အိမ်က ဒရိုင်ဘာ၊ မာလီနဲ့ ပေးစားပြီး မွေးလာတဲ့ကလေးတွေကို သံပေါက်ကလေးတွေဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခိုင်းမလို့လား"

"အိုး…ခိုင်းသင့်ခိုင်းရမှာပေါ့"

"ခုမှ ကျွန်ပိုင်ရှင်မကြီးနဲ့ တွေ့နေရတယ်။ ခေတ်မရှိတော့ဘူး၊ ခေတ်ကုန်နေတာလည်း သတိရဦး။ တော်ကြာမှ လူကုန်ကူးတယ်ဆိုပြီး လက်ထိပ်နဲ့ ညားနေဦးမယ်"

"ကြည့်စမ်း…ကြည့်စမ်း…ကိုနေက ဒေဝီကို နောက်ကျော်မားနဲ့ ထိုးချင်နေတာပဲ။ မိတ်ဆွေဟန်ဆောင်သော ရန်သူသည် ကြောက်စရာအကောင်းဆုံး ဖြစ်၏တဲ့…ဟင်း"

"အေး…နင်တို့လည်း မြသည်းရုံကို ကျေးကျွန်လို သဘောမထားနဲ့။ လူသားချင်းစာနာမှပေါ့။ အမြင်မတော်ရင်တော့ ငါနည်းပေးလမ်းပြ လုပ်သင့်လုပ်ရလိမ့်မယ်"

"ကဲ…တော်ကြပါတော့ကွာ…အပျော်ခရီးပီပီ ပျော်စရာကောင်းပါစေ။ စည်သူနဲ့ဒေဝီကလည်း သူ နားမလည်တာရှိရင် ပါးစပ်နဲ့ပြောလေ။ လက်မပါကြနဲ့။ သွားကြစို့…တိရစ္ဆာန်ဥယျာဉ် ဆက်သွားရဦးမယ်"

အားလုံးပင် ပြန်ရောက်လာကြပြီး ဒေဝီ အခန်းတံခါးသော့ ဖွင့်လိုက်တော့ မြသည်းကို ဒရင်းဘတ်ပေါ်မှာ မျက်ရည်မခြောက်သေးဘဲ အိပ်ပျော်နေတာ မြင်လိုက်ကြရသည်။

အခြားသူတွေ ဘယ်လိုခံစားသွားရသည်မသိသော်လည်း နေခက်ထန်ရင်ထဲ နင့်ရသည်။ ချာတိတ်ရယ်…

"ဟဲ့…မြသည်းရုံ…ထ…ထစမ်း…အချိန်မဟုတ် အိပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသလား။ ဒါကြောင့် နင်တို့တွေ ဆင်းရဲမွဲတေပြီး ကျွန်ဘဝရောက်ရတာ။ ဒီမှာ…ကြာဆံကြော်စား၊ ရေရောချိုးပြီးပလား…ပြီးရင်ကျိုက်ထိုထဲလျှောက်ကြည့်မယ်။ တိရစ္ဆာန်ဥယျာဉ်လည်းရှိသတဲ့"

သူတို့ (၃)ယောက် အခန်းထဲသို့ လှမ်းကြည့်ပြီးမှ ကိုယ့်အခန်းထဲကိုယ် ဝင်လိုက်ကြသည်။

"ကျွန်မ ရေချိုးပြီးပါပြီ"

"ရော့…ကြာဆံကြော်…စား"

"ကျွေးတာစား…ခိုင်းတာလုပ်…ခံမပြောနဲ့"

မြသည်းရဲ့ ဘာမျှပြန်မပြောပါ။ ကြာဆံကြော်ကို တစ်ဝက်သာ စားလိုက်သည်။

"ကုန်အောင်စားလေ"

"တော်ပြီ"

"ဒါဆို အမှိုက်တောင်းထဲ သွားထည့်လိုက်"

"ကျွန်မ တည်းခိုခန်းထဲက ခွေးလေးကို ကျွေးမလို့"

"အမလေးဟဲ့…အဲဒီမှာ ကရုဏာရှင်မကြီးလုပ်ပြီး ညှိုမြှုပ်ဦးပေါ့။ သွား…အပိုတွေ သိပ်လုပ်"

ဒေဝီ ဘာပဲပြောပြော မြသည်းရဲ့ တည်းခိုခန်းရှေ့ရှိ ခွေးလေးကို သွားပြီးကြာဆံကြော် ကျွေးလိုက်ပါ၏။ သူမ ဒရင်းဘတ်ငှားသည့် မန်နေဂျာက သူမကို လှမ်းစသည်။

"ဟာ…ချာတိတ်ရယ်…ဦးကို ကျွေးရောပေါ့ ကွာ။ အသယ့်နယ်…ခွေးသွားကျွေးရတယ်လို့၊ ခွေးက သူ့ကို ဒရင်းဘတ်



www.burmeseclassic.com

www.burmeseclassic.com



ငှားတာကျလို့"

မြသည်း ပြုံးယောင်ယောင်လေးနှင့် ကိုယ့်အခန်းထဲသို့ ပြန်လာခဲ့ပါသည်။

မြသည်း ဘယ်အဆင့်ဆိုတာ သိကြသားပဲ။ သူတို့ရှေ့မှာတင် နားရင်း အအုပ်ခံနေရတာလေ။

အခန်းထဲပြန်ရောက်တော့ ဒေဝီ အဝတ်အစားလဲနေတာကို ကူညီပေးရသည်။

မြသည်းကတော့ ဂျင်းဘောင်းဘီနှင့် စပို့ရှပ်လက်ရှည်၊ ဆောင်းဝင်စမို့ ချမ်းလာပြီ။ မြသည်းမှာ အနွေးထည်တော့ မပါ။

"သွားမယ်ဟော့…ဒေဝီ"

"လာပြီ"

အပြင်မှခေါ်သံကြောင့် ဒေဝီ အသံပြန်ပေးလိုက်ပြီး လေဒီရှူး လှလှကို စီးလိုက်သည်။ ဂါဝန်ပန်းနုလှလှလေးနှင့် ရှူးကလည်း ပန်းနုရောင်လေး။

ဒေဝီဟာ ခရီးသွားနေတာတောင် ဖိနပ်က ၄-၅ ရံ ပါလာ၏။

မြသည်းကတော့ ရွာမှစီးလာသည့် မြန်မာ့ကိုးဖိနပ်အဖြူလေး သာ။ ဒေဝီက ဖိနပ်တော့ မပေးသေးပါ။

သူတို့ (၄) ယောက်က ရှေ့မှ သွားနေကြပြီး မြသည်းက နောက်မှ။ ဒေဝီ အိတ်တို့ဘာတို့ ကိုင်ရသည်။

နောက် ကားဆီရောက်တော့ နေခက်ထန် ကားမောင်း အလှည့်။



www.burmeseclassic.com

www.burmeseclassic.com



"မြသည်းရုံ…ကိုကို့အနား…လာစီး"

ကားက နေခက်ထန်၏ကား။ အခက်ထန်ဆုံးကလည်း သူပါပဲ။ မကောင်း (၆)လ၊ ကောင်း (၆)လဆိုသလို သူ့စိတ်က ခလွယ်။

အများနှင့်အတူ မိုးခါးရေသောက်ချင်သူ မဟုတ်။ ရောယိမ်းညွှတ်အထဲ သူ…မပါ။

သို့သော် မြသည်းရုံကတော့ အားလုံးကို ရွံ့သည်။ ကြောက်သည်။ မုန်းလို့ရလျှင် မုန်းလိုက်ပါဦးမည်။

သူတစ်ပါးကို ဖျက်လိုဖျက်စီး မလုပ်ပေမယ့် ရင်ထဲမှာတော့ မုန်းခွင့်ရှိသည်မဟုတ်လား။

နေခက်ထန်ခေါ်တော့ ဒေဝီ မျက်နှာပျက်သွား၏။ ပြောရခြင်းဆိုလျှင် ဒေဝီ သည်ခရီးကို လိုက်လာတာကိုက နေခက်ထန်နှင့် လက်ပွန်းတတီးနေချင်လို့။ ရင်းနှီးချင်လို့ပါ။

ရုပ်ချောချော၊ စတိုင်လန်းလန်း၊ ကိုယ်ဟန်ဖြောင့်ဖြောင့်နှင့် နေခက်ထန်ကို ဒေဝီ ကြိတ်ကြွေနေရပါသည်။

ကိုယ်က မင်းသမီးပေါက်စမို့ ကိုယ့်အသိုင်းအဝိုင်း၏ ရုပ်ထွေးအမှ ကာဗာယူရအောင်လည်း ဒေဝီ နေခက်ထန်ကို ချိတ်ထားချင်ပါသည်။ သို့သော် နေခက်ထန်ပုံစံက အာသဝေါကုန်ခန်းသည့် ရဟန္တာကြီးနှယ်။

ယခု ပိုဆိုးနေသည်။ ခါတိုင်းကမှ ရေလိုက်ငါးလိုက် ရှိသေးသည်။ မြသည်းရုံ ရောက်လာကတည်းက သူ့အမြင်ကတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လစ်လိုလို၊ ကွန်မြူနစ်လိုလို၊ ကျွန်စနစ် ချုပ်ငြိမ်သွား ပြီလေး ဘာလေးနှင့်။

မြသည်းဟာ (၁၆)နှစ်သမီးလေးပါ။ သို့သော် အဆင် အပေါက်က ကလေးနှင့်မတူတော့။ မျှစ်စို့ချောင်းကြီးလို အရွယ် ရောက်နေပြီ။

ဘာမှမပြင်မဆင်သည့်ကြားမှ ရုပ်ရည်ကလည်း ကြည့်ပျော် ရှုပျော်။ အင်း…သူမကသာ ကြည့်ပျော်ရှုပျော်လို့ ပြောရသည် သူတို့မျက်စိထဲ လှချင်ရင်လှနေမှာ။

ရှေးခေတ်ကလည်း နဝဒေးကြီးရဲ့ ရှင်နှောင်းဆိုတာ ငယ်ငယ် လေး။ ၁၃-၁၄ လောက်လား။ ၁၂ နှစ်ဆိုလား။

သူတို့ နှစ်သက်ပြီဆိုလျှင် အသက်ကို ထည့်တွက်ကြတာ မဟုတ်။ သို့အတွက် မြသည်းကို သူ မျက်နှာသာ မပေးရဲ။

နှာနှာဖိထားမှ အပိုးကျိုးပြီး သူ့ဘဏ္ဍာကို မကြည့်ရဲ၊ မထိ ဖြစ်မည်။

"ဒေဝီ လာမယ်…ကိုနေ၊ နောက်ဘက်မှာ ခေါင်းနောက်လာ လို့"

အချစ်နှင့်စစ်မှာ မတရားဘူးရယ်လို့ မရှိ။ ဒေဝီ ဖွတ်ထ နေခက်ထန်နားသို့ သွားလိုက်သည်။ မြသည်းက ခြသေ့် (၂)ကောင်ရဲ့အလယ်မှာ ဘုရားစာရွတ်ပြီး လိုက်လာရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ပန်းပင်လေးတွေ၊ တိရစ္ဆာန်လေးတွေနှင့် သာယာလှပသည့် စိမ်းလဲ့တင်ဥယျာဉ်။

မြသည်းရုံက နောက်မှ ဒေဝီ့အိတ်ကိုဆွဲပြီး လိုက်ရသည်။ ဒေဝီက ရှေ့မှကျော့ကျော့လေး။ ကလေးလေးလို ပျော်မြူးရွှင်နေ၏။

အိုဗာတွေလား၊ မာယာတွေလား၊ တကယ်ပျော်နေတာလား တော့မသိ။ ငှက်ကလေး၊ လိပ်ပြာလေးနှယ် အသံကလေးသာသာ တစာ။

"ကိုကိုရေ···ဒေဝီ့ကို ဓာတ်ပုံရိုက်ပေးပါဦး"

စိမ်းလဲ့တင်ဥယျာဉ်ထဲမှာ ပန်းပင်တွေနားရပ်လိုက်၊ အကောင်လေးတွေရှေ့ရပ်လိုက်နှင့်၊ ရောင်စုံလိပ်ပြာမလေးနှယ်။

လှကလည်းလှ၊ ပဲကလည်းများ၊ အာရုံ (၅)ပါးနှင့် အစွမ်းကုန် ဖြားယောင်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မအားဘူး၊ ကိုနေ့ ရိုက်ခိုင်း"

စည်သူခြိမ့် တကယ်လည်း စိတ်မရှည်။ ဥယျာဉ်ထဲမှ မိန်းကလေးအုပ်စုထဲမှာ အရောင်အဆင်းလှသည့် လိပ်ပြာမလေးတွေ ပါသည်လေ။ သည်လိုပဲ သွားရင်းလာရင်း ငြိလည်းမနည်း။

သူတို့လည်း ဘုရားဖူးလာကြတာနေမှာပေါ့။

နေခက်ထန်ကတော့ ဒေဝီနှင့်မြသည်းအနားမှာ နေပေးရသည့် အတူတူ ဒေဝီခိုင်းတိုင်း မညည်းမညူ လုပ်ပေးမိသည်။

"ကိုနေ…ဟိုဘက်သွားရအောင်၊ ဟိုဘက်က ဗျူးပိုကောင်း တယ်"

နေခက်ထန် ဒေဝီဆွဲခေါ်ရာ ပါသွားရတာပါပင်။ မြသည်း ကတော့ သူတို့နောက်မှ ရွေ့ရွေ့ရွေ့ရွေ့။ သူတို့က (၂)ယောက်တည်း နေချင်နေတာလားမသိ။ မြသည်းရဲ့ မလှမ်းမကမ်းမှ လိုက်ရသည်။

မြသည်းရဲ့၏အဆင်ကလည်း ဆွဲဆောင်မှုအပြည့်မို့ သူမအနား သို့ ယောကျ်ားလေး (၂)ယောက် တကောက်ကောက်လိုက်ပြီး မသိ မသာမှ သိသိသာသာ လိုက်ကပ်နေ၏။

နေခက်ထန်နှင့်ဒေဝီ ဓာတ်ပုံရိုက်နေကြရာသို့ လှမ်းကြည့်ရင်း သစ်ပင်ရိပ်တစ်ခုမှာ မြသည်း ထိုင်စောင့်နေလိုက်သည်။

စောစောကတည်းက သူမ သတိထားမိနေသည့် (၂)ယောက်။ လူငယ်စတိုင်တွေပေါ့။

"ဟိတ်…ယူက ဘယ်ကလဲ။ ရန်ကုန်ကလား…ဂည်းခိုခန်း မှာကတည်းက မြင်လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကားက အမြင့်စားပဲ။ အတူလာကြသူတွေက နင့်အကိုတွေလား…ဘော်ဘော်တွေလား"

မြသည်းရဲ့ မျက်မှောင်ကျုံ့ပြီး ပြန်ကြည့်ပစ်လိုက်၏။

"ငါက သူတို့အလုပ်သမား…သွားစမ်းပါ။ အာရုံတွေနှောက်လို့"

"နင် တမင်ပြောနေတာပါ။ နင့်အဆင့်က စကားပြောနေတယ်။ ကျွန်မ ညာနေတာပါတဲ့"

"နင်တို့ သွားနော်…ငါ့အဖွဲ့တွေကို ခေါ်လိုက်မယ်။ သွား… ငါ့ဘာသာ အေးအေးနေပါရစေ"

"ရော…ငါတို့က ဘာလုပ်နေလို့လဲ။ နင်တို့အုပ်စုထဲက ဟိုတစ်ယောက်က မင်းသမီးလား"

"ဟုတ်တယ်…မင်းသမီးလုပ်တယ်။ မော်ဒယ်လည်း လုပ်တယ်"

"ဝိုး… မိုက်တယ်။ ထင်တော့ထင်သား။ အဆင်က လန်းလွန်းလို့"

မြသည်း သူတို့ (၂)ယောက် လာရောနေတာ မခံနိုင်သဖြင့် ဒေဝီတို့အနားသို့ ကပ်သွားလိုက်သည်။ ဒေဝီက သိပ်မကြည်။

"ကိုယ့်ဘာသာ အေးဆေးလျှောက်ကြည့်နေပါလား။ ကလေးလေးလို တကပ်ကပ်နဲ့"

"နေပါစေ…သူတစ်ယောက်တည်း လျှောက်သွားလို့ ဘယ်ရမလဲ။ မြသည်းရော ဓာတ်ပုံရိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေရှင်···ဝါသနာမပါပါဘူး"

"နေပစေ···ကိုနေ···သူ့များ အရေးလုပ်မနေနဲ့"

ဒေဝီ လျှောက်သွားနေပုံက နေခက်ထန်၏လက်မောင်းကို မလွှတ်ပါ။ နေခက်ထန် စိတ်ညစ်လှပါပြီ။

"လာ···မြသည်း"

နေခက်ထန် မြသည်းနောက်ကို ယောကျ်ားလေးတွေ လိုက်နေကြတာ၊ အချဉ်ဖမ်းချင်နေကြတာကို သိနေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဆွဲဆောင်မှုအပြည့်ရှိသည့် ကောင်မလေး။

နေခက်ထန် မြသည်းလက်ကို မလွှတ်တော့။ တရားခံဆုပ်ဆုပ်တယ်လို့ပဲပြောပြော လက်ကောက်ဝတ်ကို အသေဆုပ်ထားလိုက်၏။ သည်တော့မှ မောင်မင်းကြီးသားတို့ ဝေးဝေးရောက်သွားကြ၏။

ဒေဝီ သိပ်မကျေလည်။ စိတ်ပုပ်တယ်ဖြစ်မှာစိုးလို့သာ အောင့်အီးနေရပေမယ့် ပညာကတော့ ပြသလားမမေးနှင့်။

"ကိုနေ့ခမျာ ဒေဝီက တစ်ဖက်၊ မြသည်းက တစ်ဖက်နဲ့ အလုပ်ရှုပ်နေရပြီ"

"ရတယ်···"

မြသည်း၏ပခုံးလေးကို ဖက်ခေါ်လာလျှင် ဒေဝီ ပိုပြီးကျေဝင်မိ၏။ သူမကျတော့ မဖက်။ သူမကသာ သူ့လက်မောင်းကို ကိုင်ထားရ၏။

"တော်ပြီ···ပြန်ကြမယ်"

ဒေဝီ နှုတ်ခမ်းစူစိတ်ကောက်ပြီး ကားဆီပြန်တော့ နေခက်ထန်



www.burmeseclassic.com

www.burmeseclassic.com



ပခုံးတွန့်မိသည်။

ကလေးနဲ့တောင် သဝန်တိုတဲ့ ဒေဝီ။

အားလုံးပင် မပြန်ချင်သေးပေမယ့် ဒေဝီ့အလိုလိုက်ခါ ပြန်လာကြရသည့်အဖြစ်။

* * *

"နင့်ကို ငါ တစ်ချက် သတိပေးထားမယ်။ နင် မသေမချင်း မှတ်ထား"

ဒေဝီက ခုတင်ပေါ်မှာ လှဲနေပြီး မြသည်းက နှိပ်ပေးနေရပါသည်။ မြသည်း အိပ်ချင်နေပေမယ့် မအိပ်ရသေး။

"ကိုနေ့အနား လုံးဝ မကပ်နဲ့။ ကိုနေ့ကို ငါ ချစ်တယ်။ သူ့ကို ရအောင်လုပ်မှာ။ ဒီခရီးကို လိုက်လာရတဲ့ရည်ရွယ်ချက်ကိုက အဲဒါပဲ။ ပေါက်တယ်နော်"

မြသည်းရဲ့ ခေါင်းညိတ်၏။ မြသည်း စကားမပြောချင်တော့ပါ။ ကေသရာဇာ ခြသေ့်ကြီးနှင့် ယုန်ကလေးလိုပါပဲ။ ယုန်ကလေး နာခေါင်းနေတာပဲကောင်းပါသည်။

ဒါတောင် ဒေဝီ နှုတ်ခမ်းမဲ့လိုက်သေး၏။

"ကြည့်လိုက်ရင်တော့ လှုပ်တောင်မလှုပ်ဘူး။ တကယ့် မိုင်းကောင်းကျောက်ဖိလေး။ ပြီးမှ ကုပ်ကမြင်း။ ကုပ်ကမြင်းတွေက တော်တော်ကြောက်ဖို့ကောင်းတယ်"

ပြောချင်တာပြောလေ။ ကိုယ့်ဘဝက ဘာမှပြန်လှန်ပြောဆိုခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ မြသည်း ရင်ထဲမှာသာ ဆူးတွေ ထောင်နေရသည်။ အပြင်ပန်းမှာတော့ ရေသေအိုင်ကြီးနှယ်။

"ကြားလား…နင် သူ့အနား လုံးဝ မကပ်နဲ့။ သူက နင့်ကို သနားပြီး ဖေးမနေတာ။ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်မနေနဲ့။ နင်နဲ့သူ ဘယ်လိုမှ မအပ်စပ်ဘူး…ကြားလား"

မြသည်း ခေါင်းညိတ်ပြရသည်။ ဒေဝီ မြည်တွန်တောက်တီး သမျှ နားထောင်ရင်း ဒေဝီ အိပ်ပိုက်သွားတော့မှ အိပ်ခွင့်ရတော့၏။

"ငပျင်းမ…တစ်နေ့…တစ်နေ့ အိပ်ဖို့နဲ့စားဖို့ပဲ။ ကြည့်… မကြာခင် ဖက်တီးပုပ်မကြီး ဖြစ်လိမ့်မယ်။ အဲဒါမှကောင်းမှာ… သွား…အိပ်တော့"

ဒေဝီ ဘယ်လိုပင်ပြောပြော မြသည်း ဘာမျှပြန်မပြော။ ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေအရ ကဲကဲဆတ်လို့ မရတော့မှန်း သူမ သိပါသည်။

ငှားထားသည့် ဒရင်းဘတ်ပေါ်မှာပဲ သိုးနေအောင် အိပ်လိုက်ရုံ။

* * *

မနက် (၅) နာရီလောက်မှာ ဒေဝီ့ဖုန်းကို လှမ်းနှိုးကြသည်။ မြသည်းမှာတော့ ဖုန်းလည်းမရှိဘူးလေ။

"ဟော့…ထ…ထကြတော့။ (၆)နာရီမှာ တောင်ပေါ်တက် ကြမယ်။ ငါတို့ ခြေကျင်တက်ကြမလို့။ တောင်တက်ကားစီးတဲ့သူ စီးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေခက်ထန်တို့ (၃)ယောက်ဟာ တောင်တက်အသင်းဝင်တွေမို့ ခရီးတွေထက်၊ တောင်မတွေတက်နေကြသူတွေ။ စည်သူ လှမ်းနှိုးခြင်း ပါပေ။

“ဟာ...ကိုကိုကလည်း ဒေဝီ ဘယ်လိုလုပ် တက်နိုင်မှာလဲ။ ကိုကို တက်ချင်တက်...ကိုနေ ဒေဝီတို့ကို လိုက်စောင့်ရှောက်ပေါ့။ မြသည်းရုံကိုလည်း ခြေကျင်အဖွဲ့ထဲ ခေါ်သွားလိုက်”

လှမ်းညွှန်ကြားပြီး ဒေဝီ အိပ်ရာထသည်နှင့် မြသည်းကလည်း နိုးပြီးသား။ မျက်နှာသစ်၊ သွားတိုက်၊ အိပ်ရာတွေသိမ်းသည်။ ဒရင်း ဘတ်ကိုလည်း ခေါက်ထားပြီး ပစ္စည်းပစ္စယများကို သိမ်းဆည်းနေ၏။ ဒေဝီက ရေချိုးလိုက်သည်။

မြို့သူတွေများ ဆောင်းတွင်းကြီးလည်း ရေအစောကြီးချိုးတာ ပဲ။ မြသည်းတို့ကတော့ ရှေးလူကြီးသူမတွေ ပြောကြသည့်...

‘ဆောင်းတစ်ဆယ်၊ နွေကိုး၊ မိုးခုနစ်’ ဆိုသည့်အတိုင်း အစော ကြီးချိုးလေ့မရှိ။

ဒေဝီသာမက ဟိုဘက်က မောင်တွေလည်း ရေချိုးကြပုံ ရသည်။ ဒေဝီ ရေချိုးပြီးချိန်မှာ မြသည်းက အသင့်။

ဘောင်းဘီရှည်အနက် စတိုင်ပင်လေးနှင့် အပေါ်မှ တီရှပ် လက်ရှည်အစိမ်း။ ဆောင်းတွင်းမို့ လက်ရှည်လေး ရွေးဝတ်ရတာ။

မျက်နှာမှာ ဘာမှမလိမ်း။ ဒေဝီ့ပစ္စည်းများကိုလည်း ယူမလိမ်းဝံ့ပါ။ မျက်နှာပြောင်လေးနှင့်ပင် ဝင်းမွတ်နေသည့် မျက်နှာ လေး။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကောင်းပြီး စိတ်ဖြူစင်သန့်ရှင်းသူမို့ မျက်နှာလေးက ကြည်ကြည်လင်လင်။

ဒေဝီခိုင်းတာလုပ်ပေးရင်း (၆) နာရီထိုးတော့ တံခါးခေါက်ကြပြီ။ စည်သူ့အသံက ခပ်စူးစူး။

"သွားမယ်ဟေ့...ကြာတယ်၊ အဲဒါကြောင့် နင်တို့မိန်းကလေးတွေကို မခေါ်ချင်တာ"

"လာပြီ...လာပြီ...ပြီးပြီ"

(၂)ယောက်လုံး အခန်းပြင်ထွက်လိုက်ကြတော့ နေခက်ထန်တို့ (၃)ယောက်သား အလန်းစားတွေနှင့်။ ဘောင်းဘီရှည်၊ စပို့ရှပ်၊ ဂျာကင်တွေနှင့်။

"မြသည်း...အနွေးထည် ဘာလို့မဝတ်တာလဲ။ ဒေဝီ အနွေးထည် မပေးဘူးလား"

ဒေဝီ ပခုံးတွန့်ပြ၏။

"မပါဘူး...(၃)ထည်ပဲပါတာ။ ဒေဝီဝတ်ဖို့ပဲ"

"ကဲ...ဒါဆိုလည်းလာ...လမ်းကျမှ ကြည့်လုပ်တာပေါ့"

ညက ဒေဝီပြောထားလို့ နေခက်ထန်နှင့် အဝေးဆုံးနေမယ်စိတ်ကူးပေမယ့် မြသည်းကို လှမ်းဆွဲပြီး ပခုံးဖက်ခေါ်လာတာလည်း နေခက်ထန်ပါပဲ။ အစီအစဉ်ဆွဲနေတာလည်း သူ။

"စည်သူနဲ့ ငါက ခြေကျင်တက်မယ်။ အောင်စံဗလနဲ့ဒေဝီတို့ (၂)ယောက်က ကားနဲ့တက်"

"ဟင့်အင်း...ကိုနေ...ဒေဝီနဲ့လိုက်။ မြသည်း ခြေကျင်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ချင်လျှောက်''

ဒေဝီကလည်း ဘောင်းဘီရှည်ပန်းရောင်၊ ရယ်ဒီမိတ်အင်္ကျီလေးရော ယုန်မွေးဆွယ်တာ၊ ခေါင်းစွပ်တွေပါ ပန်းရောင်၊ ပန်းရောင်မလေး။

''ဒီကောင်မလေးကို အနွေးထည်ကြည့်လုပ်ပေးလိုက်ဦးမယ်။ ဟာ…ဦးထုပ်လည်း မပါဘူး…ဆောင်းတွင်းကြီးထဲ''

တည်းခိုခန်းမှာပဲ ကားထားခဲ့ပြီး အားလုံးပင် ခြေကျင်သွားရသည်။ တောင်တက်ကားဂိတ်မှာ ကားနှင့်သွားသူကသွားမည် ခြေကျင်လျှောက်သူက လျှောက်မည်။ စတိုးဆိုင်တစ်ခုတွင်ပင် မြသည်းအတွက် ခေါင်းစွပ်ဆွယ်တာ ကြည့်ပြာလေးနှင့် ဦးထုပ်နက်ပြာလေးဝယ်ပေးပုံက သက်သောင့်သက်သာ။

မြသည်းမှာသာ အားနာနေရတာ။ သူ့အတွက်တော့ မုန့်ဆိုင်မှာ မုန့်ဝယ်စားသလောက်သာ။ ပြောလိုက်သေး…

''ချာတိတ်…စိတ်ဓာတ်မကျနဲ့၊ အဆင်မသင့်တဲ့အခါ ဘုရားလောင်း မင်းကုသတောင် အိုးထိန်းသည်လုပ်ရသေးတာပဲ။ ကိုကြီးစောင့်ရှောက်ပါ့မယ်''

မြသည်းကတော့ ခံစားချက်မဲ့သည့်မျက်ဝန်းနှင့် ခေါင်းညိတ်ခဲ့။ လောကကြီးကလူတွေကို မယုံကြည်တတ်အောင် သင်ပေးနေခဲ့၏။

မောင်နှင့်နှမ၊ သမီးနှင့်အဖတောင် မဖွယ်မရာ ကြားနေရသည့် ခေတ်ကြီးထဲမှာ မြသည်း မည်သူ့ကိုမှ မယုံကြည်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းမှုတွေက ဆန်းပြားလွန်းလို့. . .ရေဆိုလည်း မသောက်ရဲ။ အချိုရည်ဆိုလည်း. . .နိုး။

မိန်းမငယ်လေးတွေကို အချိုရည်ထဲ၊ ရေထဲ ဆေးခပ်ပြီး မဖွယ်မရာ ပြုကျင့်ကြသတဲ့။

နေခက်ထန်နှင့်မြသည်း ဈေးဝယ်နေတုန်း ဒေဝီတို့ (၃)ယောက်က ကားဂိတ်မှာ စောင့်နေကြ၏။

ကျိုက်ထီးရိုးဘုရားဖူးတွေက များလွန်းလို့ အလှည့်စောင့်ပြီး စီးနေရသည့်အဖြစ်။

"လူကုန်ကူးမှုဥပဒေနဲ့ သူတို့ကို တိုင်လိုက်ရင် ကွိသွားမှာ။ ဒါက အကြမ်းနည်း။ ကိုကြီးက ညင်ညင်သာသာလေးနဲ့ မြသည်းကို ခွဲထုတ်ပေးသွားမှာ။ လောလောဆယ်တော့ အလိုက်သင့်နေလိုက်ဦးနော်"

မြသည်း ခေါင်းညိတ်ဖို့တောင် မရဲ။

လောကကြီးထဲ မည်သူ့ကို ယုံရမည်လဲ။

တစ်ဆင့်ပြီးတစ်ဆင့် ရောင်းစားတတ်ကြသတဲ့။ မြသည်းဟာ ဆရာမတွေနှင့် အနေများတာကြောင့် သူတို့ဖတ်သည့်စာအုပ်များကို ကိုယ်လည်း ဖတ်ရ၊ အသိဉာဏ်တိုးရပါသည်။

မိန်းကလေးတွေကို တရုတ်သို့ ရောင်းစားကြတော့ ကာယကံရှင်မိန်းကလေးတွေ၏ အဖြစ်အပျက်များကို ဓာတ်လမ်းဖွဲ့ထားတာတွေ ဖတ်ရပါသည်။

တရုတ်တွေက မိန်းမငယ်လေးတွေကို သူတို့ အသုံးချဖို့



www.burmeseclassic.com

www.burmeseclassic.com



ယ်သည်။ ကလေးမွေးခိုင်းသည်။ နောက်ပြီး ကလေးကို တခြားသို့ ပို့ပစ်ပြီး ခွေးမွေးမြူရေးစခန်းတွေမှာ ခွေးလေးတွေကို နို့တိုက်စေ သတဲ့။

နောက်…ကျွဲတွေလို၊ နွားတွေလို တစ်လက်ပြီးတစ်လက် ရောင်းစားသည်။

ယခုလည်း ဒေဝီတို့အသိုင်းအဝိုင်းတစ်ခုလုံးကို မြသည်း ယုံ။ အို…မြသည်း မည်သူ့ကိုမျှ မယုံတတ်တော့ပါ။

လောကကြီးတစ်ခုလုံး သံသယအဆိပ်တွေနှင့် ပြည့်နှက်နေ ကြပြီ။

ဒေဝီ့ထံပြန်ရောက်သွားတော့ သူမက အမိန့်ပေးလိုက်သည်။

"မြသည်း…ကိုကိုတို့နဲ့ ခြေကျင်လိုက်သွား။ ဒေဝီနဲ့ကိုနေက ကားနဲ့တက်မယ်။ ဒေဝီ လမ်းမလျှောက်နိုင်ဘူး"

အောင်စံဗလကမူ ရှုံ့ရှုံ့မဲ့မဲ့နှင့်။

"ညက ငါ ဝမ်းလျှောထားတာ (၂)ခါ။ ငါလည်း လမ်း လျှောက်နိုင်ဘူး။ ကားစီးပါရစေ"

ခြေကျင်လျှောက်ရမည့်အဖွဲ့ထဲ စည်သူနှင့်မြသည်းပဲ ရှိတော့သည်။ မြသည်းမျက်နှာလေးက ဆီးရွက်မျှ။ မနေ့ကတင် ရင်းအုပ်ခံထားရတာ။

နေခက်ထန် ဖော်လန်တီယာ လုပ်ရ၏။

"အစိက လမ်းလျှောက်ချင်တာက ငါ။ ဒေဝီနဲ့အောင်စံဗလ ကားနဲ့တက်။ ငါတို့ (၃)ယောက် လမ်းလျှောက်မယ်။ ရင်မြင့်တော်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကျမှ ဆုံမယ်။ ဒေဝီ လုံချည်ပါလား။ ဘုရားပေါ် ဘောင်းဘီနဲ့ မတက်ရဘူး…မြသည်းရော”

“ပါပါတယ်”

ခုတ်ရာ တခြား၊ ရှရာ တလွဲ။ ဒေဝီ ဒေါသကို မနည်းမျိုသိပ်ပြီး တောင်တက်ကားနှင့် ပါသွားချိန်မှာ မြသည်းတို့ (၃)ယောက်က တော့ တောလမ်းတစ်လျှောက် ခြေကျင်အပြေးတက်နေပါ၏။

နေခက်ထန်နှင့်စည်သူက တောင်တက်သမားတွေမို့ သွားနိုင်သလို မြသည်းကလည်း ဘဝကြမ်းမှလာခဲ့သည့် တောသူမလေးမို့ ခပ်သာသာ။

ဒေဝီ့လက်မှ တဒင်္ဂ လွတ်နေရသည်မို့ လွတ်လပ်ရေးရသွားသည့် မြသည်းရုံလေးတစ်ယောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီထံ အပြေးအလွှား မမောနိုင်၊ မပန်းနိုင် တက်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၈

"မြသည်းမှာ ဖုန်းမရှိဘူးလား"

"အင်း"

"ဟုတ်ကဲ့လို့ပြောလေ…ကိုကို ပေးမယ်"

"မယူချင်ပါဘူး…ဖုန်းပဲ ဘာလုပ်ရတာမှတ်လို့။ အပိုပစ္စည်းကြီး"

"သြော်…သူ့ကျမှ ဖုန်းကိုများ အပိုပစ္စည်းတဲ့။ နောက်မှ ကောင်းမှန်းသိပြီး ဖုန်းလက်ကမချ ဖြစ်နေမယ်"

"မဖြစ်ပါဘူး…ကျွန်မမှာ ဖုန်းဆက်ရမယ့် ဆွေမျိုးသားချင်း မိတ်ဆွေ လုံးဝ မရှိ"

"မဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်အတူတက်ရင်း စကားစမြည်တွေ ပြောဖြစ်နေကြ၏။ စည်သူကတော့ ရှေ့မှလျှောက်ရင်း ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်လျက်။

"ရွာမှာကျန်တာ မိတွေး… ဘာလွမ်းစရာရှိ။ ကျွန်မကျောင်းစားလိုက်ကတည်းက သံယောဇဉ် လုံးဝ မရှိတော့တာ ဒါတောင်လာသေး။ သမီးကို ကောင်းစားစေချင်လို့ပါ။ တောမှာ တောကြက်၊ တောငှက်ဖြစ်ပြီး အရက်သမားတွေနဲ့ ညားမှာစိုးလို့ပါ တဲ့။ အရက်မရှိ ပြောထွက်တဲ့ပါးစပ်ကြီး"

"ရွာမှာ မိတ်ဆွေအပေါင်းအသင်း၊ ဆရာသမားတွေ မရှိဘူးလား"

"ရှိပါတယ်…ဒါပေမဲ့ ဖုန်းမဆက်တော့ပါဘူး"

"မဆက်ဆက်ဆက် ဖုန်းတစ်ခု ယူထား… ကိုကို့မှာ ဖုန်း (၂)လုံးရှိတာ"

"နေပါစေ…ကျွန်မ မယူချင်ပါဘူးရှင်"

"ယူ…ဘာမှမဖြစ်ဘူး။ ကိုကို့မှာ ပိုနေတာ"

နေခက်ထန် သူ့မှာ ဖုန်း (၂)လုံးရှိတာမို့ (၁)ခုကိုပေးရင်း သုံးနည်း၊ ဓာတ်ပုံရိုက်နည်းတွေပါ ပြသနေသည်။ ဘုရားသွားသည့် လမ်းဘေးအရိပ်မှာနားရင်း နာရီဝက်ခန့် သင်ပြနေ၏။

စည်သူ နောက်ကြောင်းပြန်လှည့်လာပြီး သူတို့အနားမှာ ထိုင်သည်။ သူ့ရုပ်က နေခက်ထန်ကို ပြုံးစိစိနှင့် လှောင်ကြည့်ကြည့်လျက်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေတို့ကတော့ ကျွမ်းပါ့ကွာ…ကောင်မလေးတိုင်းကို
စ်ကျအောင် တော်ကီကောင်းပါ့"

နေခက်ထန် ခပ်စူးစူး ပြန်ကြည့်၏။ အချင်းချင်းတွေမို့
ပြဿနာလည်း မတက်လို။

"မြသည်းမှာ ဖုန်းမရှိလို့ ငါ တစ်လုံးပေးနေတာ။ ဖုန်းသုံး
တတ်အောင်၊ အင်တာနက်သုံးတတ်အောင် သင်ပေးနေတာ"

"အင်တာနက်ကနေဝင်လာမယ့် အန္တရာယ်တွေလည်း ကြိုသိ
ထားဦး။ သူက ဘာမသိ၊ ညာမသိနဲ့။ ပြဿနာတွေ ရှင်းမရဖြစ်ကုန်
ဦးမယ်"

"ငါက စေတနာနဲ့ ခေတ်မီအောင် ပြသပေးနေတာပါ"

"ထားလိုက်စမ်းပါကွာ…မြင်း ချိုတပ်ပေးမနေစမ်းပါနဲ့။
လာ…သွားကြစို့"

(၃)ယောက်အတူ ကျိုက်ထီးရိုးစေတီရင်ပြင်တော်အထိ
တက်သွားကြသည်။ မြသည်း ခြေလှမ်းတွေ နှေးလာတော့
နေခက်ထန် လက်ဆွဲခေါ်သည်။

စည်သူကတော့ မဲ့ပြုံးနှင့်။

နေခက်ထန်ဟာ လူချောလူဖြောင့်တစ်ယောက်မို့ မိန်းကလေး
များစုက ကြွေကြသည်။ ပျိုပျိုအိုအို သူ့ဆို အခွင့်အရေးပေးချင်
ကြသည်။

ယခုလည်း မြသည်းရုံကို အကြင်နာတွေ၊ ကရုဏာတွေပေးပြီး
ကြင်းထည့်နေပြီ။ မြသည်းရုံဟာ ကိုယ့်အိမ်က အလုပ်သမားမို့



www.burmeseclassic.com

www.burmeseclassic.com



ကာတော့ကာကွယ်ရမည်။

သူ့လိုတော့ အနုသယတွေ လုပ်မနေနိုင်။ စည်သူတို့က
ဒူးအော်ဒိုင်းပဲ။

အကြမ်းနည်းနှင့် သတိပေးရမည်။

ရင်ပြင်တော်ပေါ်မတက်မီ မြသည်း ပါလာသည့်လုံချည်လေး
ကို ဘောင်းဘီရှည်ပေါ်မှ ထပ်ဝတ်လိုက်သည်။ ပြီးမှ ရင်ပြင်တော်
ပေါ်သို့ တက်၏။

ဘုရားရင်ပြင်တော်ပေါ်မှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး
တို့ဖြင့် စည်ကားနေသည်။ စည်သူ သူ့ညီမထံ ဖုန်းခေါ်လိုက်
သည်။

"ဒေဝီ…နင်တို့ ဘယ်မှာလဲ၊ ငါတို့ရောက်ပြီ"

"မှန်ပြောင်းတွေကြည့်တဲ့အနားမှာ ကိုကို"

"အေး…လာပြီ…လာပြီ"

ဒေဝီရှိရာသို့ ရောက်သွားကြတော့ သူမမျက်နှာက မကြည်
မလင်။ နေခက်ထန် ချော့ရပါသည်။ စိတ်ဲ့လက် မခြောက်ရအောင်
ပေါ့။

လက်မောင်းကို သွားဆွဲလိုက်တော့ ဒေဝီ မျက်စောင်းချိတ်
သည်။ အိုကေသွားပေပြီ။

အစုလိုက်လျှောက်သွားခြင်းမျိုးမဟုတ်။ စည်သူနှင့်အောင်
ဇလက တစ်တွဲ။ သွားချင်ရာလျှောက်သွားကြသည်။

နေခက်ထန်နှင့်ဒေဝီ၊ မြသည်းက တစ်တွဲ။ ကျိုးကန်းပါး



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် သွားကြသည်။

"တည်းခိုခန်းကျမှ ပြန်ဆုံမယ်။ (၅)ယောက်အတွဲလိုက်ကြီး သွားမနေနိုင်ဘူးဟေ့"

ကာလသိုး (၂)ယောက် ခွဲထွက်သွားပြီမို့ နေခက်ထန် ဒေဝီနှင့် မြသည်းကို စောင့်ရှောက်ရပါမည်။ ဒေဝီက သူ့လက်ကို တွဲထားပြီး လျှောက်သွားနေတာကြောင့် မြသည်းက နောက်မှ တကောက်ကောက်လိုက်ရ၏။

"လာ...မြသည်း"

နေခက်ထန် မြသည်းရှိကို မမေ့ပါ။ ဂရုစိုက်ပါသည်။ ဒေဝီ ဘယ်လိုပဲ ခွဲထုတ်ထုတ် သူတို့သွားလေရာ မြသည်းကိုပါ ဆွဲခေါ်၏။

ရင်ပြင်တော်ပေါ်ပြန်ရောက်တော့ နေ့လယ်။ ထမင်းဆိုင်တစ်ခုတွင် စားကြဖို့ပြင်သည်။

"ဟို (၂)ယောက်တော့ ဘယ်ရောက်နေမှန်းကို မသိတော့ဘူး"

"နေပစေ...ကိုနေ"

"ထမင်းတစ်ဝိုင်းတည်း မစားချင်ဘူး...ကိုနေ"

ဒေဝီ့စကားကြောင့် နေခက်ထန် မျက်ခုံးပင့်မိရသည်။ စကားအချေအတင် မပြောတော့။ အလုပ်နှင့်ပဲ ပြောရုံ။

"ကောင်းပြီလေ"

စားပွဲထိုးလေးကို ထပ်ခေါ်ပြီး နောက်တစ်ဝိုင်း ထပ်မှာသည်။ ပြီးတော့ မြသည်းကို လက်ဆွဲပြီး ထိုဝိုင်းသို့ သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီက လူကြီး၊ ကိုယ့်ဘာသာ စားတတ်ပြီ။ မြသည်းက ငယ်သေးတယ်။ တစ်ယောက်တည်းဆို အဆင်ပြေမှာမဟုတ်ဘူး"

ဒေဝီ အသားတွေ ဆတ်ဆတ်တုန်မတတ် ဒေါသထွက်နေပေမယ့် စိတ်ကိုထိန်းပြီး တို့ခနန်း ဆိတ်ခနန်း စားနေ၏။

"ဦးနေ...ဟိုဘက်မှာစားပါ။ မြသည်း တစ်ယောက်တည်း စားတတ်တယ်"

"နေပစေ...လူသားချင်းတူတူ အဆင့်အတန်းခွဲချင်တဲ့သူ တစ်ယောက်တည်းစားပစေ"

မြသည်းရဲ့ မျက်ခုံးလှုပ်နေပါသည်။ ဒေဝီ သူမကို ပြဿနာရှာတော့မည်။

"ဦးနေ...သွားပါ၊ တော်ကြာ မြသည်း ဒုက္ခရောက်နေပါဦးမယ်"

"Lesson ပေးဟာ...ဒါမှမှတ်မှာ"

ထမင်းစားပြီးကြတော့ ရင်ပြင်တော်ပေါ်နှင့် အနီးအနားတွေ လျှောက်သွားကြ၊ ဓာတ်ပုံတွေရိုက်ကြသည်။

ညနေ (၄)နာရီကျော်မှ တောင်တက်ကားနှင့် ပြန်ဆင်းခဲ့ကြသည်။ (၅)ယောက်သား တည်းခိုခန်းမှာ ပြန်ဆုံကြပြီး တစ်နေ့လုံး ကြုံခဲ့သမျှ၊ ဆုံခဲ့သမျှတွေ ပြန်ပြောကြရင်း တဟားဟား။

ဒေဝီ့အခန်းထဲမှာ ခုတင်ပေါ်ထိုင်ကြပြီး ပြောနေကြ၏။ မြသည်းကတော့ ဒေဝီ့ကို နှိပ်ပေးနေရတာ တစ်ချိန်လုံး။

မည်သူမျှလည်း နင် တော်ဟဲ့ဟု ဝင်မပြောကြ။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အငြိုးနှင့် ခိုင်းနေသည့်နှယ်။ နေခက်ထန်ပဲ လူကြမ်းလုပ်ရပါ၏။

"ဟဲ့…မြသည်းရုံ…တော်တော့။ ပင်ပန်းတာချင်းအတူတူ ဒေဝီ အသားမယူနဲ့လေ"

"အိုး…သူက ဒေဝီ့ငယ်ကျွန်ပဲ…လုပ်ပေးရမှာပေါ့။ သူ့အဆင့်သူ သိနေရမှာပေါ့"

"နှင့် သိန်း (၂၀) စကားထဲထည့်ပြောမနေနဲ့။ တရားစွဲလိုက်လို့ ကွိခနဲ ဖြစ်သွားဦးမယ်"

"အောင်မယ်…ကိုနေနော်၊ အားပေးအားမြှောက်နဲ့ လူမိုက်အားပေးစကားတွေ ပြောမနေနဲ့။ ဒေဝီတို့ဇယားထဲ လုံးဝ လာမရှုပ်နဲ့နော်။ ကိုယ့်ဘာသာ လိုချင်ရှာဝယ်"

သို့သော် နေခက်ထန်ပြောသည့်အတိုင်း မြသည်း အိပ်ခွင့်ရပါသည်။ အားလုံးလည်း ပြန်သွားပြီမို့ ဒရင်းဘတ်လေးပေါ်မှာ ခေါင်းချသည်နှင့် ပျော်သွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၉

မနက်စောစော ကားထွက်ခဲ့ကြပြီး မော်လမြိုင်ဈေးထဲ ဝင်ကြည့်ကြဖို့ ရည်ရွယ်ထားကြသည်။

သည်တစ်ခါ ကားမောင်းတာ စည်သူ။ သူ့အနားမှာ အောင်စံ ဗလ။ ကားနောက်မှာတော့ နေခက်ထန်နှင့်ဒေဝီ။ မြသည်း၊ ဒေဝီက အလယ်မှာနေသည်။

ဒေဝီဟာ မြသည်းကို တမင်ညှဉ်းပန်းနှိပ်စက်နေသလားပင် မသိ။ ဇိမ်ခံလိုက်တာကလည်း အလွန်။ ဒေဝီ့ကို မြသည်း အမြဲလိုလို နှိပ်ပေးနေရ၏။

နေခက်ထန် မျက်မြင်ကပ်လှပါသည်။ လူသားချင်း နှိပ်စက် နေတာ။

"ဒေဝီ...နင့်ကို ငါ တော်တော်မျက်မုန်းကျိုးလာပြီ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ…မြသည်းကို အလားနေရင်း နှိပ်စက်နေတာပဲ။ သူ့ခမျာ စိတ်အေးသက်သာ နေပါစေလား။ အပျော်ခရီးထွက်လာတယ်သာဆိုတယ်။ ခြသေ့်မကြီးနဲ့ လှောင်အိမ်ထဲ နှစ်ပါးသွားနေရတယ်"

"ဟင်…ကြည့်စမ်း…ကြည့်စမ်း…ကိုနေ မကောင်းဘူး။ သူ့မြသည်းဘက်ကပဲပါတယ်။ အစကတည်းက သူ့ကို နိုင်းဖို့ခေါ်လာတာပဲ။ နိုင်းရမှာပေါ့။ မနာလိုမရှိနဲ့နော်"

"အမြင်ကပ်တာ…အမြင်ကပ်တာ။ သတ္တဝါညှဉ်းဆဲနှိပ်စက်မှုနဲ့ တရားစွဲလို့ရတယ်"

မျက်စောင်းတခဲခဲကြားမှာ မြသည်းကတော့ ကိုယ့်အတွေးနဲ့ကိုယ်။ ငါ ဒီဘဝက်နေ ဘယ်လိုလွတ်မြောက်အောင် လုပ်ရမလဲ။

ရဲစခန်း၊ လူကယ် စခန်းတွေဆိုတာ ဘယ်နေရာမှာလဲ။ ငွေများ တရားနိုင်သတဲ့။

လောလောဆယ်တော့ ဒေဝီခိုင်းသမျှ လုပ်ပေးနေရမှာပဲ။ စည်သူခြိမ့်ကိုလည်း မုန်းပါသည်။ သူ နားရင်းရိုက်တာ နားတွေကို ခုထိအူတုန်း။

မော်လမြိုင်ရောက်တော့ မြို့ပတ်ကြည့်ပြီး ဈေးကြီးထဲဝင်ကြသည်။

"ကားမှာ ပြန်ဆုံမယ်ဟေ့"

လို့အော်ပြီး လူစုကွဲသွားလိုက်ကြတာ။ မြသည်းကတော့ ဒေဝီ့နောက်မှ အထုပ်ဆွဲ။ သူ ရှေ့ကဝယ်သမျှ အိတ်တွေဆွဲရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် သူမတို့နောက်မှာ အော်တိုပါလာတာ နေခက်ထန်။

လူတွေအများကြီးမို့ လူစုကွဲသွားမှာစိုးလို့ မြသည်းမှာ ချွေးတွေပြန်နေ၏။ ဒေဝီကို မျက်ခြည်မပြတ်ကြည့်ရင်းလိုက်ရသည်။

ကားပေါ်ပြန်ရောက်မှ သက်ပြင်းချရသည့်အဖြစ်။

"ငါတို့ တစ်ခုခု စားကြမယ်ဟေ့…ဟိုနှစ်ယောက်ကို မစောင့်နိုင်တော့ဘူး"

စားသောက်ဆိုင်တစ်ခုထဲ ဝင်ခဲ့တော့လည်း နေရာလွတ်ကို မနည်းရှာရ၏။ နေခက်ထန်ကပင်…

"ဒေဝီ…နေရာမရှိဘူး။ တွေ့လား…ဂရိုဂရောင်မကျနဲ့… မရစ်နဲ့တော့"

"ဒေဝီ ဘာပြောလို့လဲ"

"နင်က လွယ်တာမဟုတ်ဘူး။ မြသည်းလည်း လူပဲလေ။ ကျွန်အဖြစ် မွေးဖွားလာတာမဟုတ်ဘူး။ နင်တို့ကသာ သူ့မိထွေးကို သိန်း (၂၀)နဲ့ ပစ်ပေါက်ပြီး ဝယ်ခဲ့ကြတာ။ သူ့ရဲ့ လူ့အခွင့်အရေးကို အနိုင်ကျင့်ခဲ့ကြတာ"

"တော်ပါ…သူ့မိထွေးက ဒေဝီတို့မဝယ်လည်း တစ်ယောက် ယောက်ကို ရောင်းစားမှာပဲ။ မဟုတ်တဲ့နေရာရောင်းမှ ဒုက္ခရောက် မှာ။ သူက ဒေဝီတို့ကို ကျေးဇူးတောင်တင်ရမှာ"

နေခက်ထန် ဘာမှမပြောချင်တော့ပါပေ။ သည်နေ့ည သူတို့ ထိရောက်အောင်သွားပြီး မြို့ထဲလျှောက်ကြည့်ဖို့ ရွှေစာရံဘုရားဖူးဖို့ မြသပိတ်စေတီဖူးဖို့သာ စိတ်ကူးရ၊ စီစဉ်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အုပ်စုထဲမှာ မြသည်းရဲ့ သင်းကွဲတစ်ယောက်လို ခံစားနေရပါသည်။

ဒေဝီက သူမကို အထူးဖိနှိပ်နေသည်မှာ နေခက်ထန်ကြောင့်ဆိုတာ သိထားပြီမို့ မြသည်းရဲ့ သည်ခရီးစဉ် အမြန်ပြီးဆုံးစေချင်မိသည်။

တစ်နေ့…တစ်နေ့ ငြူစူစောင်းမြောင်းခံနေရတာ။

"ဒါမျိုးကျ…တတ်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မြူဆွယ်တတ်လိုက်တာ။ ဟိုက နင့်လို အစုတ်ပလုတ်ကို ဖြားယောင်းသိမ်းသွင်းနေတာ သိရဲ့လား။ ဖုန်းလေးပေးလိုက်…အနွေးထည်လေးယူပေးလိုက်…မုန့်လေးကျွေးလိုက်ကို အဟုတ်ကြီးမှတ်မနေနဲ့"

တည်းခိုခန်းမှာ အတူညအိပ်ရတော့ မြသည်းကို ပြောခဲ့ဆိုခဲ့တာတွေ။

"ဒီခေတ်က လွယ်တာမဟုတ်ဘူး။ ဖုန်းတွေကနေတစ်ဆင့် Sex ကိစ္စတွေ၊ အပြာကားတွေ၊ အပြာစာတွေ ပလူပျံနေတာ။ ယောကျ်ားတွေမပြောနဲ့…မိန်းကလေးတွေတောင် တဖြည်းဖြည်းပျက်စီးနေကြတာ။ နင့်ကို ဟိုက အသုံးချသွားမှာ"

မြသည်း၏နားထဲကို အဆိပ်ရည်တွေ ခပ်နေတာ။ ဒေဝီ ကိုယ့်စကားကိုယ် ဘယ်အတိုင်းအတာထိ ရောက်သွားမှန်းမသိ။ သူမသိတာ မြသည်း နေခက်ထန်ကို မတွယ်ငြိရေးပါပဲ။

မြသည်းကတော့ ဒေဝီပြောသမျှ နားထောင်ရုံ။ နေခက်ထန်ဆိုတာလည်း သူတို့နှင့် ပေါင်းနေသူမို့ ဒီပုတ်ထဲကပဲ ဒီပဲနေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြသည်း အားလုံးကို ကြောက်ပါသည်။ ရွံ့ပါသည်။

"သတင်းတွေကလည်း မဖွယ်မရာချည်းပဲ။ မောင်နှမဝမ်းကွဲလည်း မလွှယ်။ မုဒိမ်းမှုတွေ ကြားလိုက်ရရင် မကြားဝံ့မနာသာတွေ။ နင် ကျပ်ကျပ်သတိထား။ သူများကိုလည်း မဖြားယောင်းနဲ့။ ကိုယ့်ဖြားယောင်းရင်လည်းသိ။ ယောကျ်ားဆိုတာ နီးနီးစပ်စပ် ပူးပူးကပ်ကပ် မနေရဘူး။ ဝေးဝေးကရှောင်ရတယ်"

မြသည်းတာဝန်က ခေါင်းညိတ်ရုံ။

သည်ညတော့ သထုံမှာ အိပ်ရမည်။ တည်းခိုခန်းရှာပြီးတည်းဖို့ အရင်စီစဉ်ရ၏။ ဘုရားအရင်ဖူးကြသည်မို့ တည်းခိုခန်းရောက်တော့ ည (၈)နာရီ။

အခန်းက ပြဿနာ။ တည်းခိုခန်းကလည်း အဆင့်မြင့်မြင့်မဟုတ်။ မြင်နေရတာ မဖွယ်မရာတွေပါနေ၏။

"ကဲ…အခန်းက (၂)ခန်းတည်းရတယ်။ ဒေဝီတို့နှစ်ယောက်တည်းနေလို့တော့ စိတ်မချဘူး…စည်သူ"

"လာပြီ…ငါ့ပဲ တရားခံရှာနေ။ ကိုနေ သွား…ဗလက ငါနဲ့အိပ်"

"စည်သူ…ကိုယ့်နှမကိုယ် မစောင့်ရှောက်ချင်တာ နင်တစ်ယောက်ပဲရှိမယ်"

"အစကတည်းက ငါ ခေါ်ချင်တာမဟုတ်ဘူးနော်။ နင်ခေါ်တာ။ နင်ပဲ စောင့်ရှောက်"

"စည်သူ…ငါ့ကို အဲလောက်ထိ ယုံတယ်ပေါ့ဟုတ်လား…



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖ”

“ယုံတယ်ဟေ့…ယုံတယ်။ ရသွားလည်း သဘောတူတယ်။ လနဲ့သာ သဘောမတူတာ”

သည်လိုနှင့် နေခက်ထန်၊ ဒေဝီတို့ အခန်းထဲရောက်လာ၏။ အခန်းထဲမှာ တစ်ယောက်အိပ်ခုတင် (၂)လုံး ပေးထားတာမို့ တော်သေး၏။

“နင်တို့နှစ်ယောက်က တစ်ခုတင်အိပ်၊ ငါက တစ်ခုတင် ယူမယ်။ ဒေဝီ…ဂဂျီဂဂျောင် မကျနဲ့။ မြသည်းနဲ့အတူအိပ်။ တည်းခို ခန်းက မသန့်ဘူး။ နင်တို့ချည်းထားရင် စိတ်မချလို့”

“မအိပ်ချင်ပါဘူး…ကိုနေ တစ်ခုတင်ယူ၊ ဒေဝီ တစ်ခုတင် ယူမယ်။ မြသည်းက ခုတင်အောက်ဝင်အိပ်။ ခုတင်အောက်က သန့်ပါတယ်။ ဖုန်မရှိဘူး”

နေခက်ထန် ဒေဝီ့ကို တော်တော်စိတ်ကုန်ရ၏။ လူမှာ အရေး ကြီးတာ စိတ်ဓာတ်ပါပဲ။ သည်လောက် စိတ်ဓာတ်အောက်တန်းကျ သူလူချင်း မစာနာတာ မမြင်ဖူးပါဘူး။

သို့သော် သူကရော ဘာတတ်နိုင်မှာတဲ့လဲ။ ရင်ထဲ မကြည် လင်ရှိရုံမှတစ်ပါး မပြောနိုင်တော့ပါ။

“ကဲ…ကိုနေ…အိပ်မှာလား။ ရေချိုးတာ၊ အဝတ်လဲတာ ဘာက်မှာလုပ်”

“အေးပါ…သွားပြီ၊ အခန်းတံခါးပိတ်ထား၊ ငါတို့အသံကြား ရင်”



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကိုထားခဲ့ပြီး နေခက်ထန် ဟိုဘက်ခန်းမှာ ရေသွားချိုး၊ အဝတ်အစားလဲပြီးမှ ပြန်လာ၏။

အခြေအနေအရ မြသည်း ဒေဝီ့ခုတင်အောက်မှာ အိပ်ရပါ သည်။

ရင်ထဲမှာတော့ ဆူးတွေ တစ်ချောင်းပြီးတစ်ချောင်း ပေါက်နေ မိပါ၏။

ဘယ်တော့များမှ ဒီဘဝက လွတ်ရပါမည်လဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၀]

စက်စဲကမ်းခြေ . . .

မြသည်းက ဝေနံမြစ်သာ မြင်ဖူးတာ။ ပင်လယ်တော့ မမြင်ဖူး။ ရေမကြောက်တာတော့ အမှန်။

ရေထဲမှာ ကြီးပြင်းခဲ့သူမို့ ပင်လယ်ပြင်ကြီးမြင်တော့ လွတ်ခနဲ ပျော်ရွှင်မိသည်။

ကိုယ့်ဘဝကိုယ် မေ့နေသည်လို့ပဲဆိုဆို၊ ကလေးပီပီ ကားရပ် လိုက်သည်နှင့် ကားတံခါးဖွင့်ပြီး ပင်လယ်ကမ်းစပ်သို့ ပြေးတော့၏။

ဒေဝီ့ကိုလည်း သတိမရတော့။ ဘယ်သူ့ကိုမှ သတိမရ။

"ငါတို့ ဟိုတယ်မှာ အခန်းယူလိုက်ဦးမယ်ဟေ့"

"အေး . . .အခန်းသွားယူတဲ့သူကယူ၊ ငါ ကောင်မလေး တစ်ယောက်တည်း စိတ်မချဘူး။ စောင့်ပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေခက်ထန် ကားပေါ်မှဆင်းပြီး အုန်းပင်ရိပ်မှာ ထိုင်စောင့်ပေးနေသည်။

မနက် (၁၀) နာရီလောက်ပေမယ့် ကမ်းစပ်မို့ မပူ။ လေထန်သည်မို့ လှိုင်းတွေက အလိပ်လိုက်…အလိပ်လိုက်။

မြသည်းရုံတစ်ယောက်တည်း ပင်လယ်ထဲပြေးဆင်းလိုက်၊ သောင်စပ်မှာ ပြေးလိုက်နှင့် စိတ်လွတ်ကိုယ်လွတ်။

ဘဝမှာ ထွက်ပေါက်ပိတ်နေတာ ကြာပြီမို့ ယခုမှ ထွက်ပေါက်တွေ့နေသည့်ပုံစံလေး။

နေခက်ထန် အုန်းလက်ဦးထုပ်တစ်လုံး သွားဝယ်ပြီး ဆောင်းပေးလိုက်၏။

"ပင်လယ်ထဲလည်း မျောထွက်သွားဦးမယ်…ကြည့်လုပ်"

"ဦးနေလည်း…လာလေ"

"ညနေကျမှ ဆင်းတော့မယ်၊ အသားမည်းမှာစိုးလို့"

သူ မြသည်းကို နောက်လိုက်ပြီး သူမကို ကမ်းစပ်မှ ထိုင်စောင့်သည်။ ကိုယ်လည်း အုန်းလက်ဦးထုပ်နှင့်၊ အုန်းသီးတစ်လုံးနှင့်ပေါ့။ အုန်းရေသောက်ရင်း စောင့်မှာ။

"ဟော့…ဟော့…ဘောကွင်းယူဦးမလား"

ကောင်မလေးပုံစံက အကြောက်မရှိ၊ အရွံ့မရှိ။ သူ လှမ်းအော်ပေမယ့် သူမအသွင်က ရေနက်ရာဆီသို့သာ တရွေ့ရွေ့။

"ဟာ…"

ဒါ…သူ့ကိုယ်သူ ဆူဆိုက်လုပ်တာလား။ ဖူးတိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ ပြဿနာရှာလွန်းတာရယ်၊ ရောင်းစားခံခဲ့ရသည့်ဘဝရယ်...

သူမ ခါးသီးခဲ့မှာပေါ့။

နေခက်ထန် ကျောချမှ စားပြမှန်းသိ။ ဝတ်ထားသည့်ရှူးကို အမြန်ဆုံးချွတ်ချ၊ ဂျာကင်ပါ ချွတ်ချပြီး ရေထဲတလွှားလွှား၊ တဝုန်းဝုန်း ပြေးဆင်းရပါတော့သည်။

သူ အနားရောက်တော့ ကောင်မလေးက ရေထဲသို့ လှဲချလိုက်ပေပြီ။ လှိုင်းတွေက တစ်မျိုး။

ကိုယ်လည်း ရေကူးချန်ပီယံမို့ နေခက်ထန် ရေမကြောက်ပါ။ ဒုက္ခသည်မလေးကို ရအောင်ကယ်ရမည်။

သူလည်း မြသည်းထံသို့ ဖျံလို လျှောခနဲ ထိုးဆင်းရင်း သူမ၏လက်ကိုဆွဲကာ ကမ်းဆီသို့ ပြန်ခေါ်လာခဲ့ရ၏။

အတင်းဆွဲခေါ်လာရာလမ်းတစ်လျှောက် မြသည်း သူ့ကို ငိုယို အော်ဟစ်ပြီး ရုန်းတွေ့နေခဲ့တာ။

"ဘာလုပ်တာလဲ...မြသည်းဘာသာ သေချင်လို့ဟာ။ သေတာ ကောင်းသေးတာ"

"ဘာလို့သေရမှာလဲ...လူ့ဘဝဆိုတာ ရခဲတယ်။ ထွက်ပေါက်ရှိတယ်"

"မရှိဘူး...ထွက်ပေါက်မရှိဘူး။ သူများခိုင်းဖက်ဘဝနဲ့ အသက်မရှင်ချင်ဘူး"

"ကိုကို ကူညီပါ့မယ် မြသည်းရယ်... ကိုယ့်ကိုယ်ကိုယ် သတ်မသေပါဘူးလို့ ကတိပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မပေးပါဘူး…သေမှာပဲ၊ သေတာမှ အေးဦးမယ်"

"မြသည်းရုံ"

"ဘာတုံး"

"ကြည့်စမ်း…ချေးမလေး"

ကမ်းစပ်မှာ ငိုယိုရန်တွေ့နေသည့် ကောင်မလေးအား နေခက်ထန် ပြောဆိုချော့မော့လို့မရဖြစ်နေတုန်း ဒေဝီတို့အဖွဲ့ ရေထဲဆင်းဖို့ကားနှင့် ပြန်ရောက်လာကြသည်။

"ဘာလုပ်နေကြတာလဲ…ရေထဲမဆင်းဘူးလား"

"ဆင်းတယ်…နေပူလို့ ပြန်တက်လာတာ"

"ဟုတ်တော့ဟုတ်တယ်။ ခဏပဲချိုးမှာပါ…ကိုနေ၊ ဒေဝီကို ဘောကွင်းလိုက်ထိန်းပေး"

"ကြည့်စီး…ဒီကောင်မလေးတောင် စောစောက ပင်လယ်ထဲမျောပါသွားမလို့…မနည်းလိုက်ဆွဲရတယ်"

"ဟုတ်လား…ဒေဝီ့ကိုလည်း ကိုနေ လိုက်ထိန်းပေးပေါ့"

နေခက်ထန် မြသည်းကို စိတ်မချစွာကြည့်ရင်း ဒေဝီ့နောက် လိုက်ထိန်းပေးရသည်။

သူမ ဆူဆိုက်လုပ်တာ မည်သူမျှမသိစေချင်။ တစ်ခုခုတော့ လုပ်ပေးရမည်။ ဘယ်လိုလုပ်ပေးရမည်ဆိုတာ နေခက်ထန် စဉ်းစားလို့မရ။

ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ။ သူကတော့ ဒေဝီတို့ မောင်နှမနှင့် မျက်နှာမပျက်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေလွှတ်အောင်ပဲ တိုင်ပင်ကူညီရတော့မည့်အဖြစ်။

မြသည်းရဲ့ စောစောက ဘာမှမဖြစ်ခဲ့သလို ပင်လယ်ထဲ ဆင်းပြီး လှိုင်းစီးနေလေပေမယ့် နေခက်ထန် မျက်ခြည်ပြတ်မခံရဲ။

ဒေဝီ သူ့ကို သတိမထားမိလို့သာ တော်ရော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ||၁၁||

ခရီးစဉ်က စုစုပေါင်း (၅)ရက် ကြာသည်။

(၅) ရက်အတွင်း ဒေဝီ မြသည်းရုံကို မျက်မှန်းကျိုးလာတာပဲ အဖတ်တင်သည်။ ဒေဝီ့ဆန္ဒက နေခက်ထန်နှင့် ငြီးချင်တာ။ ရင်းနှီးပတ်သက်ချင်တာဖြစ်ပေမယ့် အခြေအနေက ထင်သလိုဖြစ်မလာခဲ့။

မြသည်းကတော့ ခဲမှန်ဖူးသည့် စာသူငယ်မို့ မည်သူ့ကိုမှ မယုံကြည်။ အားလုံးကို စိုးရွံ့စိတ်နှင့် ကြည့်သည်။

သူမရင်ထဲမှာ အမုန်းတရားတွေပဲ ရှင်သန်ကြီးစိုးနေသည်။ လူတွေကို ဒုက္ခမပေးသည့်အမုန်းတွေ။

လူတွေနှင့်မပတ်သက်နိုင်။ တတ်နိုင်သမျှ အဝေးဆုံးကရှောင်ကြဉ်မည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သည်နှင့် ဒေဝီ့လုပ်ငန်းတွေ ပြန်စသည်။ ဓာတ်ပုံရိုက်တာ၊ ရှိုးလျှောက်တာ၊ မင်္ဂလာညှော်ခံပွဲတွေမှာ ပါဝင်ဆောင်ရွက်ရတာ။ နောက်…ရုပ်ရှင်၊ ဗီဒီယိုတွေမှာ ဇာတ်ရံအဖြစ်ပါဝင်ရတာတွေ။

ဒေဝီဟာ ယခုမှ လုပ်ငန်းစသူမို့ မင်းသမီး မဖြစ်သေး။ သည်လိုပဲ အရံအဖြစ်သာ ပါဝင်နေရပါသည်။

သည်နေ့မနက်မှ ဒေဝီသွားရမှာ ဓာတ်ပုံရိုက်ရန် မဂ္ဂဇင်းတစ်ခုမှာ ဖိုတိုမော်ဒယ် လုပ်ပေးရမှာ။ အင်တာဗျူးပါပေါ့။

သူမတို့လို အသစ်တွေအတွက် အင်တာဗျူးတွေ၊ ဆောင်းပါးတွေမှတစ်ဆင့် ပရိသတ်သိအောင် ကြိုးစားရသည်မဟုတ်ပါလား။

သည်နေ့ ဓာတ်ပုံတွေ ဝေဝေဆာဆာ လှလှပပရိုက်ပြီး အင်တာဗျူးစရာ ရှိသည်။ ဆောင်းပါးရေးမည့်၊ အင်တာဗျူးမည့်သူကိုသွားခေါ်ပြီး ဓာတ်ပုံရိုက်မည့်နေရာသို့ သွားကြရမည်။

ကားကို ဒေဝီကိုယ်တိုင် မောင်းမှာ။ မြသည်းကတော့ သူမ၏အဝတ်အိတ်ကိုသယ်ပြီး လိုက်ရမည်။

ထုံးစံအတိုင်း ဒေဝီက သူမကို အဆင့်ခွဲခြားဆက်ဆံမှာမို့ မြသည်း ကိုယ့်စိတ်ကိုယ် ကြိုတင်ပြီး ပြင်ဆင်ထားရပါသည်။

ဒေဝီက လှလှပပလေး ပြင်ဆင်ထားပေမယ့် မြသည်းကတော့ ဘောင်းဘီရှည်၊ တီရှပ်လေးနှင့်သာ။ အပေါ်မှ နေခက်ထန်ဝယ်ပေးသည့် ဆွယ်တာကြည်ပြာ။

ဂျင်းဘောင်းဘီအပြာဖျော့၊ တီရှပ်အဝါနု၊ ဆွယ်တာအပြာ။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံးဝတ်စဉ်ပေမယ့် မြသည်း အဆင်ပြေပြေလေး လှနေပါသည်။

မျက်နှာကလည်း သနပ်ခါးပါးပါးလေး။ နောက်…ခရင်းပတ် ပုတ်၊ မှုန်နေ၊ ဖွေးဥနေပါသည်။

"ဟိုကျရင် ဆတ်စလူးမခါနဲ့နော်။ ငါ ဘာလိုမလဲ၊ ခိုင်းလိုက် ရင် အဆင်သင့်ရှိပစေ"

"ဟုတ်ကဲ့ပါ"

"နင်က နောက်ကထိုင်၊ ကိုခေတ်ဆီရောက်ရင် သူ ရှေ့က ထိုင်လိမ့်မယ်"

"ဟုတ်ကဲ့"

သူမတို့ ထွက်မလို့ပြင်ဆင်နေကြတုန်း ကားနှင့် အိမ်ရောက်သူ ကား နေခက်ထန်။

"နင်တို့ ဘယ်သွားကြမှာလဲဟေ့"

နေခက်ထန်အသွင်အပြင်က လန်းမှလန်း၊။ ခေတ်ရုံတန်ရုံ မင်းသားတွေထက် အများကြီးသာသည်။ စတိုင်က အမိုက်စား၊ မျက်မှန်ကလည်း ခပ်လန်းလန်း။

"ခာတ်ပုံရိုက်၊ အင်တာဗျူး"

"ဘယ်သူဗျူးမှာလဲ"

"ခေတ်မိုးစွေလေ…ဆောင်းပါးရှင်၊ ဂျာနယ်တိုက်ပိုင်ရှင်"

"သူက နာမည်ပျက်ရှိတယ်နော်။ သတိထား…ငါ လိုက်ပို့ ရမလား။ ငါ့မြင်တော့ လူရှိန်တာပေါ့ဟာ"

"တော်ပါ…ဒေဝီက ကိုခေတ်ဆီက အကူအညီတွေ ယူရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ။ ဒီလိုပဲ အီစီကလီရိုက်ပြီး အသုံးချရဦးမှာ။ သူက ဂျာနယ်ပေါင်းစုံနဲ့ မဂ္ဂဇင်းတွေမှာ ပင်တိုင်ဆောင်းပါးတွေ ရေးနေတာ။ ကြော်ငြာအားကလည်း လိုသေးတယ်...ကိုနေရဲ့"

"အေးပါ...ကြည့်လည်းလုပ်၊ တော်ကြာ နာမည်ထွက်ပြီး ပုပ်စော်နံနေဦးမယ်"

"ဒေဝီ နားလည်ပါတယ် ကိုနေရာ...မပူစမ်းပါနဲ့။ ကဲ... သွားလိုက်ဦးမယ်နော်"

"နင့်ဇယားထဲ ဒီကောင်မလေးလည်း ဘုမသိ၊ ဘမသိနဲ့ ဝင်ညပ်နေဦးမယ်။ မြသည်းအတွက် နင့်မှာ တာဝန်အပြည့်ရှိတယ်"

"အောင်မာ... သူက ဒေဝီ့ကို စောင့်ရှောက်ရအောင် လိုက်တာ။ ဒေဝီ့အတွက်ပဲ သူ တာဝန်ယူရမယ်။ သူ့အတွက် ဒေဝီ တာဝန်ယူစရာမလိုပါဘူး"

"ကြားလိုက်မှဖြင့် သောက်ဆန်းကြီးဟော့။ မြသည်းရေ... နင့်ကိုယ်နင်လည်းထိန်း၊ သူ့အတွက်လည်းထိန်း၊ သူကတော့ ရှုပ်ထွေးတဲ့လမ်းကြောင်းပေါ် လျှောက်နေတာပဲ။ နင် နေတတ်စားတတ်မှ၊ အကင်းပါးမှ ရမယ်နော်။ တစ်ခုခုဆို ငါ့ဆီဖုန်းဆက်"

"ဦးနေ ဖုန်းနံပါတ်"

"မြသည်းကိုပေးထားတဲ့ဖုန်းထဲမှာ အရေးကြီးဖုန်းနံပါတ်တွေလည်း ထည့်ထားတယ်။ ဦးနေဖုန်းနံပါတ်လည်း ရှိတယ်"

"ဟုတ်ကဲ့ပါ"

နေခက်ထန် မြသည်းရုံကို သေသေချာချာမှာနေတုန်း ဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဆောင့်မောင်းထွက်လာခဲ့၏။ မြသည်းက နောက်ဘက်မှ စီးရသည်။ အထုပ်ဆွဲ၊ မိတ်ကပ်ဗူးဆွဲ။

တစ်လမ်းလုံး ခပ်ကြမ်းကြမ်းမောင်းနေပုံက ဒေါသမပြေသေးသည့်ပုံ။ မြသည်း ရင်မ,နေရ၏။ ဘယ်တွေရောက်နေလို့နေမှန်းလည်း သူမ မသိပါ။

တော်တော်ကြာမှ တိုက်ခန်းတစ်ခုဆီသို့ ရောက်သွား၏။ တိုက်ခန်းတွဲကြီး…လမ်းဘေးမှာ ကားကို ထိုးရပ်ခဲ့ပြီး ဒေဝီဖုန်းဆက်တာမြင်ရသည်။

"ကိုခေတ်…ဒေဝီ ရောက်ပြီ"

"အိုကေ…အိုကေ…ကိုယ်လာပြီ"

"ခေတ်ပုံဆရာ ပါသေးလား…အောက်ဒိုး"

"ကိုယ်ပဲ ရိုက်ပေးမှာလေ။ စိတ်ချပါ…ဒေဝီ မလှမှာ မစိုးရိမ်ပါနဲ့"

"မစိုးရိမ်ပါဘူး…ဒေဝီက လှပြီးသားပဲ"

တစ်ဖက်မှရယ်သံက ဆွဲဆောင်မှုအပြည့်။ မြသည်းကတော့ နောက်ဘက်မှာထိုင်ရင်း ဒေဝီ ဘယ်အချက် ထယောက်လိုက်မလဲ၊ မာန်မလဲ၊ ရိုက်မလဲသာ စောင့်နေရပါသည်။

ခဏချင်းပင် တိုက်ခန်းတစ်ခုမှ ခေတ်ပေါ်ဒီဇိုင်းနှင့် လူငယ်တစ်ယောက် ဆင်းလာခဲ့သည်။ နေခက်ထန်တို့အုပ်စုလို ယဉ်ယဉ်ကျေးကျေးပုံစံတော့ မဟုတ်။

ဆံပင်ရှည်ကို နောက်မှာစုစည်းထားပြီး ဘော်ပီစားပုံက



www.burmeseclassic.com

www.burmeseclassic.com



ခေတ်လွန်ဒီဇိုင်းနှင့်။

"ဒေဝီ...တစ်ယောက်တည်းမှတ်လို့"

"မာမီ ရှာပေးထားတာလေ။ သက်တော်စောင့်...လက်တို သက်တောင်းပေါ့"

"အဟားဟား...သူ့သက်တော်စောင့်လေးက အလန်းလေးပဲ။ သူ့မာမီက အရှာတော်တယ်"

"မာမီက တော်တယ်လေ။ ကဲ...တက်"

ခေတ်မိုးဇွေ တက်ပြီးသည်နှင့် ဓာတ်ပုံအောက်ဒိုးရိုက်ဖို့ ကားလေး ထွက်လာခဲ့သည်။

* * *

မြသည်းက အဝတ်ခေါက်၊ အိတ်သယ်။ ခေတ်မိုးဆွေက ဒေဝီကို အမူအရာတွေ သင်ပေး၊ ကိုင်လိုက်တွယ်လိုက်၊ ပူးပူးကပ်ကပ်။ မြသည်းကတော့ ကြည့်နေရုံ။

လော့ကားဥယျာဉ်ထဲမှာ၊ တောထဲတောင်ထဲ အလှရိုက်နေသည့် ဓာတ်ပုံဆရာနှင့်မော်ဒယ်။ မြသည်း အံ့သြရပါသည်။

လူတစ်ကိုယ် ဝါသနာတစ်မျိုးပါပဲ။

သည်စဉ် ဖုန်းဝင်လာသဖြင့် မြသည်း ဖွင့်ရသည်။

"မြသည်း...နင်တို့ ဘယ်မှာလဲ"

"လော့ကားမှာ ဦးနေ"

"ဘယ်သူတွေပါသေးလဲ...အဝေးကြီးပဲ။ သတိထားနေ...



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကြီးက မဖွယ်မရာ၊ ဘာဖြစ်လို့ အဝေးကြီးသွားရတာလဲ"

"မြသည်းက နောက်လိုက်ပါ...ဦးနေ"

"အေး...ငါ လိုက်လာမယ်။ ငါ ဗလကိုပါ ခေါ်လာမယ်"

ဖုန်းချသွားတော့ မြသည်း ဘယ်လိုတွေးရမှန်းမသိ။ ဦးနေဟာ ဒေဝီ့ကို စိတ်မချလို့ထင်သည်။

ခေတ်မိုးစွေပုံစံကတော့ ဒေဝီ့အပေါ် ညွတ်ညွတ်နူးနူး။ ဒေဝီကလည်း လိုက်လိုက်လျောလျော။ သူတို့ကြည့်ရတာ ရုပ်ရှင်ရိုက်နေကြသည့်နှယ်။ ချစ်သူတွေကျလို့။

ပို့(စ်)အမျိုးမျိုးနှင့် ဓာတ်ပုံတွေ ရိုက်နေကြတာ နာရီပေါင်းများစွာ။ အစားအသောက်တွေ ဝယ်ထည့်လာကြတာမို့ စားလိုက်ကြ သောက်လိုက်ကြ။

သူတို့လိုပဲ အခြားအဖွဲ့တွေလည်း ရှိပါသည်။ တစ်နာရီလောက်ကြာတော့ နေခက်ထန်နှင့်ဗလတို့ ကားနှင့်ရောက်ရှိလာကြသည်။

အခြေအနေတွေကို မြင်သွားတာပေါ့။

"ဓာတ်ပုံရိုက်တာ ကြာလှချည်လား။ ဒေဝီ...စည်သူ မအားလို့ ငါတို့ကို အကြိုလွှတ်လိုက်တာ"

ဗလ...ဒေဝီ့ကို သွားပြောလျှင် ဒေဝီ စိတ်တွေဆိုးနေလေ၏

"ဒီမှာ ရိုက်မပြီးသေးလို့ပေါ့။ ကိုခေတ်ကို ဘယ်လောက် အားနာစရာကောင်းသလဲ။ ဒေဝီ့မှာ မြသည်း ပါသားပဲ"

"မြသည်းက ကလေးပဲ။ နင့်အတွက် အဖော်ကောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘဲ။ ကဲ…မပြီးသေးလည်း ရိုက်…ရိုက်ပါ။ ငါတို့ စောင့်နေမယ်"

အစီအစဉ်က မချောမွေ့တော့။ မြသည်းကတော့ အရုပ်လေးပါ။ ဘာမှ အစွယ်အဆိပ်မရှိသည့် ဒေဝီအရုပ်။ ထားရာနေ၊ ရာသွား။ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးပေါ့။

ယခုတော့ နေခက်ထန်နှင့်ဗလ ဝယ်လာသည့် အစားအသောက်များကိုစားကာ သစ်ရိပ်တစ်ခုမှာ ထိုင်စောင့်ရင်း အဆင်ပြေနေလေ၏။

"ဒေဝီ တော်တော်ခက်တယ်။ ဒီလောက် အဝေးကြီးထိလာဖို့ကောင်းဘူး"

"မြသည်းပါ အန္တရာယ်ရှိနိုင်တယ်"

သူတို့ပြောသည့် ဝေးတာတွေ၊ အန္တရာယ်ဆိုတာတွေ မြသည်း နားမလည်ပါ။

လာမယ့်ဘေး ပြေးတွေ့ရရုံပဲပေါ့။

ထိုနေ့က ညနေ (၄)နာရီထိုမှ အိမ်ပြန်ခဲ့ကြသည်။

နေခက်ထန်နှင့်ဗလတို့က အိမ်တိုင်ရာရောက် ပြန်ပို့ပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

မြသည်းရောက်တာ (၃)လလောက်ရှိသည့်အခါမှာတော့ သူမ
ပုံစံက အစစအရာရာ အဆင်ပြေချောမွေ့သွားပေပြီ။

ဒေဝီ သွားလေရာလိုက်ရရင်း မြသည်းကိုလည်း ခင်မင်လာ
ကြလေ၏။ ဒေဝီ ဘယ်လိုပင် ဖိထားထား သူမ၏အလှအပနှင့်
ထက်မြက်မှု၊ ကိုယ်ရည်ကိုယ်သွေးတို့ကြောင့် ဒေဝီအသိုင်းအဝိုင်းမှ
မှတ်မှတ်ထင်ထင် ဖြစ်လာကြသည်။

မြသည်း အရင်လို နုံနုံအအလေး မဟုတ်တော့။ မနေ့က
ဆိုလျှင် မြသည်းကိုပါ မင်းသမီး၏သူငယ်ချင်းခန်းထဲ ထည့်ရိုက်ခဲ့
ကြသည်။

ဒေဝီကိုယ်တိုင်လည်း သူငယ်ချင်းခန်းပဲရှိသေးတာမို့ မြသည်း
ကို သူငယ်ချင်းခန်းထဲထည့်တာ မနာလိုဖြစ်မိသည်။ မကောင်းဘာတ်
လို့သာ ငြိမ်နေလိုက်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဆရာ ဖြစ်ပါ့မလား။ သူက နုံနုံအအနဲ့။ တော်ကြာ အဆင်မပြေတွေဖြစ်ကုန်ရင် ဒေဝီ့အဆိုး မဆိုနဲ့နော်"

"ရပါတယ်…သူ့ပုံစံလေးက လှတပတလေး။ မင်းသမီးရဲ့ သူငယ်ချင်းလုပ်လို့ လိုက်ဖက်တယ်။ ဇာတ်ရုံအတွက်လည်း ငှားမနေတော့ဘူးပေါ့။ မြသည်းလည်း ဒေဝီ့နောက်လိုက်ရင်း မျက်စိရည်နားလည် ဝနေပြီပဲ"

ဒေဝီ မကျေနပ်ပေမယ့် ဒါရိုက်တာကြီးကို မလွန်ဆန်ရဲ။

သူ့လို မော်ဒယ်မဟုတ်၊ အသံသည်းအသန် မကြိုးစားရဘဲနှင့် ဒီဒီယိုထဲ ဝင်ရိုက်ရတာ မကျေနပ်။ သို့သော် မြသည်းကလည်း အောက်မယ့်မီးခဲ တရဲရဲဆိုသလို ရှိုးတိုးရှန့်တန့်မဖြစ်ဘဲ သရုပ်ဆောင်နိုင်ခဲ့သည်။

အိုဗာမဖြစ်။ သဘာဝဖက်ရှင်နှင့် သဘာဝအိုက်တင်။

ဇာတ်လမ်းအရ နောက် (၄-၅) ခန်းပါ ဆက်ရိုက်ရဦးမတဲ့။ အဝတ်အစားကလည်း သူမ ဝတ်နေကျအတိုင်း ဝတ်ရုံ။

"သမီးကို မုန့်ဖိုးပေးမယ်နော်။ နည်းတယ်…များတယ် အောက်မေ့နဲ့"

မင်းသမီး၏သူငယ်ချင်းခန်းမှာ ပါဝင်ရသည့်အတွက် ဒါရိုက်တာ၊ ပရိုဂျူဆာကြီးက မုန့်ဖိုး (၂)သိန်းပေးတော့ သူမမှာ အံ့အံ့သြသြ။ ဒေဝီတို့ မည်ရွေ့မည်မျှရသည်လည်း မသိပါ။ သူတို့ကတော့ မိတ်ကပ်ဖိုးတွေ၊ အဝတ်အစားဖိုးတွေက မနည်း။

မြသည်းကတော့ အထူးတလည် မပြင်ဆင်ဘဲ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဝင်ပြီးသရုပ်ဆောင်ရတာမို့ ငွေ (၂)သိန်းက အသားတင်။ စုထားလိုက်ရုံသာ။ တစ်နေ့မှာ မြသည်း မိမိကိုယ်ကို ပြန်ရွေးနိုင်ရမည်။ ပရိုဂျူဆာ ဦးလေးကြီးက ရေစက်ပါသည့်နှယ်။ မြသည်းကို ခင်သည်။

"သမီးက အန်ကယ့်မဟော်သီနဲ့ ရုပ်ချင်းဆင်တယ်။ မဟော်သီနဲ့ ရုပ်ချင်းဆင်မှတော့ အိမ်ကသမီးနဲ့လည်း ဆင်တော့တာပေါ့။ ညီအစ်မတွေဆိုရင် ယုံလောက်တယ်"

"ဩော်..."

မြသည်း စကားနည်းပါသည်။ ပရိုဂျူဆာ၊ ဒါရိုက်တာကြီး ဦးနီဇော်၏ ပဋိသန္ဓာရစကားကို ပြန်ပြီးမချေပတတ်ပါ။

မည်သို့ပင်ဖြစ်စေ ဦးနီဇော်ဟာ ပရိုဂျူဆာ၊ ဒါရိုက်တာကြီးမို့ မြသည်းကိုပါ သူ့စတီဒီယို၊ ရုပ်ရှင်တွေမှာ ဇာတ်ရုံခန်းလေးများမှ ထည့်သွင်းအသုံးပြုဖို့ ကမ်းလှမ်းလာခဲ့သည်ပါပဲ။

"မြသည်းရုံက ဖိုတိုဂျင်းနစ် ဖြစ်တယ်။ ရုပ်ရော၊ အမူအရာရော သဘာဝကျတယ်။ အိုဗာမဖြစ်ဘူး။ အိုက်တင်က အပိုအလိုမရှိ ကွက်တိပဲ။ ဒါ..ပါရမီခေါ်တယ်"

"ဟင့်...အန်ကယ်ဇော်တော့ ကျီးကန်းကို သူကောင်းမြှောက်နေပြီ။ တော်ကြာ ချီးခြောက်ကောက်စားနေလိမ့်မယ်"

"ကြံကြံဖန်ဖန် ဒေဝီရယ်...သမီးကိုလည်း ဇာတ်ရုံနေရာတွေမှာ သုံးပါ့မယ်။ အလှေ့အကျင့်တွေရတော့မှ ကားကြီးတွေမှာ ဇာတ်လိုက်မင်းသမီးအဖြစ် စမ်းသုံးမယ်။ မကြာတော့ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီက ထားပါတော့။ လက်ရှိ မော်ဒယ်လုပ်၊ ရှိုးလျှောက်၊ ပွဲတွေတက်၊ ဓာတ်ရုံလုပ်နေရတာလည်း ဆယ်ကားကျော်ပြီ။ ဒီ… မြသည်းရုံလို ဘာမဟုတ်တဲ့ ဘာမှကိုမဟုတ်တဲ့ မိန်းကလေးကျ ဦးစားပေးတယ်။ အန်ကယ်တို့လောက,က တစ်မျိုးကြီးပါလား"

"သူ့မှာ ပါရမီရှိတယ်လေ…ရုပ်ခံရှိတယ်။ အထူးခြားဆုံးကတော့ ကင်မရာမကြောက်တာပဲ။ ကိုယ့်သမီးနဲ့ ရုပ်ချင်းဆင်လို့ ခင်မင်မိသွားတာလည်း ပါမှာပေါ့"

"ဒါပဲနော် အန်ကယ်… သူက ဒေဝီ့ရဲ့ အထိန်းတော်၊ အိမ်ဖော်ပါ။ အန်ကယ်က သူ့ပါ မင်းသမီးလုပ်ရိုက်နေတော့ ဒေဝီ့ အတွက် ဟာတာပါ။ အလုပ်မဖြစ်တော့ဘူး။ နောက်နေ့တွေ သူ့ကို ထားခဲ့တော့မယ်"

ဒါက ဒေဝီ မြသည်းရုံအတွက် မနာလိုလို့ ခြိမ်းခြောက်တာ။ ဦးနီဇော် သိပါသည်။ မြသည်းရုံ၏ဘဝဟာ ဘယ်လောက်တောင် ဆိုးရွားခဲ့ပါလိမ့်။

"အဝတ်အစား ဝယ်ပေးရမှာစိုးလို့လား။ ရိုက်ကွင်းနဲ့ ဝတ်သက်တာ၊ ဝတ်သင့်တာ အန်ကယ် ဝယ်လာခဲ့မယ်။ အိမ်က မဟောသီကို အကူအညီတောင်းလိုက်မယ်။ သူ့မှာ ဖက်ရှင်ရှော့(၃) ရှိတယ်"

ဦးနီဇော်ကို သိပ်ပြီးအတိုက်အခံမလုပ်ရဲပေမယ့် ဒေဝီ တော်တော် တင်းနေမိသည်။

ဟင်း…ကော်ဇောပုံစီးသလို ငါ့ကိုစီးပြီး အထက်တက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ။ ငါ့တုန်းကတော့ ဒီလိုလေးဖြစ်လာဖို့ အသက်ထွက်မတတ် လှုပ်ရှားလိုက်ရ၊ ကြိုးစားလိုက်ရတာ။ သူ့ကျ လွယ်လွယ်လေး။ ငါ့နောက်လိုက်ပြီး ထဘီခေါက်ရင်း နေရာရနေတယ်။ မင်းသမီး အချောင်ဖြစ်တော့မလိုဘဲ။

အပြန်လမ်းတစ်လျှောက် ဒေဝီ မြသည်းရဲ့ကို ဆူပူကြိမ်းမောင်း နေ၏။ မစ္ဆရိယစိတ်များ… တယ်ကြောက်ဖို့ကောင်းသကို။

အိမ်ရောက်တော့ ဒေါ်သက်မာနှောင်းကို တိုင်လိုက်တာ။ ညှော့ခန်းထဲ လူစုံစုံမှာ မြသည်း အဆူခံနေရပါ၏။ ည (၉)နာရီ လောက်မှ ရိုက်ကွင်းက ပြန်လာရပေမယ့် မနားရသေးပါ။

"မာမီ့ဟာမက လက်စောင်းတွေ ထက်နေလိုက်တာ။ သူက သမီးကိုမို့ပြီး ခု…ဗီဒီယိုထဲ ဝင်ရိုက်နေရပြီ မာမီ…သမီးကို ဘာမှ လုပ်မပေးနိုင်တော့ဘူး"

"ဟေ…သူ့ကျ…မင်းသမီးဖြစ်ရတာ တယ်လွယ်ပါလား။ ဘယ်လိုဖြစ်တာလဲ…သမီးမှာတော့ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲ ဆောင်းပါးတွေ၊ ဓာတ်ပုံတွေ၊ အင်တာဗျူးတွေပါအောင် လုပ်လိုက် ရတာ။ ရိုးပွဲတစ်ပွဲ…တစ်ပွဲလျှောက်ရင်လည်း ကုန်လိုက်တဲ့ငွေ အဝတ်အစားဖိုးဆိုလည်း ဟောခနဲ…ဟောခနဲ။ နောက်က ပံ့ပိုးလိုက် ရတာ"

"သူ့ကျ ဘာမှမဟုတ်၊ ဘာမှမရှိဘဲနဲ့ လွယ်လိုက်တာ။ ဘယ်လို…ဘာတွေများ ပစ်ပေါင်းနေပါလိမ့်"

"မသိဘူး…မာမီ၊ သမီးက ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မျက်လုံးဒေါက်ထောက်ပြီး ကြည့်အားတာမဟုတ်ဘူး"

"ဒါဆို သမီး မယ်ချစ်ကိုခေါ်သွားပြီး သူ့ကိုထားခဲ့… သူ့ကို မီးဖိုထဲချနိုင်းမယ်"

ညှော်ခန်းထဲ ဦးဇည်းနှင့်ဒေါ်သက်မာနှောင်း၊ ဒေဝီတို့ပုံစံက ဘာရားစီရင်နေသည့်နှယ်။ မြသည်းကို ဆိုဖာပေါ်ထိုင်ခွင့်ပေး။

ရှေးခေတ်က ကျေးတော်ကျွန်တော်မျိုးတွေလို ကြမ်းပြင်မှာ ပုဆစ်တုပ်ပြီး မော်ဖူးစေလို့ လုပ်ချင်နေကြပေမယ့်…

မြသည်း ပုဆစ်မတုပ်။ ကြမ်းပြင်မထိုင်။ မတ်တတ်ရပ်ပြီး ခေါင်းငုံ့၊ လက်နှောက်ပစ်ထားသည်။ ပြောချင်တာပြောကြပေါ့။ ချင်တို့ခေတ်ပ။

"အဲလိုလည်း မဖြစ်သေးဘူး မာမီ…ဦးနီဇော် စိတ်ဆိုးသွားရင် မလွယ်ဘူး။ သူ့ကုမ္ပဏီက သူ ပရိုဂျူဆာလုပ်ပြီး ရိုက်မယ့်ကားတွေ အများကြီး…သမီးကို မသုံးရင် နစ်နာမယ်"

"ဒါဆို မာမီက သမီးအတွက် ဘာလုပ်ပေးရမှာလဲ"

"မာမီ့လူကို မာမီ ပြောထားပေါ့။ ကောင်းကောင်းမွန်မွန်နေ ခို…တော်ကြာ ဒီလောက,က ရှုပ်ရှုပ်ထွေးထွေး၊ သူက မအူမလည် နဲ့…မကြားဝံ့မနာသာတွေ ဖြစ်ကုန်မှာစိုးလို့ပါ"

"သမီးက သူ့သာပြောနေတယ်။ ကိုယ့်ကိုယ်ကိုလည်း သတိ ထားဦး… ထိန်းဦး။ ညပွဲတွေဆို ကိုကို့ကိုခေါ်၊ သူ မအားလည်း ကိုနေတို့၊ ဗလတို့ တစ်ယောက်ယောက်ကိုခေါ်၊ အရဲမကိုးနဲ့။ မြသည်းက အဖော်ဖြစ်ရုံ။ အားကိုးလောက်တာ မဟုတ်ဘူး…



www.burmeseclassic.com

www.burmeseclassic.com



သတိထား''

ဒေဝီ ကိုယ့်ဘက်လည်လာသဖြင့် အပြစ်တင်ရှုတ်ချပွဲကို မြန်မြန်အဆုံးသတ်လိုက်ရသည်။ တော်ကြာ ကိုယ့်ရှုးကိုယ်ပတ်နေ မှဖြင့်။

''ကဲ…ကဲ…သွား…နားတော့၊ အိပ်တော့''

''ထမင်းမစားကြတော့ဘူးလား…သမီး''

''ရိုက်ကွင်းက စားခဲ့တယ် မာမီ၊ ရေချိုးပြီး အိပ်တော့မယ်''

နှစ်ယောက်လုံး အပေါ်ထပ်တက်သွားကြလေမှ စည်သူငြိမ်း စာကြည့်ခန်းထဲမှ ထွက်လာ၏။ ဧည့်ခန်းထဲမှ စကားအလုံးစုံကို သူ ကြားရမြင်ရသည်လေ။

''မာမီ့ဟာမလေးက ဆင်ဦးစီးကို ပြန်သတ်မယ့်ဆင်လိုပဲ ဘယ်ချက် ဒုက္ခပေးမယ်မသိဘူးနော်။ ကျိုးကျိုးနွံနွံလည်း မရှိဘူး ထောင့်မကျိုးဘူး။ ထွေးရင်တို့…မယ်ချစ်တို့လို မဟုတ်ဘူး''

ဦးဗညား မနေသာ။ ဝင်ပါရပြန်သည်။

''သူက ဇာတိ၊ ပညာ၊ ဂုဏ်မာနနဲ့ နေလာခဲ့တဲ့သူ။ သူ့ရွာမှာ သူ လွတ်လပ်စွာ နေခဲ့ရတယ်။ သူ့ကျောင်းမှာ သူ စာအတော်ဆုံး ဆရာ၊ ဆရာမတွေကလည်း ဖူးဖူးမှုတ်၊ သူ့အသိုင်းအဝိုင်းနဲ့သူ တင့်တယ်ထည်ဝါစွာ နေလာခဲ့တဲ့သူပဲ။ ထွေးရင်တို့၊ မယ်ချစ်တို့နဲ့ ဘယ်တူမလဲ။ ပြီးတော့ မိထွေးက မတရားရောင်းစားတာ ခံခဲ့ရသူ ခုတ်ရာတခြား၊ ရှရာတလွဲ…လောကကြီးကို သူ နာကြည်းမှာပေါ့''

ဒေါ်သက်မာနှောင်း နှုတ်ခမ်းလှုလှုကို မဲ့လိုက်၏။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဖြသည်း သူ့သမီးလို ဗီဒီယိုရိုက်ရတော့မည်ဆိုကတည်းက နားကြား ပြင်းကပ်နေခဲ့တာ။

"အဲဒီတော့ သူ့ကို ကိုးကွယ်ထားရမှာလား။ နှင်းတို့က သူ့ကို ခေါင်းပေါ်တင်ထားရမှာလား"

"မဟုတ်ပါဘူးကွာ...သူ့အပေါ် စိတ်ကောင်းလေးမွေးပြီး အဆင်ပြေအောင် ဆက်ဆံရင် ကောင်းမယ်ထင်လို့ပါ။ အသလွတ် နှိပ်ထားရင် မင်းတို့ ကိုယ့်ရှူးကိုယ်ပတ်ပြီး ကိုယ့်ဒုက္ခကိုယ်ရှာ သလို ဖြစ်မှာစိုးလို့ပါ"

"အိုး...ဘယ်ရမလဲ။ ဒီလောက်ချိုထောင်ချင်တဲ့ မိန်းမကို ပုံစံကောင်းကောင်း ပြလိုက်ရုံပေါ့။ ကြည့်နေ...အဝတ်အစားကစ စုတ်ပြတ်သတ်နေအောင် ပစ်ထားလိုက်မယ်"

"ကြည့်လိုက်ပေါ့ကွာ...သူ့မှာလည်း သူ့ဘုန်းသူ့ကံနဲ့ပါ။ လောကမှာ မကောင်းတာရှောင်၊ ကောင်းတာဆောင်၊ ဖြူအောင် စိတ်ကိုထားဆိုတဲ့စကားကိုလည်း မေ့မထားကြပါနဲ့"

"ရှင်သာ အသာနေစမ်းပါ။ သမီးနဲ့ကျွန်မ သူ့ကို ဦးကျိုး အောင် နှိပ်ကွပ်ပြပါ့မယ်...ကြည့်နေ"

ဦးဗညား ဆေးမတိုးတော့သည့် သမီးနှင့်ဇနီးအား ခေါင်းကို ဖြည်းညင်းစွာခါပြီး ကြည့်နေတော့ရုံ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၃

သည်နေ့ရိုက်ကွင်းမှာ မြသည်းလည်း ပါရမည်။ မင်းသမီး၏ သူငယ်ချင်း။ ဒေဝီကလည်း မင်းသမီး၏သူငယ်ချင်း။ အပေးအယူမျှ အောင် ဆက်ဆံပေါင်းသင်းရမည်တဲ့။

အဲသည်မှာ အဝတ်အစားကစပြီးကွာပြီ။ သူဌေးသမီးအခန်း တွေမို့ သူတို့ဝတ်ထားတာတွေက ရှယ်။

မြသည်းဝတ်ထားရတာက ဒေဝီ့အကျတွေ။ ဒေဝီ တမင် တကာ စိတ်ပုပ်ပြီး သူပေးထားသည့်အဝတ်တွေ ပြန်ယူသွားပြီမို့ (၂)စုံ၊ (၃)စုံပဲ ကျန်တော့သည်။

ကောင်းကောင်းကန်းကန်းကို မကျန်။

ရိုက်ကွင်းသို့ ဝတ်လာရတာကိုက ကျွန်စုတ်ပစ်သည့် သရက် စေ့။ ဂါဝန်အဟောင်းလေးနှင့်။ မြသည်း စိတ်မပျက်ပါ။ ဒါလည်း လောကဓံတစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူ့သဘာဝကြီးကိုက ကိုယ့်ထက် နိမ့်ကျစုတ်ပြတ် လူရာမဝင်မှု ကျေနပ်ကြတာလေ။

ရိုက်ကွင်းပြင်ဆင်နေတုန်း ဦးနီဇော် ကားနှင့်ရောက်လာခဲ့ပြီး သူ့အဖွဲ့သားများကို နှုတ်ဆက်လိုက်ရင်း မြသည်းရှိထံ လျှောက်လာ၏။

"ရော့…သမီး ဇာတ်ဝင်ခန်းအတွက် အဲဒီဝတ်စုံ(၃)စုံသာ လှည့်ပတ်ဝတ်နေပေတော့။ တစ်ရက် တစ်ခန်း၊ တစ်စုံပေါ့ကွယ်… အိုကေ"

"အိုကေ…ဘဘ"

"ဝိုး…ဒါမှ ငါ့သမီး"

ဦးနီဇော်အသွင်က ဆရာကြီးမင်းသိင်္ဂလို အမွေးတွေ၊ အမျှင်တွေနှင့် ဘိုးတော်ပုံစံမို့ မြသည်းရှင်ထဲ ဘဘလို့ ခေါ်ချင်နေမိတာ။

အန်ကယ်ဆိုတော့ လှျာယားသည်လေ။ သူမက တောသူ။

ဦးနီဇော်က အသက်လည်း (၅၀) လောက်တော့ အနည်းဆုံး ရှိမည်။ ပျော်တတ်သလို တည်တည်ကြည်ကြည်လည်း ရှိပါသည်။

မြသည်း၏ခေါင်းလေးကို ချစ်စနိုးပုတ်လိုက်ပြီး ရိုက်ကွင်းဘက်သို့လျှောက်သွားရင်း အော်ပြောခဲ့ပုံက အားပါးတရနှင့် ရင်းရင်းနှီးနှီး။

"သမီးရေ…အဲဒီမှာ မိတ်ကပ်တို့၊ နှုတ်ခမ်းနီတို့ပါတယ်။ သမီးအတွက် အိမ်ကပေးလိုက်တာ။ ငါပြောတာနဲ့ သမီးအန်တီက ချစ်နေသတဲ့။ တစ်နေ့လောက် ခေါ်ခဲ့ပါတဲ့။ မိတ်ကပ်လိမ်းတာ



www.burmeseclassic.com

www.burmeseclassic.com



သူများတွေကြည့်ပြီးလိမ်းပေါ့"

သူ ရိုက်ကွင်းဘက်တွေရောက်သွားတော့ မင်းသားကို ပြင်ပေးနေသည့် အခြောက်က မဲ့ကာရွဲ့ကာနှင့်။

"အမလေး…သူ့မှာ များလိုက်တဲ့သမီးတွေ။ တို့နဲ့များကွာပါ့။ တို့ကတော့ သမီး မမွေးဘူး။ သားပဲမွေးတယ်။ သမီးတွေမွေးရတာ ဝမ်းရေစပ်တယ်။ အလကား…အားလည်းကိုးရတာမဟုတ်ဘူး"

မင်းသားက နေသာ်ါ။ သူ့အပေါင်းအသင်း (၂)ယောက်က လည်း သည်နေ့ပါလာသဖြင့် သူတို့အဖွဲ့က စိုစိုပြေပြေ။

မာမီ့ကို ဝိုင်းဟားနေကြ၏။

"မာမီက သားပဲ အားသန်တယ်ပေါ့…ဟုတ်လား"

"ဟုတ်တယ်လေ…မာမီတို့ကတော့ သားမှသားပဲ။ စကားပုံ တောင်ရှိသေး…သားဆိုတာ အားတဲ့။ မာမီ့ရဲ့အားဆေးလေးတွေ"

"အားဆေးမဟုတ်ဘဲ ကျားလေးတွေဖြစ်နေရင် မာမီ တားဆေးဆောင်နေရမယ်နော်"

"အိုအေ…ဆောင်ရဆောင်ရပါ။ မာမီတို့ကတော့ သားမှ သားပဲ။ အားဖြစ်ဖြစ်…ကျားဖြစ်ဖြစ် သားဆိုလာထားပဲ"

မင်းသားတို့အဖွဲ့ စိုပြည်နေတုန်း ဒေဝီနှင့်မြသည်းကတော့ ခြောက်ကပ်ကပ်။ အဲ…ဒေဝီ့ကို ပြင်ပေးသူက မာမီ မဟုတ်။ အစ်မ ကြီးတစ်ယောက်။

ဒေါ်ချိုသာ…တဲ့။ ဒေဝီဟာ တအားနာမည်ကြီးသည့် ရွှေမင်းသမီး မဟုတ်သေးတာမို့ တကယ့်ဒိတ်ဒိတ်ကြီးကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘူးနိုင်၊ မခေါ်နိုင်။

ဦးနီဇော် မင်းသား၏မာမီကို တာဝန်ပေးလိုက်၏။

"မာမီ…တို့မင်းသမီးလေးကိုလည်း နည်းနည်းလောက် မြင်းပေးလိုက်ပါဦး… မေတ္တာနဲ့နော်…မေတ္တာနဲ့၊ ပိုက်ဆံတော့ အစ်ပြားမှမရဘူး"

"ဟုတ်ပါပြီတော်…ဒီကလည်း ငွေမမြင်ဖူးတာ မဟုတ်ပါ ဘူး။ လုပ်ပေးရမှာပေါ့…ကိုယ့်ဘော်ဘော်အချင်းချင်းပဲ၊ ကိုယ့် မင်းသား လိမ်းပေးပြီးရင် လိမ်းပေးပါ့မယ်။ မှတ်လည်းထား… ရောတိုင်း လိမ်းတတ်သွားအောင်"

"ဟုတ်ကဲ့ပါ"

တကယ်တော့ မှန်ကိုင်ပေးရင်း လိုအပ်တာ ကူညီရင်း သည်းလည်း မျက်စိရည်၊ နားရည်ဝနေပါသည်။ နည်းနည်းပါးပါး တော့ လိမ်းတတ်ပါလိမ့်မည်။

ယခု ဦးနီဇော်ဝယ်ပေးသည့် အဝတ်အစားတွေ၊ မိတ်ကပ်ဗူး တွေနှင့်ဆို အဆင်ပြေပြီ။ သို့သော် မာမီက သူ့မင်းသား နေသ‌ော်ါ ပြီးသည်နှင့် မြသည်းကို လာပြီးလိမ်းပေးဖို့ပြင်၏။

"တစ်ခါပဲ သင်လူး လူးပေးသွားမှာနော်။ မှန်ကြည့်ပြီး သချာမှတ်"

မာမို့တပည့်တစ်ယောက်က မှန်ကိုင်ပေးပြီး မာမီက မိတ်ကပ် လိမ်းနည်းကို ရှင်းလင်းပြရင်း လိမ်းပေးသွားလေ၏။

"စေတနာရှိလို့ ပြောပြတာ…သင်ပေးတာ၊ ကျေးဇူးတရား



www.burmeseclassic.com

www.burmeseclassic.com



တော့ သိတတ်ပေါ့အေ"

"ဉာဏ်ပူဇော်ခပေးရမှာ ပြောတာလား မာမီ"

"မဟုတ်ပါဘူးအေ...နင့်မှာ ပိုက်ဆံမရှိတာ ငါ သိသား...ကျန်တာ အိစီကလီလေးတွေပေါ့အေ...ဘာညာသာရကာလေးတွေ ပေါ့"

"မာမီကလည်း မြသည်းက ဉာဏ်ထိုင်းတယ်။ အရိပ်ပြရုံနဲ့ အကောင်မြင်တာ မဟုတ်ဘူး"

"သြော်...နင် ကြီးပွားရင် ငါ့ကို မမေ့နဲ့လို့ ပြောချင်တာ"

"မာမီက ရယ်ရတယ်၊ မြသည်းကဖြင့် ဓားမနောက်ပိတ်ခွေး သူများနောက်လိုက်ကြီး"

"ဟဲ့...မြသည်းမရဲ့...သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်ဆိုတာ မကြားဖူးဘူးလား လူဆိုတာ အမြဲတမ်းလည်း ဆင်းရဲမနေဘူး။ အမြဲတမ်းလည်း ချမ်းသာမနေဘူး။ ရေစီးတစ်ခါ ရေသာတစ်လှည့်ပဲ"

"အမလေး...မာမီ့ကြည့်ရတာ မြန်မာစာမေဂျာ ယူခဲ့တယ် ထင်တယ်။ တတ်လိုက်တဲ့စကား...သုံးလိုက်တဲ့စကားပုံ"

မာမီတို့အဖွဲ့က မြသည်းကို လူရာသွင်းတာမို့ မြသည်း စိတ်ချမ်းသာပါသည်။ မင်းသား နေသခါကလည်း မြသည်းကိုကော ကလေးဆိုပြီး အရေးနည်းနည်းပေးပါသည်။

"ကဲ...ချာတိတ်...ဒီလောက်အလှပြင်ရရင် တော်ရောပေါ့ တော်ကြာ မင်းသမီးထက်တောင် ပိုလှနေလို့ မူးဒါရိုက်မာန်တော်တွေ



www.burmeseclassic.com

www.burmeseclassic.com



…နေပါဦးမယ်။ မာမီ လျှော့ပြင်…လျှော့ပြင်၊ ရှော့ရှိတယ်နော်"

သူတို့အားလုံးလည်း ဒေဝီ မြသည်းကို ဘယ်လိုဆက်ဆံတယ် …တာ သိနေကြသည်မို့။ သည်စဉ် ပရိဂျူဆာ၊ ဒါရိုက်တာကြီး ဦးနီဇော်၏ ဆော်ဩသံကို ကြားလိုက်ကြရသည်။

"မင်းသားတွေ…မင်းသမီးတွေ ရိုက်ကွင်းစမယ်…ရယ်ဒီ"

အားလုံးပင် ရိုက်ကွင်းဆီသို့ အပြေးအလွှားသွားကြပြီး ဦးနီဇော် ညွှန်ကြားသည့်အတိုင်း သရုပ်ဆောင်ကြဖို့ အားသွင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

ဂျေဝင်တာ တော်တော်ဆိုးတာပဲ။ ဒေဝီ မြသည်းကို ဘယ်လို မှ အမြင်မကြည်။ လူအများရှေ့မှာ မြသည်းကို အော်လိုက်ငေါက် လိုက် ပက်ပက်စက်စက် နိုင်းလိုက်လုပ်သည်။

ခုတ်ရာတခြား၊ ရှရာတလွဲ။ သူ အဲလိုလုပ်လေ လူတွေက မြသည်းကို ပိုပြီး ကြင်နာသနားကြလေ။

ဒေဝီပဲ လူဆိုးမကြီး ဖြစ်ရသည်။

သည်နေ့လည်း ရိုက်ကွင်းပြီးတော့ နေသခါက အဖွဲ့သား အားလုံးကို သူ့မွေးနေ့အတွက် ဖိတ်ခေါ်သည်။ ဖိတ်စာတွေဝေသည်။

"သူများမင်းသားတွေလို ကိုယ်က ဖော်ရှီးတွေလုပ်မှာမဟုတ် ဘူး။ ကိုယ့်ခြံထဲမှာ ကိုယ့်မိတ်ဆွေတွေနဲ့အတူ ပျော်ပျော်ပါးပါး စားကြသောက်ကြ…ဆင်နွှဲကြမှာ။ မွေးနေ့လက်ဆောင်မျှော်လို့ လုပ်တာ မဟုတ်ဘူးနော်။ ရှိတဲ့သူကပေး၊ မရှိတဲ့သူက မပေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေသစ်ဝါ ဖိတ်စာပေတော့ ဒေဝီတစ်စောင်၊ မြသည်းအတွက် တစ်စောင်။ ဒေဝီ မျက်နှာပျက်သွားတာ မဖုံးနိုင်၊ မဖိနိုင်။

မင်းသားဝီဝီ လှပချောမွေ့သော နေသစ်ဝါ၏အသွင်က စွဲမက်ဖွယ်။ တည်ကြည်ခန့်ညားတာက ပိုသေးသည်။

မိန်းကလေးများအတွက် တိတ်တခိုး ရင်ခုန်ချင်စဖွယ်။

"ကိုသင်ကလည်း ဒေဝီ့ဖိတ်ရင် သူလည်းပါနေကျ။ အပါးဆော်မြဲပဲဥစ္စာ...အလကား ဖိတ်စာကုန်လို့"

"ဩော်...သူလည်းလှပဲလေ။ လေးစားရမှာပေါ့ဗျာ...လိုက်ခဲ့နော် ချာတိတ်"

"အဝတ်မရှိဘူး...ကိုသင်"

သူများခေါ်သလို ကိုသင်ဆိုတော့ နေသစ်ဝါ သဘောကျလွန်းသို့ တဟားဟား။

"ကိုကို ပို့လိုက်မယ်။ မွေးနေ့က မနက်ဖန်ည ကျင်းပမှာ။ နက်ကတည်းက ပို့လိုက်မယ်"

"ဟာ...မဟုတ်တာ၊ မြသည်းက ဘာမှအရေးမပါပါဘူး ရှင်...မွေးနေ့လက်ဆောင် အကောင်းစားကြီးလည်း ပေးနိုင်မှာ မဟုတ်ပါဘူး"

"ရတယ်...ကိုကို မြသည်းကိုခင်တယ်"

မြသည်း၏ခေါင်းလေးကို ပွတ်ကာ မင်းသား ကားပေါ်တက်သွားတော့ သူမတို့လည်း ကိုယ့်ကားထဲကိုယ် ဝင်လာခဲ့ကြသည်။

ဒေဝီ ကားကို မကျေမနပ်မောင်းရင်း ရင်ထဲမှာ ကျလိကျလိ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတွေနှင့် တနုံ့နုံ့။

သင်းမှာ ဘာပီယဆေးတွေရှိတာလဲ။ ရုပ်အချောစားကြီး လည်းမဟုတ်။ ကြည့်ပျော်ရှုပျော်ရုပ်။ အရုပ်ကြီး ကလန်ကလား ရုပ်ကလည်း ပြူးတူးပြဲတဲ။ မျက်လုံးပြူးပြူး၊ နှာခေါင်းကြီးကြီး နှုတ်ခမ်းထူ၊ ပါးစပ်ပြဲ။ သွားက ကြီးလိုက်သေး။ ကွက်မ။

ဒေဝီ မလိုတမာစိတ်နှင့် ပက်ပက်စက်စက် ရှုတ်ချနေမိသည်

အဝတ်အစားကြတော့လည်း ဒေဝီ ဖြတ်လေးဖြတ်နှင့် ပိတ်ချော ထားသော်လည်း ဦးနီဇော်က ဝယ်ပေးသည်။

ယခု မင်းသားနေသခေါ်ကပင် မွေးနေ့ဝတ်ဖို့ ဝတ်စုံပို့လိုက် မတဲ့။ ဘယ်လောက်များ မနာလိုစရာကောင်းလိုက်သလဲ။

ပီယဆေးပါချင်ပါ၊ မပါရင် မာယာဆေးရှိလို့ပဲ ဖြစ်ရမည်

"မြသည်းရုံ"

"ရှင်...မမဒေဝီ"

"နင် ဟိုလူတွေကို ဘယ်လိုများ အသနားခံလိုက်လို့ နင့် အပေါ် အရမ်းသနားနေကြတာလဲ"

"ဒီလိုပဲ မမဒေဝီ မြင်တဲ့အတိုင်းနေတာပါ"

"မဟုတ်သေးဘူး...နင့်ကိုဆို လူတိုင်းက သည်းသည်းလှုပ် နေကြတာပဲ။ သတိတော့ထားပေါ့အေ...တချို့စေတနာတွေက ငါးများချိတ်မှာ ငါးစာတပ်သလို စေတနာတွေ"

"သူတို့စေတနာက ဖြူစင်ပါတယ် မမဒေဝီရယ်"

"နင်က ဘယ်လောက်နားလည်လို့လဲ။ ဒီလောက..."



www.burmeseclassic.com

www.burmeseclassic.com



ွာသွားတယ်။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားပဲ။ ကြည့်သာနေ”

အချင်းချင်း မကောင်းပြောတာ၊ နောက်ကျောဓားနဲ့ ထိုးတာ ပေါ့။ သူတို့ရှေ့မှာတော့ အန်ကယ်…အန်ကယ်၊ ကိုသင်…ကိုသင် နဲ့၊ ကွယ်ရာကျမှ အမနာပ ပြောရက်ပါ၏။

မြသည်းကတော့ ကြောက်တတ်ဝန်ကင်းဆိုသည့်စကားကို ဆုတ်ကိုင်ထားပါသည်။

* * *

“မြသည်း…အဆင်ပြေရဲ့လား”

နေခက်ထန်ထံမှဆက်သည့်ဖုန်းပါ။

“ဟုတ်ကဲ့..ပြေပါတယ်”

“မြသည်းပါ ရုပ်ရှင်ဝင်ရိုက်နေတယ်ဆို…စည်သူ ပြော တယ်၊ ဟုတ်လား”

“ဖြတ်လျှောက်ခန်းလောက်ပါ ဦးနေရယ်။ ဘာမှမဟုတ်ပါ ဘူး။ လူလိုလို့ တစ်အိမ်ဝင်ကစားပေးတဲ့သဘောပါ”

“နင်ကရော ပိုးထနေပြီလား။ ဒီအသိုင်းအဝိုင်းက အုတ် အရောရော၊ ကျောက်အရောရောနော်။ လူကောင်းရှိသလို လူဆိုး လည်းရှိတယ်။ ဘယ်သူ့ကိုမှ အယုံမလွယ်နဲ့”

“ဟုတ်ကဲ့ပါ”

စကားနည်း ရန်စဲလုပ်နေတုန်း အနားမှာရှိနေသည့် ဒေဝီက မြသည်းဖုန်းကိုယူပြီး တိုင်တောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေတို့များ ဒေဝီ့ဆီတော့ ဖုန်းဆက်ဖို့ သတိမရဘူး နောက်ပေါက်တဲ့ ရွှေကြာကို အရေးပိုလုပ်တာတော့ မကောင်းပါဘူး နော်"

"မဟုတ်ရပါဘူးဗျာ… ဒေဝီက မော်ဒယ်မင်းသမီး၊ အကိုက ကြီးမို့ မအားတာလားလို့ပါ။ ဒေဝီ့အကြောင်းတွေ မေးချင်လို့ပါဗျ"

"ဟင်း…ရှေ့နေလုပ်စားဖို့ကောင်းတယ်။ ထုချေလွှာ တတ်ပါ့။ လူကိုလည်း အကိတ်ကြီးလေးဘာလေးနဲ့။ ချိုးချိုး ပြောရက်ပါ့"

"ဟောဗျာ…အကိတ်ကြီးဆိုတာ ဂုဏ်ပြုတာပါ။ လူတိုင်း ကိတ်တာမှတ်လို့ဗျာ"

"မြသည်းလည်း ကိတ်ပါတယ်"

"မကိတ်ဘူး…သူက ပြေပြစ်ရုံပဲ။ ကဲပါ…ဒေဝီ မနက်ဖန်ည…အားလား"

"ဘာလုပ်မို့…မအားဘူး"

"ဘယ်သွားစရာရှိ…ဒေဝီနော်၊ တော်တော်ခြေများ၊ လိုက် ကို မမီဘူး"

"မင်းသားနေသခင်ရဲ့မွေးနေ့ပွဲ"

"ဟင်…ညဘက်ကြီး ဘယ်လိုလုပ်ကောင်းနိုင်မလဲ။ ဘီ တွေ၊ ဝီစကီတွေ အလျှံပယ်နေမှာပေါ့။ မိန်းကလေးတွေ ပျက်စီး အစပဲဟာ မွေးနေ့ပွဲပဲ"

"မြသည်းပါတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်…သူ့ကိုများ တကယ့်ဟီးရိုးကြီး၊ ဆာမူရိုင်းကြီး ...နေလား။ မရဘူး…ငါ လိုက်မောင်းပေးမယ်"

"ရပါတယ်…ဒေဝီတို့ကလည်း ရိုးရိုးသားသား လူမှုရေးအရ ...ကြမှာပါ။ ကိုနေ လိုက်ပို့တော့ ပိုတောင်ကောင်းသေး။ ကိုကို ... အားတာမဟုတ်ဘူး။ သူ့ကို အားကိုးလို့မရဘူး"

"အေး…ဒါဆိုစောင့်၊ ညနေ (၆)နာရီ အရောက်လာခဲ့မယ်"

"အိုကေ"

ဖုန်းပိတ်လိုက်ပြီး မြသည်းကို ပြန်ပေးသည်။ ဒေဝီ မြသည်း ... အဝတ်အစား ကူရွေးခိုင်းနေတာ။ မနက်ဖြန်ရိုက်ကွင်းအတွက် ...တ်စုံရယ်၊ နောက်…မွေးနေ့ပွဲအတွက် ဝတ်စုံရယ်…

သူက တစ်ခုဝတ်ကြည့်လိုက်၊ ပစ်ချလိုက်။ မြသည်းက သူ ...ချသည့်အဝတ်များကို ပြန်သိမ်းပေးနေရပါ၏။

ပါးစပ်မှလည်း တပွစိစိနှင့်။

"နင်ပဲ အေးတယ်။ ဒါကြောင့် လူကြီးသူမတွေ ပြောတာ။ ...င်ဘုရင်က သောကများတယ်။ သူတောင်းစားက သောကမရှိဘူး ...ိုတာ"

အင်…ဘာမှလည်းမဆိုင်။ မြသည်းကို သေသေချာချာ ...ကွပ်နေတာ။

"နင့်မှာ ဘာမှဝတ်စရာ၊ ရွေးစရာမရှိတော့ အလုပ်မရှုပ်တော့ ...ူး။ နင့်ကုသိုလ်ကလည်း ကောင်းတယ်။ နင့်မြင်တဲ့လူတိုင်းက ...နားကြတယ်။ အဟက်…ငါကတော့ ကြားထဲက ဗီလိန်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ''

အဝတ်တွေ ကပ်ကြည့်လိုက်၊ ဝတ်ကြည့်လိုက်၊ လှွင့်ပစ်လိုက်။ တမင်လုပ်နေသလားပင် ထင်ရ။ မြသည်းမှာ ည (၁၀) နာရီကျော် နေပြီမို့ မျက်လုံးက စင်းနေပြီ။

သူတို့လို (၁၂)နာရီ၊ တစ်ချက်ထိလည်း မနေနိုင်။ မနက်ကျ တော့လည်း မြသည်းတို့က (၅)နာရီဆို နိုးပြီးသား။

မီးဖိုထဲမှာ သွားပြီးကူညီမြဲ။ ခြံထဲမှ ပန်းတွေကိုခူးပြီး ဘုရား လှူမြဲ။ ပန်းအိုးတွေထိုးမြဲ။ ခြံထဲမှာ မာလီမရှိတာမို့ မြသည်းကပဲ ရေလောင်းပေးပါသည်။ အဝတ်ခေါက်ရင်း မြသည်း ငိုက်နေတော့ ဒေဝီက လှောင်သည်။

''လူဆိုတာ မပျင်းရ၊ မဖျင်းရဘူး။ နင့်လိုသာဆို ဘယ်လို လုပ်ပြီး လူမွေးလူတောင် ပြောင်မလဲ။ ခုကြည့်…ခုအချိန်နဲ့ အိပ်ချင် ရသလား။ အစောကြီးရှိသေးတယ်''

မြသည်းကတော့ ခန္တီပါရမီသာ ဖြည့်ကျင့်နေ၏။ ပြောပြော ချင်သလောက်ပြော။ ခံနေရမှာပါပဲ။ ကျွားရဲပေါ့လေ။

သူတစ်ပါး၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ကိုယ့်စိတ်ဓာတ် အညွန့် မကျိုးစေရ။ ကိုယ့်ဘဝ အညွန့်မကျိုးစေရ။

နောက်ဆုံး သူ့အဝတ်တွေ ဖွလို့၊ ဝတ်လို့ပြီးလေမှ မြသည်း ကိုယ့်အခန်းထဲသို့ ပြန်ခွင့်အိပ်ခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

ညနေ (၆)နာရီ။

နေသခ်ါ၏ မွေးနေ့ပွဲသို့သွားရန်အတွက် ခေဝီ ပြင်ဆင်နေတာ ညနေ (၄)နာရီလောက်ကတည်းက။

မိတ်ကပ်ဆရာမကို အိမ်ခေါ်ပြီး အထူးတလည် ပြင်ဆင်နေ သိုက်တာကလည်း မင်္ဂလာဆောင်မည့် သတို့သမီးတစ်ယောက်နှယ်။

လက်ဆောင်ကလည်း စီစဉ်ပြီး…

"သူက မင်းသားဆိုတော့ တန်ဖိုးကြီးတာပေးမှဖြစ်မယ်"

ပလက်တီနမ်နှင့် စိန်ကွပ်ထားသည့် လက်စွပ်လေး။ တန်ဖိုးက သိန်းဘယ်လောက်တောင်မသိ။ အဲသည်လောက်ထိ ပေးစရာလိုလို့ လား။

မြသည်းကတော့ အံ့သြမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို သိန်း (၂၀)နှင့်ဝယ်လာပြီး တစ်သက်လုံးခိုင်းစား၊ ဖိနှိပ်ချင်သည့်သူတွေဟာ မွေးနေ့လက်ဆောင်ကျတော့ သိန်းဆယ်ဂဏန်းလောက်လည်း ပေးသတဲ့။

သူမကတော့ သူတို့လူကုံထန်၊ လူမလိုင်တွေ၏စိတ်ခတ်များကို နားမလည်၊ လိုက်မမီ။

မနက်က ဒရိုင်ဘာနှင့် ပို့လိုက်သည့် ဂါဝန်လေးကို သွားခါနီးမှဝတ်ရမည်။

ဒေဝီ အကုသိုလ်တွေတက်နေမှာစိုးလို့ပါ။ ဂျေဝင်ပြီး ရူးသွားနိုင်သည့် ဒေဝီ။

မြသည်းဟာ လူတကာ၏ ပေးစာကမ်းစာကို မြိန်ရည်ရှက်ရည် လက်ခံတတ်သူ မဟုတ်ပေမယ့် အခြေအနေတွေက ဖန်လာခဲ့ပြီ။

မြသည်း မချူတတ်၊ မယူတတ်ပေမယ့် ဒေဝီ၏ ဖိနှိပ်မှုအောက်မှာ ဒုက္ခရောက်နေသည့် မိန်းမငယ်လေးကို မြင်သူတိုင်းနီးပါးက သနားကြလေသည်ထင့်။

ဒေဝီခိုင်းသမျှလုပ်ပေးရင်း (၅)နာရီခွဲလေမှ မြသည်း အပြေးအလွှား ရေချိုးရသည်။ နောက်…မာမီသင်ထားသည့်အတိုင်း မိတ်ကပ်လိမ်းခြယ်လိုက်သည်။

မျက်တောင်တုတွေ၊ ကော့တာတွေ မသုံးပါ။ သဘာဝအတိုင်းပါပဲ။

နှုတ်ခမ်းကို ပန်းနုရောင်လေးပဲ ဆိုးလိုက်သည်။ နေသခ်ါ



www.burmeseclassic.com

www.burmeseclassic.com



ပြုံလိုက်သည့်ဂါဝန်က ပန်းနုရောင်ဖျော့ဖျော့လေးမို့…

နေသစ်ခါအတွက် မွေးနေ့လက်ဆောင်အဖြစ် တစ်ဖက်ခြံရှိ အန်တီနုထံမှ နှင်းဆီဖြူ (၁၀)ပွင့် တောင်းထားပြီးပြီ။

အန်တီနုက မြသည်းကို သနားသည်။ ချစ်ခင်ပါသည်။ သူမက အန်တီနုကို အချိန်ရလျှင် ကူညီတတ်လို့ပါ။

နှင်းဆီဖြူတွေက ပွင့်စအာစလေးတွေမို့ လှလိုက်တာ အလွန်။ အရွက်တွေပါ,ပါပြီး ဖဲကြိုးအဖြူလေးနှင့် ဖယောင်းစက္ကူလေးနှင့်ပါ။ လှလှပပ ထုပ်ပိုးပေးထားတာမို့ မြသည်း ကိုယ့်လက်ဆောင်အတွက် မသိမ်ငယ်။

ဒေဝီ မသိအောင်တော့ သိုဝှက်ထားရတာပေါ့။ ဒေဝီ မနာလိုစိတ်အားကြီးတာ မြသည်း သိသားပဲ။

(၆) နာရီထိုးသည်နှင့် မြသည်း ပြင်ဆင်လို့ပြီးပါပြီ။ ကိုယ့်ရုပ်သွင်ကို မှန်ထဲကြည့်လိုက်တော့ မြသည်း အံ့ဩရပါ၏။

လူမှာအဝတ်၊ တောင်းမှာအကွပ်။ တစ်ခါမှ ဟန်ဟန်ပန်ပန် မဝတ်ဖူး၊ မစားဖူးသူမို့ ယခု ဂါဝန်ပန်းနုရောင်လှလှလေးနှင့် အဆင်ပြေလိုက်တာ။

ဆံပင်ကို ဘာလုပ်ရမှန်းမသိသဖြင့် သိုးမွေးကွင်းလေးနှင့် စည်းလိုက်သည်။ မြင့်မြင့်လေး စည်းလိုက်သည့်အခါ လည်တံရှင်းရှင်းလေးက ထင်းကနဲ။

ဒေဝီကတော့ ပြင်လို့ဆင်လို့ မပြီးသေး။ ဒေဝီ ဝတ်ထားတာ ငွေမင်ရောင်။ ဝတ်စုံလေးက ဆန်းပြားပြီး လှပသည်။ ဒေဝီဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးလှသူမို့ သူမအလှက ထင်းခနဲ။

အပေါ်က ဟိုက်တာနှင့် အောက်က ခွဲထားတာလေးကြောင့် လှမ်းလိုက်တိုင်း ပြူးခနဲ ပြက်ခနဲ။ ကိုနေလည်း ကားနှင့်ရောက်လာခဲ့ပါပြီ။

သူ့မျက်လုံးတွေကလည်း လက်ခနဲ။

မည်သူ့ကိုမြင်ပြီး လက်သည်တော့မသိ။ ဒေဝီက အစွမ်းကုန်လှနေသလို မြသည်းကလည်း စင်ဒရဲလားလေးနှယ်။

"အဲ..."

စင်ဒရဲလားလေး ဒုက္ခရောက်ရတာ ဖိနပ်မရှိလို့ပါပဲ။ ဂါဝန်က အထပ်အထပ်နှင့် အလွန်လှပနေတာမို့ ခြေထောက်ကလည်း ဖိနပ်လှလှလေးစီးသင့်တာ။

ယခုတော့ သူမဖိနပ်က အပေါစားခြေညှပ်ဖိနပ်လေး။ အမြင်မတော် ဆင်တော်နှင့်ခလောက်ဆိုသလို ဒေဝီက မသိချင်ယောင်ဆောင်နေသည်။ ဒေဝီ့မှာ ဖိနပ်တွေ အရုန်ပေါင်းများစွာ ရှိပါသည်။

ကြည့်လို့ကိုမရတာ။ မြသည်းရုံဟာ ဒေဝီ့အတွက် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်။ စင်ဒရဲလားလို သူက သနားစရာဇာတ်ရုပ်လုပ်ပြလေ လူတွေက သူ့ကို သနားလေ။

မြသည်းဟာ ဒေဝီ့အတွက် အားတော့ကိုးရပါသည်။ ဆုပ်စူးစားရှူးဆိုသည့် ပဒိုင်းသီးမ။

"ကဲ...ပြီးရင်သွားကြစို့"

နေခက်ထန်ကလည်း မွေးနေ့လိုက်မည့်သူပီပီ စတိုင်က



www.burmeseclassic.com

www.burmeseclassic.com



...န်းပါသည်။ သူ့ရုပ် ခပ်ထန်ထန်၊ ခပ်ချောချောမှာ ဝတ်ထားပုံက ...တော်။

အနက်ရောင်ဝတ်စုံ၊ ဒေဝီက ရင်းရင်းနှီးနှီးပင် နောက်၏။

"...ားပြွတိုက်ထွက်မှာ ကျနေတာပဲ… တစ်ကိုယ်လုံး ...ည်းမှောင်နေတာပဲ"

"မနာလိုမရှိနဲ့လေ…ကိုယ့်ကုသိုလ်နဲ့ကိုယ်၊ လန့်နေတယ် ...လား"

ရယ်ရယ်မောမောနှင့်ပင် (၃)ယောက်သား မွေးနေ့ပွဲဆီ ...ွက်လာကြတော့ အိမ်မှာ ဒေဝီ့မိဘတွေပင် ပြန်မရောက်ကြသေး ...။ စည်သူကလည်း အိမ်ကပ်ခဲ့ပါ။

နေခက်ထန်နှင့်ဒေဝီက ကားရှေ့ခန်းမှာ။ မြသည်းကတော့ ...နောက်ဘက်။

စတိုးဆိုင်ကြီးတစ်ခုမှာ နေခက်ထန် ကားခဏရပ်တော့ ဒေဝီ ...ျက်မှောင်ကျုံ့၏။

"ကိုနေ…ဘာလုပ်မလို့လဲ၊ နောက်ကျနေပါတယ်ဆိုမှ"

"ခဏ…ခဏလေး"

ကားပေါ်မှ အပြေးဆင်းသွားပြီး ခဏကြာလျှင် ဖိနပ်ဗူးလေး ...နှင့် ထွက်လာ၏။

"ဟင်…"

ဒေဝီ မနာလိုလိုက်သည်မှာ သွေးပင်ဆောင့်တိုး၏။ တကယ့် ထိပ်ထိပ်ကြဲ ယောကျ်ားတွေက သူမကိုမှ ဘာဖြစ်လို့ ဂရုစိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။

သူတောင်းစားမို့လား၊ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့မို့ သနား

တာလား။

သည်အတိုင်းဆို သူတောင်းစားဖြစ်ရတာမှ ခပ်ကော

ကောင်း။

စာကယ့်ပဂေးကြီးတွေကို မြူဆွယ်ဖြားယောင်းခွင့်ရသည်

အလိုလို ပါမစ်ရပြီးသား။ တင့်တယ်ပြီးသား။

သည်လိုမှန်းသိ ဖိနပ်တစ်ရံလောက် ငှားလိုက်ပါတယ်။

နေခက်ထန် နောက်ဘက်မှ မြသည်းကို ဖိနပ်ဖူး လှမ်း

သည်။ ပါးစပ်မှလည်း အရေးမလုပ်သလိုလို၊ နှိမ်သလိုလို။

"တောသူမ…အပေါ်ပိုင်းက ပျံလန်နေပြီး ခြေထောက်

စုတ်ပြတ်သတ်လို့"

"ဦးနေကလည်း"

သူမ၏ခြေထောက်ကိုကြည့်ပြီး ဝယ်လ<ins>ာ</ins>းလိုက်ဘာ ကွက်တ

လေဒီရှူး အဖြူအမြင့်လေး။

မွေးနေ့ပွဲရောက်တော့ သီချင်းသံတွေက ပျံ့လွင့်လျက်

နေသခ်ါ၏အိမ်သည် ခြံနှင့်ဝင်းနှင့်။ နှစ်ထပ်တိုက်ပါ။

နေခက်ထန်လောက်တော့ မချမ်းသာ။

(၃)ယောက်သား မွေးနေ့ပွဲထဲသို့ ဝင်သွားကြတော့ ဗီဒီ

ရိုက်ကွင်းထဲ ဖြစ်နေရပါသည်။ နေသခ်ါက အပေါက်ဝမှဆီး

ကြွလာကြသူအပေါင်းကို ဆီးပြီးနှုတ်ဆက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဒေဝီ"

"Happy Birthday ပါ ကိုသင်"

မွေးနေ့လက်ဆောင်ဗူးလေးကို တယုတယဖွင့်ပြီး နေသခ်ါ၏ လက်မှာ ဝတ်ပေးလိုက်တော့ အတော်ပါပဲ။

"Thanks ပါ ဒေဝီ"

ဒေဝီ့နောက်မှာ မြသည်းရုံ။

"အိုး…ဘေဘီ…မွေးနေ့လက်ဆောင်ရော"

မြသည်းက သူပေးမည့်လက်ဆောင်ပန်းစည်းကို နောက်ကျော ဘက်မှာ ဝှက်ထားရာမှ ရှေ့သို့ ဘွားခနဲထုတ်ခါ လက်နှစ်ဖက်နှင့် ပြုံးပြုံးလေး ပေးလိုက်သောအခါ…

"ဝိုး…"

အားလုံးပင် လက်ခုပ်တီးပေးကြသလို မင်းသားကလည်း နှစ်သက်မြတ်နိုးစွာ…

"Thans ပါ ဘေဘီ…အရမ်းကျေးဇူးတင်တယ်"

ပန်းစည်းလေးကို ရင်ဝယ်ပိုက်ပြီး အလှဆုံးချာတိတ်မလေး၏ နဖူးကို ငုံ့မွှေးလိုက်လျှင် အားလုံးပင် လက်ခုပ်တီးကြပြန်လေ၏။

နေခက်ထန်ကတော့ နောက်မှ သက်သောင့်သက်သာ။ ဝိုင်း တစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ သည်ပွဲက သူ့ပွဲမဟုတ်။ သူက အဖော်လိုက်လာတာ။

သို့သော် သူကလည်း လူချောလူလှတစ်ယောက်မို့ လမင်းကို လက်ဝါးနှင့် အုပ်ထားလို့မရသလိုပါပဲ။ ထင်းထင်းကြီးပေါ်လို့။



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၏မွေးနေ့ပွဲပီပီ နှတ်ခမ်းနီမလေးများနှင့် ပွဲက စိုစို ပြည်ပြည်၊ လှုပ်လှုပ်ခတ်ခတ်။

မင်းသားက ဒေဝီနှင့်မြသည်းကိုလည်း ဂရုစိုက်ပါသည်။

တီးဝိုင်းမှအသံ၊ ပျော်ရွှင်ရယ်မောနေကြသည့်အသံများနှင့် မွေးနေ့ပွဲတစ်ခုလုံး စိုစိုပြည်ပြည်။

မင်းသားက မြသည်း ထိုင်နေရာသို့ ရောက်လာတိုင်း ဗီဒီယို ရိုက်လိုက်ကြတာ အကြာကြီး။

မွေးနေ့ကိတ်ခွဲပြီ။

အားလုံးပင် မင်းသား၏အနားမှာ ဝိုင်းအုံနေကြပြီ။ မြသည်းကတော့ ခပ်လှုိလှို။ အနားတောင်သွားမရပ်။

ကိုယ်က မင်းသမီးကြီးလည်းမဟုတ်။ ငွေကြေးပြည့်စုံ ချမ်းသာသူလည်း မဟုတ်။ လာမိတာတောင် လွန်လှပြီ။

နေသန်္ဓါ သီချင်းတွေ ဝိုင်းဆိုပေးကြပြီးတော့ ဖယောင်းတိုင် မှုတ်သည်။ ကိတ်မုန့်ခွဲပြီး လီးပြီးတော့ ဦးဆုံးခွံ့ဖို့ လူရှာသည်။

ရွှေမင်းသား၏အနားမှာ ဝိုင်းနေကြသည့် ရွှေမင်းသမီးတွေ၊ နှုတ်ခမ်းနီမလေးတွေ အများအပြား။ အပြုံးမျက်နှာလေးတွေနှင့် မျှော်လင့်တကြီး။

မင်းသားက ပဲများပြီး ကိတ်မုန့်ပန်းကန်ကိုင်ကာ လျှောက်ရှာ နေတော့ မိန်းမချောလေးတွေခမျာ အသည်းတယားယား။

"ဟော..."

လူစုရဲ့နောက်ဘက်မှာ လှလှလေးရပ်နေသည့် မြသည်းထံသို့

www.burmeseclassic.com



နေသခါ တန်းတန်းမတ်မတ်ရောက်လာပြီး အဦးဆုံး ခွဲလိုက်တော့ သက်ခုပ်တီးသံတွေ မကောင်းတတ်လို့ ထွက်လာရပေမယ့် ရင်ထဲ ဘွင် ငြိုးပြီ။

အထူးသဖြင့် ဒေဝီ...

မြသည်းကို အမုန်းပေါ်အမုန်းဆင့် တူးခါးနေအောင် မုန်းသွား ၏။

ကြည့်စမ်း...ဘယ်လိုတွေ မြူဆွယ်နေသလဲမှ မသိတာ။

ကိုနေဆိုလည်း သူမှသူ။ ဖိနပ်တောင် အပြေးအလွှား ဝယ်ပေး တောကြည့်။

အခု ကိုသင့်ကိုလည်း မြူဆွယ်ဖြားယောင်းထားပြန်ပြီ။ သင်းဟာ မြွေပွေးဟောက်လို လျှာနှစ်ခွနဲ့ လာသမျှကို လက်ခံနေတဲ့ မိန်းမ။

"ကိုကို့ကို မွေးနေ့လက်ဆောင်ပေးပါ"

"စောစောက ပေးပြီးပြီလေ"

"ဟုတ်ဖူး...ကစ်(စ)...ကစ်(စ) ပေး"

"အန်..."

မြသည်း ပါးစပ်ထဲမှ ကိတ်မုန့်ကို ကယောက်ကတန်းနှင့် မြိုချမိရ၏။ မချောကဲကဲ၊ သဲသဲလေးတွေကတော့ သူ့ကို နမ်းနေ ကြတာပါပဲ။

မြသည်း ဘယ်နမ်းရဲမလဲ။

သည်တော့ ဥပဒေလွတ် မင်းသား၏လက်တစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူပြီး သူမ၏ နှင်းဆီဖူးနုတ်ခမ်းလေးနှင့် ဆတ်ခနဲ ထိလိုက်ရပြီ။

လက်ခုပ်သံတွေ တဖြောင်းဖြောင်းကတော့ မင်းသား၏ ဘော်ဘော်တွေထံမှပေါ့။ ယောကျ်ားလေးတွေထံမှ။

မြသည်းရှုံ ပူထူနေပါပြီ။ ကိုယ့်နေရာကိုယ် ပြန်ပြေးလာတော့ ဦးနေက မျက်မှောင်ကျုံ့ပြီး ကြည့်လို့။

တော်သေးတာက နေသခ်ါ ဝိုင်းအုံနေသည့် မချောများ၏ အလယ်မှာ အလုပ်ရှုပ်နေလို့ပါပဲ။

မြသည်းကို သူ မေ့သွားလောက်ပါပြီ။ မင်းသားဆိုတာ သည်လိုပဲ ပိုကီးတွေလုပ်တတ်ကြောင်း၊ ကျားကွက်ရွှေ့သည် စစ်တုရင်ကစားသလို...

တစ်ကွက်ကျွေးပြီး နှစ်ကွက်စားတတ်ကြောင်း၊ တစ်ရုပ်ကျွေးပြီး ၃-၄ ရုပ် စားပစ်တတ်ကြောင်း...

မြသည်းဟာ အိုင်ကျူမြင့်သူမို့ သည်လောကကို ခြုံငုံသုံးသပ်တတ်ပါသည်။

ယခုလည်း မည်သူ့ကို ခြွေချင်လို့ မြသည်းကို ထိုးကျွေးလိုက်သည်ဆိုတာ မင်းသားမှ သိမှာပဲ။

အနည်းဆုံး မြသည်း ဒေဝီ၏အမုန်းကို ခံရမှာတော့ အသေအချာ။

အမုန်းပေါ်အမုန်းဆင့်...အမုန်းတွေ ရင့်အက်ကြေကွဲရုံ အခါလွန်အမုန်းတွေ...



www.burmeseclassic.com

www.burmeseclassic.com



ရေနစ်သူကို စါးကူထိုးမယ့်အမုန်းတွေ။

ကိုယ့်နေရာလေးမှာ ကုပ်ကုပ်ညှိုးညှိုးလေးထိုင်ပြီး မြသည်း ပွဲပေါ်မှ မုန့်များကို ယူစားနေမိတော့ နေခက်ထန်က ရယ်သည်။

"ဘယ့်နှယ်…ရင်တွေဘာတွေ ခုန်နေလား"

"မခုန်ပါဘူး"

"အေး…ခုန်ရင်လည်း နင် အရှုံးဖြစ်မှာပဲ။ လူတွေရဲ့သဘော ားက ကိုယ်လိုချင်တဲ့ ပန်းတစ်ပွင့်ကိုရဖို့အတွက် တံချူရှာကြ ယ်။ ခုနင်းဖို့ တုံးရှာကြတယ်။ အခု နင့်ကို တုံးလိုနင်းပြီး တံချူ အသုံးပြုပြီး သူလိုချင်တဲ့ပန်းကို ချူမှာ"

"မြသည်း သိပါတယ်"

မြသည်း မျက်ရည်ကျမိတာ ကိုယ့်ဘဝ ဆိုးရွားလွန်းလို့ပါ။ က်နှာပန်းမလှ၊ အထက်တန်းမကျရသည့်ဘဝ။

"အေး…ဒေဝီ့စိတ်လည်း သိတယ်နော်။ နင် သူ့အမုန်းတွေ တော့မယ်"

"မြသည်း သိပါတယ်။ သူက အစောကြီးကတည်းကလည်း သည်းကို မုန်းနေတာပါ။ မြသည်းဘဝက ဆိုးပါတယ်"

ချစ်စရာ စင်စရာလားလေး၊ စန္ဒီးဝိုက်လေး၏မျက်ရည်များကို မကြည့်ရက်။

လက်ထဲမှ တစ်ရှူးနှင့် တို့သုတ်ပေးမိ၏။

"ဦးနေနဲ့ပတ်သက်ပြီးတော့လည်း သူ မြသည်းကို မုန်းတယ်။ ခင်းသားက မြသည်းကို မုရာမာယာတွေနဲ့ ဟန်ဆောင်ပြီး ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပြန်တော့ သူ မုန်းပြန်ပြီ။ လူတွေကဂလည်းနော်…သူ့ကိုလိုချင် သူ့ကို တိုက်ရိုက်ဂရုစိုက်ကြပါလား။ ခုတော့ မြသည်းကို ခုတုံးလုပ် ရက်ကြတယ်''

''ဒါ…လောကသဘာဝပဲလေ။ တစ်ကောင်ကျွေးပြီး နှစ်ကောင်စားတယ်ဆိုတာ ကြားဖူးတယ်ဟုတ်''

''ဟုတ်…ကြားဖူးပါတယ်၊ မြသည်း သိတယ်''

''အေး…သတိသာထားပေတော့။ နင့်ပတ်ဝန်းကျင်ကလူတွေ ဟာ မရိုးသားကြဘူး။ နင် ရှူနေတဲ့ လေ၊ ရေ၊ မြေ အားလုံးမှာ အဆိပ်ခိုးတွေပါနေတယ်''

မြသည်း မျက်ရည်တွေ စီးကျနေရင်းမှ နေခက်ထန်ကို သံဝေဂအပြည့် မော့ကြည့်နေမိသည်။

တော်တော်တရားကျဖို့ကောင်းတဲ့ လောကကြီးပဲ။ တော်တော် သံဝေဂရစရာကောင်းတာပဲ။

နေခက်ထန် သူကလေး၏မျက်ရည်များကို ယုယစွာ လှမ်းသုတ်ပေးလိုက်ရင်း အားပေးရသည်။

''ဒီလောက်လည်း အားမငယ်ပါနဲ့ မြသည်းရယ်…ကိုကို နင် အောက်ခြေလွတ်မှာ…သတိလွတ်မှာစိုးလို့ သတိပေးရတာပါ''

''ကိုယ့်ဘဝကိုယ် သိပါတယ်။ အောက်ခြေလွတ်ရအောင် မြသည်းဘဝက သူများအခိုင်းအစေ၊ သူများစိတ်နဲ့ လူလုပ်နေရတာ ပါ''

''အေးပါ…အေးပါ…ကဲ…တိတ်…တိတ်…ဒီနေ့တော့နော်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ချာတိတ်အနားမှာ ရှိပါတယ်ကွာ”

သူတို့ (၂)ယောက် တီးတိုးစကားတွေဆိုနေစဉ် ဒေဝီကတော့ ...င်းသားအနားမှာ အမျှားနှင့်အတူ ရယ်မောပျော်ရွှင်လျှက်။

ည (၁၀) နာရီလောက်ကျမှ (၃)ယောက်သား ပြန်လာကြ ...သည်။ ဒေဝီက မူးနေပြီး နေခက်ထန်နှင့်မြသည်းက ဒေဝီ့ကို တွဲပြီး ...ားထဲသို့ ထည့်ရသည်။

အရက်မူးတော့ ကျွဲခိုးပေါ်သတဲ့။

ဒေဝီ့ပါးစပ်မှ စကားတွေ အော်လို့။

“နင့်ကို ငါ သတ်မယ်။ မူရာမာယာတွေများတဲ့ မိန်းမ… ...နေ့ကိုလည်း နင်ပဲ မြှူဆွယ်ဖြားယောင်းတယ်။ ကိုသင့်ကိုလည်း ...င်ပဲ မြှူဆွယ်တာ။ မြွေဟောက်လို လျှာနှစ်ခွနဲ့ လာသမျှလက်ခံတဲ့ ...န်းမ…မကောင်းဆိုးဝါးမ”

မူးမူးနှင့် အော်ဟစ်သောင်းကျန်းနေသည့် ဒေဝီအား ဖေးမ ...ညီကာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်နေရသူမှာ မြသည်းရုံ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၆]

နေသခ်ါ မြသည်းကိုနင်းပြီး ဒေဝီဆီ လှမ်းတက်သွားခဲ့တာ၊

မာယာများသည့်ယောကျ်ားမို့ ဒေဝီနှင့် အဆင်ပြေသွားသည့်အခါ မြသည်းကို ရန်သူတစ်ဦးလို ခါးခါးသီးသီး။

ဒေဝီကလည်း ဘယ်လောက်ပင် ကြိုးစားကြိုးစား လိုအပ်ချက်တွေကြောင့် မင်းသမီးကို ဖြစ်မလာ။ ဇာတ်ရုံဘဝကနေ တိုးမတက်။

အင်တာဗျူးတွေ၊ ဇာတ်ပုံလှလှတွေနှင့် ဂျာနယ်၊ မဂ္ဂဇင်းဆရာတွေအားကိုးပြီး ကြော်ငြာလည်း ထူးထူးခြားခြားကို တိုးတက်မလာ။

ငွေ့တလောက်တော့ ငှက်တိုင်းလှသည်ဆိုတာလို မြသည်းကမှ နေရင်းထိုင်ရင်းနှင့် မပင်ပန်းဘဲ ဇာတ်ရုံနေရာလေးတွေမှာ သရုပ်ဆောင်ခွင့်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ကြေးရယ်ဘာရယ်တော့ မဟုတ်။ သည်လိုပဲ ဓာတ်ရုပ်နှင့်လိုက်မည့် အဝတ်အစားဖိုး၊ မုန့်ဖိုးလေးတွေ ပေးတတ်ဘာ။

ပေးသမျှမုန့်ဖိုးကို မြသည်း မသုံးပါ။ သူ ယုံကြည်အားကိုးရသည့် ဘဘဦးနီဇော်ကိုသာ အပ်ထားခဲ့သည်။

ဦးနီဇော်ကလည်း သူ့ဗီဒီယိုမှန်သမျှ ဓာတ်ရုန်နေရာလေးတွေမှာ ဒေဝီနှင့်မြသည်းကို သုံးပါသည်။

ယခုလည်း နောက်ကားအတွက် သူမတို့နှစ်ယောက်ကို ဘမ်းလှမ်းနေပါ၏။

"နောက်တစ်ကားကတော့ ရုပ်ရှင်ကားကြီး ရိုက်မှာ။ ဓာတ်လမ်းအရ လားရှိုး၊ မူဆယ်ဘက်ကို အခြေပြုမှာမို့ အဲဒီဘက်အထိ သွားရိုက်ရမယ်"

"ဟင်...အဲဒီအထိဆိုတော့ ဆရာ ရှုံးမှာပေါ့။ စရိတ်စကပဲ တွက်ကြည့်ပါဦး"

ဒေဝီနှင့်နေသခါ မေးကြည့်တာ။ သွေးတိုးစမ်းကြည့်တာ။ ချစ်စခင်စတွေမို့ မိဘ၊ မိသားစု၏ရှေ့မှောက်မှ ခွာချင်နေကြတာလေ။

"ရတယ်...တွက်ခြေကိုက်အောင် ဗီဒီယိုပါ ၃-၄ ကားလောက် ရိုက်ခဲ့မှာ"

"ဟာ...ဒါဆို မင်းသား၊ မင်းသမီးတွေပါ အကြာကြီးနေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့မင်းသားက နေသခ်ါနဲ့ ပြည့်စုံလေ။ နေသခ်ါ (
ကား၊ ပြည့်စုံ (၂)ကား"

"မင်းသမီးကရော"

ဒေဝီနှင့်နေသခ်ါ မျှော်လင့်တကြီး မေးနေတာ။ ဒေဝီ
သည်လောကထဲဝင်ပြီး ဇာတ်ရန်ခန်းကပါနေရတာ (၁၀)ကားကျော်
နေပါပြီ။

ဦးနီဇော် မြွေမသေ တုတ်မကျိုး ဖြေရပါ၏။ ဒေဝီဟာ ရုပ်
ကလေးလှပေမယ့် ဘာတွေလိုအပ်နေမှန်းကို မသိ။ မင်းသမီး
ဇာတ်ရုပ်ကို မထွက်။

သရုပ်ဆောင်တာကိုက ပေါ့ရှန်ရှန်။ ပါရမီမပါဘူး ပြောရ
မလားပင်။

သူ့စာလျှင် မြသည်းကမှ သရုပ်ဆောင်နိုင်သေးသည်။
ခိုင်းသည်ထက်ပင် ပိုပြီး ဖြေနိုင်ပါ၏။

"မင်းသမီးကတော့ ကားကြီးအတွက် ဖွေးဖွေး။ ဗီဒီယိုတွေ
အတွက်ကတော့ စဉ်းစားတုန်းပဲ။ ဘယ်သူနဲ့ ချိတ်ရမလဲမသိဘူး"

"ဟင့်...ဆရာကလည်း ဒေဝီတို့ကို ခုထိ မင်းသမီး
တင်မရိုက်သေးဘူးလား။ ဒေဝီ ငွေစိုက်ဆို စိုက်ပါ့မယ် ဆရာ"

"ကြည့်သေးတာပေါ့ကွာ...နောက်တစ်ပတ် တနင်္ဂနွေမှာ
သွားမယ်။ ဟိုမှာလည်း တစ်ပတ်၊ ဆယ်ရက်လောက်ပဲ ကြာမှာပါ"

"ဇာတ်ရုံပဲလုပ်နေရတယ်။ မင်းသမီးအပြိုင်လေးဘာလေး
တင်ပေးပါ ဆရာရယ်...ဒေဝီ ငွေစိုက်ဆိုစိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးနီဇော် သက်ပြင်းသာချနေရပါသည်။

"သရုပ်ဆောင်တာ ကျွမ်းကျင်အောင် လေ့ကျင့်တယ်ပဲ ထားပါ ဒေဝီရယ်…ကျရာဇာတ်ရုပ်ကို နိုင်နင်းတော့မှ ဆရာ မင်းသမီးတင်ရိုက်ပါ့မယ်"

"ဆရာ…အခု လားရှိုး-မူဆယ်ဘက်မှာ (၄)ကားတောင် ရိုက်မှာပဲ။ အပြိုင်မင်းသမီးလောက်တော့ နေရာပေးပါ။ နော်..နော်"

နေသခါကလည်း ဝင်ပြောလျှင် ဦးနီဇော် အားတုံ့အားနာ ဖြစ်ရသည်။ ငါတော့ ကွဲတော့မှာပဲ။ ဒေဝီ သရုပ်ဆောင်တာ ညံ့ပျက်ပျက်။ အလှအပကို ဦးစားပေးသည်။ သဘာဝမကျ။

ဒါကို အနုပညာသမားတိုင်း မြင်သာလျက်နှင့် သူ့ကို ပူဆာ နေကြသည်။ ဒေဝီ့ကြောင့် ဇာတ်လမ်းပျက်မှာ၊ ဇာတ်နာမှာလည်း စိုးရသည်။ သို့သော်…

"အေးပါ…ဟိုကျမှ ကြည့်လုပ်ပါ့မယ်ကွာ"

"ဆရာက ဒေဝီ့ သာ မင်းသမီးတင်မရိုက်ချင်တာ၊ မြသည်းရဲ့ ကျ တင်ရိုက်ချင်နေတာ မဟုတ်လား"

ဒေဝီ အစ်လိုက်တာပါ။ ဦးနီဇော်လည်း သိပါ၏။

"မရိုက်ပါဘူး…သူလည်း မုန့်ဖိုးလေးဘာလေးရ၊ အဝတ် အစားလေးလည်းရအောင် ဆရာက ထည့်သုံးပေးတာပါ။ ဒေဝီက ကျေးဇူးတောင် တင်ရမှာ။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်လေ။ ဒေဝီ့ သူကို ဆရာက ကျွေးမွေးဆင်ပြင်နေတော့ ဒေဝီ မကုန်တော့ဘူး ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက အကျိုးလိုလို့ ညောင်ရေလောင်းနေသလား မသိတာ"

"ဘာ"

ဦးနီဇော် ဒေါသထွက်တာ မလွန်။ ဂုဏ်သိက္ခာနှင့်နေသူကို မတရားစွပ်စွဲချင်နေတာကိုး။ သည်တော့မှ စကားကို လျှော့ချ၊ ရှိခိုး ဦးချလုပ်ဖို့လည်း ဒေဝီတို့က ဝန်မလေးပါ။

"ဆောရီး...ဆောရီးပါ ဆရာ၊ ဒေဝီက ဂျေဝင်ပြီး ပြောမိတာပါ။ သူကတော့ ဒေဝီ့နောက် ထဘီခေါက်လိုက်ရင်း နေရင်းထိုင်ရင်း မင်းသမီးဖြစ်လို့ ဒေဝီ မနာလိုတာပေါ့"

"ပါရမီလေ...သူက သဘာဝနဲ့ နီးစပ်အောင် သရုပ်ဆောင်တတ်တယ်။ ထားပါတော့လေ...ဒေဝီတို့ အထုပ်အပိုးပြင်ထား၊ အိမ်က ဘယ်သူလိုက်ဦးမလဲ"

"မာမီတို့ မအားတာလည်း ဆရာ သိသားပဲ။ ဒေဝီနဲ့မြသည်း (၂)ယောက်ပဲပေါ့။ ဆရာ့ကိုပဲ အားကိုးမှာလေ"

"ဆရာမနိုင် နှစ်ဆောင်ပြိုင်ဇာတ်လမ်းတွေလည်း ဆင်မချေ နဲ့ဦး"

မြသည်းကတော့ ဒေဝီခိုင်းသဖြင့် ခပ်လှမ်းလှမ်းမှဆိုင်မှာ မုန့်သွားဝယ်ပေးနေရပါသည်။ သူမ ပြန်လာမှ အားလုံး စကားပြတ် သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၅]

အိမ်နှင့် တော်တော်အတိုက်အခံလုပ်ပြီးမှ သည်ခရီးကို ဒေဝီ လိုက်ခွင့်ရခဲ့သည်။ ဒယ်ဒီနှင့်ကိုကိုက မကျေနပ်။ သဘောမတူ။

"ဒေဝီ...တော်ရုံလည်း ရှူးစမ်း၊ သမီး အလိုလိုက်ပြီး မော်ဒယ်ဆို မော်ဒယ်၊ မင်းသမီးဆို မင်းသမီး၊ ခွင့်ပြုပေးနေတာပဲ။ ဟာ မူဆယ်-လားရှိုးဘက်ထိအောင် သွားရမယ်ဆိုတော့ မဟုတ်သေးပါဘူး။ တရုတ်ဘက်ရောက်ဖို့ပဲ ရှိတော့တယ်"

"ဒယ်ဒီ...အဲဒီဘက်တွေက ငြိမ်းချမ်းတာ မဟုတ်ဘူးနော်။ တိုက်ပွဲတွေ တအုန်းအုန်း ဖြစ်နေတာ။ လောက်ကိုင်နဲ့လည်း နီးနီးလေး"

"ဒယ်ဒီနဲ့ကိုကိုက ဒေဝီ့တက်လမ်းကို ပိတ်ပင်နေကြတာ။ အခု ကားကြီးမှာလည်း ပါရမယ်။ ဗီဒီယိုလည်း (၃)ကားလောက် ရိုက်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



သားအဖတွေ အော်ဟစ်သောင်းကျန်းနေချိန်မှာ မြသည်းကတော့ မီးဖိုထဲ အလုပ်ရှုပ်ကူရင်း နားထောင်နေရပါ၏။ မြသည်းကတော့ ဘာမှစိတ်အားထက်သန်လှသည် မဟုတ်။

ဒေဝီနှင့်အတူ သွားလာနေရသမျှ သူမကို ကျွန်တစ်ယောက်လိုဆက်ဆံပြီး အလကား နှာမ်နှိမ်နေဦးမှာပါ။

ဒေဝီသွားလည်း လိုက်သွားရုံ။

"နင်က ငါးစာသာမြင်တာ၊ ကျော့ကွင်းမှ မမြင်ဘဲ။ မိဘမျက်ကွယ်မှာ အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"

"ကိုကို့လိုသာဆို သူများမင်းသား၊ မင်းသမီးတွေလည်း သွားလာရိုက်နေကြတာပါပဲ။ ကားကြီးက ဖွေးဖွေးနဲ့ရိုက်မှာ"

"ဟိုက အစောင့်အရှောက်နဲ့ သေသေချာချာ စီစဉ်ပြီး သွားမှာ"

"ဒေဝီလည်း မြသည်းပါတာပဲ။ အဖော်ပါရင် ပြီးတာပဲ။ ဆရာဦးနီဇော်တို့…မင်းသား နေသခ်ါတို့ဆိုတာ နာမည်ပျက်မရှိ တည်ကြည်ပြီး ဂုဏ်သိက္ခာနဲ့ နေကြသူတွေပါ"

နောက်ဆုံး ခံဝန်ကတိတွေ အထပ်ထပ်နှင့် ချုပ်နှောင်ပြီးမှ သည်ခရီးကို လိုက်ခွင့်ရခဲ့တာ။

မင်းသား၏ကားမှာ သူ့မိတ်ကပ်ဆရာ မာမီနှင့် သူ့အပေါင်းအသင်း (၂)ယောက်။

ဒေဝီက မင်းသားကားမှာ စီးမည်။ မင်းသားက ကားခရေစီး၍ ကိုယ်တိုင်မောင်းမည်။ ဒေဝီက မင်းသားဘေးမှ စီးမည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ (၂)ယောက် အဆင်ပြေနေပေမယ့် မပြေသူက မြသည်းရဲ့။

ကားနောက်ထဲမှာ မာမီရယ်၊ မင်းသားဘော်ဘော် (၂)ယောက်ရယ်။ ယောက်ျား (၃)ယောက်၊ မင်းသားဘော်ဘော်တွေ ကလည်း လူပေါ်ကျော့၊ ဂျလေဗီတွေ။ ရုပ်ရှင်ထဲ၊ ဗီဒီယိုထဲ ဖြတ်လျှောက်အခန်းလေးကပဲ ပါရပါရဆိုသူတွေ။

မြသည်း သူတို့နှင့် လုံးလားထွေးလား မနေချင်။ မစီးချင်။ ကြီးကျယ်တယ်ပဲပြောပြော မြသည်းက (၁၆)နှစ်ကျော်နေပေမယ့် ကလေးရုပ် မပျောက်သေး။ လူကြီးမဖြစ်သေး။ ဒါကို အခွင့်ကောင်း ယူပြီး ကလေးလို ဆက်ဆံနေကြတာလည်း မကြိုက်ပါ။

(၁၂)နှစ်သမီးလေးလို ပါးဖျစ်၊ နားဖျစ်၊ ပေါင်ပေါ်ချီတင်တတ် ကြသူ တချို့ကြောင့် မြသည်းခမျာ ကြောင်ရိုင်းလေးလို မာန်ဖီချင် ချင်။ ပြေးချင်ချင်။

စုရပ်ဖြစ်သည့် ဘဘဦးနီဇော်၏ ရုပ်ရှင်ခြံကြီးထဲသို့ နေသခါ ၏ကားရပ်သွားတော့ မြသည်း ကားပေါ်မှ အမြန်ဆုံး ပြေးဆင်း၏။

ယောက်ျား (၃)ယောက်ကြားမှာ ပရုပ်လုံးလို လုံးပါးပါးရမည့် ဘဝမှ အမြန်ဆုံး လွတ်ချင်ပြီလေ။

"ဘဘ"

ဦးနီဇော်မှာ သူ့ရုပ်ရှင်အဖွဲ့သားများအတွက် ကားကြီး ကားငယ်နှင့် စီစဉ်နေရသည်။ လူကများ၊ ကားကနည်း။

သူ့ကားမှာလည်း ဗီအိုင်ပီတွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…သမီး၊ အဆင်မပြေဘူးလား။ မင်းသားကား လိုက်ကြမှာဆို"

"သူတို့နဲ့ သမီး မစီးချင်ဘူး။ ဟို…ရုပ်ရှင်အဖွဲ့သားတွေ အတူစီးရစီးရပါ"

"ကားကြီးထဲမှာလည်း ပစ္စည်းတွေနဲ့၊ လူတွေနဲ့ ပြည့်ကျပ်နေတာ။ ဘာဘကားထဲမှာလည်း"

ဦးနီဇော် စိတ်မကောင်းဖြစ်ရသည်။ သူ့ကားထဲမှာလည်း လူက အပြည့်။ မင်းသားကားကို လှမ်းကြည့်လိုက်တော့ နောက်ဘက်မှာ မာမီရယ်၊ မင်းသားဘော်ဒါ (၂)ယောက်ရယ်။

"ဟုတ်တာပေါ့…ကလေး ဘယ်စီးချင်မလဲ"

ဦးနီဇော် အကြံအိုက်နေဆဲ မြသည်းထံ ဖုန်းဝင်လာလေ၏။

"ဦးနေ"

နေခက်ထန်ဆီမှဖြစ်နေလျှင် မြသည်း ဝမ်းသာအားရ ဖြစ်သွား၏။ သူမက ရေနှစ်သူလေ။ ကောက်ရိုးမျှင်ကြီးကို အားကိုးမိတာပေါ့။

"နင်တို့ မူဆယ်-လားရှိုး လိုက်သွားပြီဆို။ အခု ဘယ်ရောက်နေပြီလဲ။ လူကုန်ကူးခံရအောင် လိုက်သွားတာလား။ ဘုမသိ ဘမသိနဲ့"

နေခက်ထန် ဆူနေပေမယ့် မြသည်း နားဝင်ချိုနေမိပါသည်။

"ဘယ်မှမရောက်သေးပါဘူး ဦးနေရယ်…အခု မြသည်းတို့ အခက်အခဲဖြစ်နေလို့။ ကားပြဿနာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ...ဘယ်လိုကားပြသနာလဲ"

"မင်းသားကားနဲ့ လိုက်ကြမှာလေ။ မမဒေဝီက ရှေ့ခန်း၊ မြသည်းက နောက်ခန်းမှာ ယောက်ျားတွေကြားထဲ စီးရမှာ။ မစီးချင်ဘူး"

"ဩ...နင်...ဒီလောကထဲဝင်တာ အဲလိုယောက်ျားတွေနဲ့ ထိုးထွေးရောယှက်ချင်လို့ မဟုတ်ဘူးလား။ ခုမှ ဘာအသံကောင်း ဟစ်နေတာလဲ"

"ရှင်..."

သူ့ကို အားကိုးတိုင်တည်မိခါမှ ရစရာမရှိအောင် ပက်ပက် စက်စက် ပြောလိုက်သဖြင့် မြသည်း ဖုန်းပိတ်လိုက်မိပါသည်။

အံကိုတင်းတင်းကြိတ်၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိရင်း လူတို့၏သဘောကိုလည်း နားမလည်နိုင်တော့ပါ။

မည်သူ့ကိုမှ တရားသေတွက်လို့ မရသော လောကကြီး။ လူသားတွေအားလုံးဟာ စရိုက်ရှင်တွေချည်းပါလား။ နောက်ကျော ကိုလည်း ဓားနဲ့ ထိုးတတ်ကြသေးတယ်။

ပြီးတော့ မာယာလည်း များတတ်တယ်။

နေသခါက မြသည်းကိုနင်းပြီး ဒေဝီကို ဆွတ်ချူလက်လှမ်းတယ်။

ဦးနေကလည်း မြသည်းကို ကြင်နာသယောင်ယောင်၊ ကူညီမှာယောင်ယောင်နှင့် ယခုကျ နာနုဖြတ်ရိုက်ချလိုက်ပါပြီ။

ကျွဲဖြစ်မှတော့ ရွှံ့ကို မကြောက်တော့ဘူး။ ကိုယ့်ဘာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝရဲ့အရှင်သခင်။ ကိုယ့်ဘဝကိုယ် အကောင်းဆုံးဖြစ်အောင် ဖန်တီးမယ်။

ဒေဝီကု သူမကို လှမ်းခေါ်လိုက်ပါသည်။

"မြသည်း"

"လာပြီ…မမ"

သည်အချိန်မှာပဲ ဦးနီဇော်က မြသည်းကို ကယ်တင်လိုက်ပါသည်။

"ငါ့ကားထဲက မင်းသမီးကြီးတစ်လက် မင်းသားကားဆီ သွားစီးပါဟေ့…မြသည်း ဒီကားမှာစီး"

နေသစ်ပွင့်ဒေါ်ဒါတွေ ရှုံ့မဲ့သွားပေမယ့် အမေခန်းမှာပါမည့် မင်းသမီးကြီးနှင့်ပဲ နှစ်ပါးသွားကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂၁

တစ်ခါမှ ခရီးဝေးမသွားဖူးတာမို့ ရှမ်းပြည်နယ်အထိသွား သည့် သည်ခရီးဟာ စိတ်လှုပ်ရှားစဖွယ်။

အေးမြသည့် ဆောင်းရာသီမို့ ရှမ်းပြည်မှာ ပိုအေးပါ၏။ မြသည်း မပျော်ရွှင်နိုင်ပါ။

လောကဓံကို ခပ်စပ်စပ် ခံစားနေရပါ၏။ ကိုယ့်ကိုယ်ကိုယ် ဆရာတော်ကြီးတွေ၏ တရားတွေနာ၊ တရားစာအုပ်တွေဖတ်ပြီး ရင့်ကျက်နေပြီဟု ထင်မိပေမယ့် တကယ့်လက်တွေ့ တွေ့သည့်အခါ မြသည်း ခံနိုင်ရည်မရှိပါ။ နေသခါ ချနင်းတာ၊ စိမ်းကားတာ၊ ရန်လို တာ ဘယ်လိုမှ မခံစားရပေမယ့်···

နေခက်ထန် စိမ်းကားတာ မြသည်း ခံစားရပါသည်။ မရှုံးပျ သည့် ရုပ်ကလေးနှင့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာစားကြဖို့ ဂဟာနားတော့ အများစုက တော်ရိလျှော်
ထမင်းဆိုင်လေးမှာ စားကြ၊ နားကြသည်။ မြသည်း ကိုယ့်အခြေ
အနေကိုယ် သိပါသည်။ ဒါ ရှုတင်ထမင်းပေါ့။

သူမလည်း အများနှင့်အတူ စားလိုက်ပါသည်။

ညကျတော့ ဦးနိဇော်၏ဦးလေးဘုန်းကြီးကျောင်းရှိရာ မန္တလေး
မှာ တည်းလိုက်ကြရသည်။

ခါတိုင်းက မြသည်းကို နိုပ်စိုင်း၊ အမျိုးမျိုးခိုင်းစေသော ဒေဝီ
သည်တစ်ခါတော့ သူတခြား၊ ကိုယ်တခြားပါ။

ဒေဝီ ဘယ်မှာတည်းပြီး ဘယ်ဆီရောက်နေသည်မသိ။ ကေ
နေသခ်ါ ဆွဲခေါင်ရာပါသွားပြီလား။ မြသည်းဟာ သူ့နောက်လိုက်
သူ့ခိုင်းဖတ်မို့ သူ့ကို လွမ်းမိုးချုပ်ချယ်လို့လည်း မရပါ။

အစကတည်းက ကားတစ်စီးစီ စီးလာခဲ့ကြတာမို့ မြသည်းနှင့်
ဒေဝီဟာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း။ ဘယ်လိုမှ မဆုံကြ၊ မတွေ့
ကြရပါ။

မြသည်းကတော့ အမေခန်း၊ အဒေါ်ခန်းတွေမှပါရမည့်
မင်းသမီးကြီးများနှင့်အတူ ဘုန်းကြီးကျောင်းဝင်းထဲရှိ လုံခြုံသော
ခန်းမတစ်ခုမှာ အိပ်စက်လိုက်ပါသည်။

* * *

ဒေဝီ...

အချစ်မှာ မျက်စိမရှိတာလား။ ဒါမှမဟုတ် ကိလေသာ



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ဟာ လောကကြီးထဲမှာ အမှောင်ဆုံလား။

နေသခါါဟာ ချောချောဖြောင့်ဖြောင့်နှင့် တော်တော်ဆွဲဆောင်မှုရှိသည့် မင်းသားတစ်လက်ပါ။

အပျိုတွေ ကြွေတာပေါ့။

ရောက်လေရာအရပ်မှာ အမှတ်တရ လက်မှတ်တွေ ထိုးခိုင်းကြသည်။ လက်ဆောင်တွေပေးကြ၊ ပန်းစည်းတွေပေးကြ။

သည်ကြားထဲမှ ဒေဝီ့ကို ချစ်ရေးဆို၊ ချစ်ခွင့်ပန်တာ မဟာတံထူးရှင်ပေါ့။

"ဒေဝီ့ကိုချစ်ပေးမယ့် ဒေဝီက မာနခဲလေးမို့ မြသည်းကတစ်ဆင့် ဒေဝီ့စိတ်တွေ၊ အချစ်တွေကို နှိုးဆွရတာပါ။ ကိုကိုချစ်တာဟာဒီဒေဝီလေးပါ"

သူမကို ရင်ခွင်ထဲထားပြီး ဟိုတယ်ခန်းထဲမှာ ချစ်စကားတွေဆိုနေကြတာ။

"ယုံပါဘူး…ကိုကို မြသည်းကို ချစ်တာမဟုတ်လား။ သူကဒီယဆေးရှိတယ်…ကိုကိုရဲ့။ မြင်တဲ့သူတိုင်း သူ့ကို ချစ်ကြတယ်"

"လမ်းဘေးကျနေတဲ့ ပန်းတစ်ပွင့်ကို ဘယ်သူက ခေါင်းပေါ်တင်မှာလဲ။ ခြေထောက်နဲ့ပဲ နင်းသွားကြတော့မပေါ့ ဒေဝီရယ်။ တွေညီတာတွေ လာနှိုင်းမနေပါနဲ့"

"ခု…ကိုကို သူ့ကိုမြင်တိုင်း ရန်သူတွေကျလို့၊ အဲဒါ ဘာဖြစ်တာလဲ"

"ဩော်…ဒေဝီလေး အထင်လွဲမှာစိုးလို့ပါ။ ကိုကိုက ဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



အထင်အမြင်လွဲတာ မခံနိုင်ဘူးလေ။ လိုအပ်ရင် သူ့လည်ချောင်း သွေးနဲ့တောင် ဒေဝီ့ကို ခြေဆေးပေးနိုင်ပါတယ်"

"အမလေး...ကိုကိုပြောပုံကြီးကလည်း မထိတ်သာ မလန့်သာ။ လူတစ်ယောက်လုံးရဲ့အသက်ကို ပုရွက်ဆိတ်လို သတ်ပစ်လို့ ရမှာလားရှင့်"

"သဘောပြောတာပါကွာ...တကယ်လည်း သတ်လို့ဘယ်ရမလဲ"

"ကဲပါ...အသည်းယားစရာ စကားတွေမပြောနဲ့။ ဒေဝီ့ကို ဘယ်လောက်ထိချစ်ကြောင်းတွေပဲပြော။ ဒေဝီတို့ရှေ့ရေးတွေ နောင်ရေးတွေပဲပြော"

"ဒါတွေက အလိုလိုဖြစ်လာမှာပါကွာ...လောလောဆယ် အဖိုးတန်တဲ့အချိန်တွေကို အဖိုးတန်အောင်ပဲ အသုံးချရအောင်နော်"

သူ့မင်းသားက ရွှေမင်းသားတစ်ပါးလို လှပချောမွေ့လွန်းတော့ ဒေဝီ ဘာကိုမှ မတွေးမိတော့ပါ။

အချစ်ကြောင့် စုံလုံးကန်းနေမိပါ၏။

ရွှေမင်းသား၏ မွေးပုံ့တိမ်းမူးဖွယ် ရင်ခွင်ထဲမှာ မိုးမမြင် လေမမြင်။

ဆားငန်ရေကို အတူကူးခပ် သောက်သုံးနေမိခဲ့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မနက် (၈)နာရီမှာ ကားတွေ စထွက်ကြသည်။ ကားကြီး ...စ်စီး။ ကားလေး (၂)စီး။

"လားရှိုးမှာ ဘဘရဲ့ညီ ရှိတယ်။ သူ့ခြံက အကျယ်ကြီး။ ...ဒီမှာ တည်းရမှာပဲ"

ဦးနီဖေ၏ကားမှာ လိုက်ရတာစိတ်ချမ်းသာရပါသည်။ စိတ် ...ချမ်းသာရတာ ရန်ကုန်မှ လှမ်းမေးသမျှ သူမ ညာနေရလို့ပါပဲ။

ဒေဝီ့မာမိနှင့် နေခက်ထန်။

"မြသည်း...သမီးဆီ ဖုန်းဆက်လို့ မရဘူး။ သမီး ဘာလုပ် ...နေသလဲ"

"သူ ဘယ်မှာလဲ။ နင်နဲ့အတူ ရှိနေသလား"

နေခက်ထန်က တစ်မျိုး။ ဒေဝီ့ကို ပူသလိုလို၊ မြသည်းကို ...သလိုလို။

"မြသည်း...နင်တို့ (၂)ယောက်...ခု...ဘယ်မှာလဲ"

"မန္တလေးမှာ...ဘုန်းကြီးကျောင်းထဲမှာ စုပြီးတည်းကြ ...တယ်"

"ဒေဝီရော"

"သူ အပြင်ခဏထွက်သွားပါတယ်"

မြသည်း မညာတတ်ပါ။ ဘုန်းကြီးကျောင်းဝင်းထဲထိ ကားနှင့် ...ဝင်လာပြီးမှ သူတို့ကားက ပြန်ထွက်သွားလေတာ။

"သူပြန်လာရင် ဖုန်းဆက်ပါလို့ ပြောလိုက်၊ နင် ဒေဝီ့ကို ...သေသေချာချာ စောင့်ရှောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ဒေဝီကို သူငယ်နှပ်စားလေး မှတ်နေကြပုံ။ ဒေဝီကလည်း မိဘရင်ခွင်မှ လွတ်သည်နှင့် စောင်းထဲမှမြင်းလို...

မနက်ကျမှ ပြန်တွေ့ကြတော့လည်း မျက်နှာထားက တင်း တင်း။ မည်သူ့ကိုမှ ဂရုမစိုက်တော့သည့်ပုံ။

မြသည်းကရော သူ သေဆိုသေ၊ ရှင်ဆိုမှရှင်ရမည့်သူမို့ ဘာမှ မတတ်နိုင်ပါ။ ဒေဝီ့မာမီနှင့် နေခက်ထန် ဖုန်းဆက်တာပင် ပြောမ ရဲ။

ဒေဝီက သည်တစ်ခါတော့ မြသည်းကို မနှိပ်စက်တော့ မခိုင်းသေး။ ဘေးမဲ့ပေးထားပြီး နေသခါ်နှင့်သာ တပူးတွဲတွဲ။ အမျ မျက်စိနောက်အောင်ကို တွဲနေတာ။

မန္တလေးမှထွက်လာပြီး ရှမ်းပြည်နယ်ဘက်ဝင်တော့ မြသည်း မှာ ရင်သပ်ရှုမော။

အေးမြစိမ်းလန်းသည့် ရေမြေတောတောင်နှင့် ရာသီဥတု အခိုက်အတန့်တော့ မြသည်း စိတ်ချမ်းမြေ့နေမိသည်။

ကားပေါ်မှာ ခရီးသွားရင်း ဦးနီဇော်က မြသည်းအကြောင်းကို မေးသည်။

"သမီးကို ဘဘက ကိုယ့်သမီးလေးလို ခင်မင်လို့ အမြ သနစ်ကို မေးတာ။ ဒေဝီတို့အိမ်မှာ အိမ်အကူလုပ်တာလား။ ဘာ လဲ...ဒါမှမဟုတ် သူတို့နဲ့ ဆွေမျိုးနီးစပ်လို့ လာပြီးမှီခိုနေတာလား ဒေဝီက သမီးကို အရမ်းနိုင်စားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး မပြောချင်ပါဘူး ဘဘရယ်။ သမီးအကြောင်းက ဘာမှ နားထောင်ချင်စရာ မကောင်းပါဘူး"

"ဩော်…လောကကြီးထဲ လူဖွေကျင်လည်နေရတာ ဒီလို ပါပဲကွယ်။ ဘဘလည်း ခုသာ ဟန်ဟန်ပန်ပန်ဖြစ်နေတာ။ ငယ်ငယ် တုန်းဆို ဂျလေဗီ၊ အပေအတေတစ်ယောက်။ ဘယ်သူယုံမှာလဲ။ ဘဘ တော့လေ…ငယ်စဉ်ကတည်းက လိမ္မာတဲ့သူထက် ဘဝအတွေ့ အကြုံနဲ့ ရင်းပြီးမှ အကောင်းဘက်ကို ရောက်သွားတဲ့သူကို ပိုပြီး အထင်ကြီးတယ်"

"ရုန်းကန်ရတဲ့ဘဝတွေကိုမှ ပိုပြီး လေးနက်တယ်။ အဓိပ္ပာယ် ရှိတယ်လို့ ယူဆတယ်။ ပြောပါ…သမီးအကြောင်း"

မြသည်း ဝမ်းနည်းလွန်းလို့ မျက်ရည်ပါးပါး စီးကျပြီ။

"လူတွေအများကြီးရှေ့မှာ မပြောချင်ပါဘူး ဘဘရယ်။ နောက်မှ ပြောပါရစေ"

"ဩော်… ဒါဆို သမီး ဘယ်အချိန်ပြောမလဲ။ သမီး ဇာတ်လမ်းက မဖွယ်မရာပါလို့လား"

"မပါဘူးထင်တာပဲ။ သမီးက ခံရသူပါ"

"ဒါဆို ပြောစရာရှိတာပြောပါ။ ဒါမှလည်း သမီးကို ကူညီ နိုင်မှာပေါ့"

မြသည်း မျက်ရည်လည်ရွဲနှင့် တိုးတိုးလေး ပြောပြလိုက် သည်။ သူမ၏ဇာတ်လမ်းဆုံးတော့ ဦးနီဇော် မခံမရပ်နိုင်လွန်းလို့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်ကြီးထဲမှာ လူကုန်ကူးတာ မရှိသင့်တော့ဘူး။ ခေ
မိဘတွေက သိန်း (၂၀) နဲ့ဝယ်ခဲ့တယ်ဆိုတော့ ဒါ…လူကုန်ကူးတာ
ပဲ။ သူတို့နဲ့ ဘဘ လှမ်းညှိလိုက်မယ်"

"ဘယ်လိုညှိမှာလဲ…ဘဘ"

"သိန်း (၂၀) ပေးပြီး ပြန်ဝယ်မယ်။ သမီးကို လွတ်လပ်ခွ
ပေးလိုက်မယ်"

"သူတို့က ပြန်မရောင်းရင်ရော"

"တရားရုံးတိုင်လိုက်ရုံ၊ ရဲတိုင်လိုက်ရုံပေါ့…လွယ်ပါတယ်"

"ရပါ့မလား ဘဘရယ်…သူတို့က ငြင်းမှာပေါ့။ ဘောင်ဝ
အောင်ပြောမှာပေါ့။ ရှေ့နေတွေ တရားသူကြီးတွေကို ငွေနဲ့ပစ်ပေါက
မှာပေါ့။ သမီးတို့ မြင်နေတာတော့ တရားရေးမဏ္ဍိုင် ခြစားနေတာ
ကြာပါပြီ။ ငွေများ တရားနိုင်ပါပဲ"

"အမှန်တရားရဲ့ဘက်မှာ ဘဘတို့နေပေးပါ့မယ်။ သမီး
မကြောက်ပါနဲ့"

"သမီး တွေ့ဖူးတယ်။ ရွာမှာ ပိုက်ဆံရှိတဲ့လူနဲ့ ဆင်းရဲသားနဲ့
အမှုဖြစ်ကြတော့ အမှန်တရား ပျောက်ကွယ်ပြီး ငွေရှိသူပဲ တရားနိုင
သွားတယ်"

"သူတို့က ဥပဒေကို ငွေနဲ့ပေါက်ပြီး ကလိမ်ကကျစ်ရှေ့နေ
မတရားသက်သေ၊ လာဘ်စားတဲ့ တရားသူကြီးတွေနဲ့ မြိုင်မြိုင်ဆိုင
ဆိုင်ကြီးကို ဘောလုံးတစ်သင်း ကစားနည်းကစားပြီး အနိုင်ယူသွား
ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



မြသည်းရုံ စိုးရွံ့အားငယ်နေသဖြင့် ဦးနီဖော် အားတက်အောင် အားပေးရ၏။

ကားက ပြင်ဦးလွင်ဖြတ်ပြီး လားရှိုးရောက်အောင် ဂရုတစိုက် မောင်းကြသည်။ ဝယ်ကျွေးရတာလည်း စရိတ်ထောင်းလှုပြီလေ။ လားရှိုး မြန်မြန်ရောက်မှပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၉]

ကြိုက်မရှက်၊ ငိုက်မရှက်တော့တာလား။

ဆားငန်ရေမို့ သောက်လေ…သောက်လေ ငတ်မပြေတာ လား။

ဒေဝီဟာ နေသခ်ျါအပေါ် တန်းတန်းစွဲ။

တစ်နေ့လုံး ရုပ်ရှင်ရိုက်၊ ဗီဒီယိုရိုက်ပြီးကြသည်နှင့် နေသခ် တည်းသည့်ဟိုတယ်ကို လိုက်သွားတော့သည်။

သူမ လိုက်သွားသည်ထက် သူခိုးသေဖော်ညှိသည်ပြောပြော ခွေးအမြီးပြတ်ဖော်ရှာသည်ဆိုဆို မြသည်းကို မရအရ ခေါ်သွားတာ က ဆိုးပါသည်။

ဦးနီဇော်၏ညီတော်မောင့်ခြံက အားလုံး တည်းခိုနိုင်အောင် စီစဉ်ပေးပေးမယ့် မင်းသား၊ မင်းသမီးနှင့် အချို့က ဟိုတယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ည်းကြပါသည်။ ရိုးသားလျှင် မဆန်းပေမယ့် ဒေဝီက သူ့ဆင်သေ ကို ဆိတ်ရေနှင့်ဖုံးမည့်သူမို့…

"မြသည်းနဲ့ဒေဝီ့အတွက် အခန်းတစ်ခန်း ယူထားပြီးပြီ။ ဟိုတယ်မှာ လိုက်နေရမယ်"

ဒေဝီက အပိုင်။ မြသည်းကို ဗီတိုအာဏာနှင့် အကျပ်ကိုင် သျှင် ဦးနီဇော်တို့အဖွဲ့က ဒေဝီ့အကြံကို သိပြီးသား။ မြသည်း၏ ဇာဇဝင်ကိုလည်း သိပြီးပြီမို့…

"မြသည်းက ဒီမှာ အဆင်ပြေတယ်။ ဒေဝီပဲ ဟိုတယ်မှာ ည်းလိုက်။ ဘာအားငယ်စရာရှိသလဲ။ မင်းသားတို့အဖွဲ့နဲ့ မင်းသမီး ကြီးတွေလည်းရှိတာပဲ"

"ဆရာကလဲ…ဒေဝီက အရမ်းသြောင်းတတ်တာ။ သူ့ကို ခိုင်းရဦးမှာ။ လာခဲ့…မြသည်း လိုက်လာတာကိုက ဒေဝီ့ကို ထုပ်ကိုင်ပေးဖို့လေ"

မြသည်းတစ်ယောက် ကူကယ်ရာမဲ့ ဖြစ်နေရပေမယ့် ယမယ့်သူ မရှိပါ။ ဒေဝီ ဘာအချိုးချိုးနေသည်ဆိုတာ အားလုံး သိကြပါသည်။

ဆင်ပြောင်ကြီး မြင်နေရတာတောင် ဆင်ခြေရာရှာပြီး ရားခံလွှဲချင်နေသည့် ဒေဝီ။

မြသည်း မျက်ရည်စက်လက်နှင့် လိုက်သွားရသည်သာ။

ဟိုတယ်ရောက်တော့ အခြေအနေတွေက မဟန်။ နေသခါ ငယ်ချင်းတစ်ယောက်က တစ်ခန်း။ ဒေဝီနှင့်မြသည်းက တစ်ခန်း။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြကြ ခပ်လှလှ။ ဒေဝီ့ကို မြသည်း မယုံကြည်။ မန္တလေး တုန်းက မင်းသားနောက်ပါသွားခဲ့ပြီး ယခုကျမှ ပြန်ပြီးအဖတ်ဆည် နေချင်တာ။

မြသည်း ကြားထဲမှ အညပ်မခံနိုင်။ ဒေဝီ မင်းသားအခန်း သွားလျှင် ကိစ္စမရှိ။ ဘယ်လိုတွေ အကွက်ရှေ့ကြဦးမှာလဲ။

ဒေဝီက မြသည်းကိုဆို လူလို့တောင် သဘောထားတ မဟုတ်။ မြသည်း ရင်တထိတ်ထိတ်နှင့်နေရသည်။

ဒေဝီ့ကြောင့် ကိုယ့်ဘဝ အထိပါးမခံနိုင်။ ည (၈)နာ လောက်ကျတော့ ဒေဝီ မြသည်းကို ခိုင်းပုံလည်းကြည့်ဦး။

"မြသည်း…ကိုသင် ငါနဲ့ စကားလာပြောမယ်။ နင် သူ အခန်းကိုသွား"

"ဘာဖြစ်လို့လဲ"

"ပြန်မမေးနဲ့…သူ ဒီကိုလာလိမ့်မယ်။ နင် သူ့အခန်းကိုသွား သွားဆိုသွားလိုက်…ငါ့ကို တန်ပြန်မေးခွန်းတွေ မေးမနေနဲ့"

"သူ့အခန်းထဲမှာ သူ့သူငယ်ချင်း ရှိနေတယ်လေ။ အဲလို လည်း မြသည်းကို ဘာဖြစ်လို့ ခေါ်လာတာလဲ။ ဟိုမှာနေပါ့မယ် ဆိုတာ အတင်းခေါ်လာတယ်"

"ဟင်…နင်"

"ဖြန်း"

မြသည်း ပူထူသွားသည့်ကိုယ့်ပါးကို အုပ်ရင်း ဒေါသတွေ အလိပ်လိုက် ထွက်နေရ၏။ သူနေချင်သလိုနေသည့်အပြင် မြသည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ဘဝပျက်စေချင်နေတာ။

ခါတိုင်းက ဒေဝီ ဘာလုပ်လုပ် ကိုယ့်ကာယိန္ဒြေ မထိသဖြင့် ငြိမ်ခံနေမိပေမယ့် ယခုကျ မြသည်း မခံနိုင်။

"မမဒေဝီလုပ်ပုံ မဟုတ်ဘူး။ မြသည်းက ဟိုဘက်ခန်းသွားရအောင် ဟိုဘက်မှာ ယောကျ်ားတွေရှိတယ်လေ"

"ရှိတော့ရော နင့်လိုအစားကပဲ နာအုံထင်သေးလား။ ကိုသင့်ဘော်ဒါက နင့်ထက် မြင့်တယ်။ ဟိုက ဘီအီးဘွဲ့ရပြီးသား… သူဌေးသား"

"ရှင်ဘုရင်ဖြစ်တော့ရော ကိုယ့်ဘဝကို ဘာကိစ္စ ထိုးကျွေးမှာလဲ။ အညှာလွယ်တဲ့အထဲမှာ မြသည်း မပါဘူး"

"ဟင်…နင်က ငါ့ကို အညှာလွယ်တယ်လို့ ပြောတာပေါ့လေ။ သေမယ့်သာကြဲ"

ဒေဝီ ဒေါသူပုန်တွေထပြီး မြသည်းကို ကုတ်ဖဲ့ထုရိုက်နေတော့ မြသည်း ရှောင်ရသည်။

ဒေဝီ့လက်နှစ်ဖက်ကို ချုပ်ထားရသည်။ ပြောကြေးဆို မြသည်းက ကျေးတောသူ။ တောမှာ သဘာဝအတိုင်း ကြီးပြင်းသန်စွမ်းရသူမို့ သန်ပါသည်။

ဒေဝီ့ကို မလွန်ဆန်ချင်ပေမယ့် ကိုယ့်အသားတော့ အနာမခံနိုင်။ သူ့ကို ပြန်ပြီးမတိုက်ခိုက်ပေမယ့် ကိုယ်အထိမနာရအောင် ရှောင်ခြင်း၊ တိမ်းခြင်း၊ ချုပ်ထားခြင်းတို့တော့ ပြုလုပ်ပါသည်။

"နင်…နင်…လွှတ်စမ်း…ငါ့ကို လွှတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မမဒေဝီ လွှန်ပြီနော်…မြသည်းမှာ ဘာအပြစ်မှမရှိဘူး။ မြသည်း ဘာဘဆီ ဖုန်းဆက်မယ်"

"မဆက်ရဘူး… နင် ငါခိုင်းတာ လုပ်ရမယ်။ နင်က ငါ့ကျွန်"

"မမဒေဝီ"

"ဘာလဲ…မဟုတ်ဘူးလား။ နင့်ကို ငါ့မာမီ သိန်း (၂၀) နဲ့ ဝယ်ထားတာလေ"

"ပြန်လျော်မယ်…အဲဒီ့သိန်း (၂၀) ကို ပြန်လျော်ပြီး လွတ်လပ်စွာ ရှင်သန်မယ်"

"မရဘူး…နင့်ကို ဘယ်တော့မှ လွတ်လပ်ခွင့်မပေးဘူး။ တစ်သက်လုံး ခိုင်းစားမယ်။ နင့်ရဲ့ သားစဉ်မြေးဆက်ပါ ခိုင်းမယ်"

"ဘာ"

သည်လောက်ထိပြောတော့ မြသည်း မခံနိုင်တော့ပါ။ သူ စိတ်စဉ်ပုံလည်း ကြည့်ပါဦး။ မြသည်း ဘဝပျက်ရမည့်ကိန်း။

မြသည်း မျက်စိတွေပြာသွားပြီး သွေးတွေ နီရဲဆူပွက်လာခဲ့ပြီ။

"ကဲဟာ…ကဲဟာ"

ဒေဝီ့ကိုယ်ပေါ် ခုန်အုပ်ပြီး တစ်ယောက်တစ်ပြန် သတ်ပုတ်ကြ ကြစဉ် ချပ်ခနဲ တံခါးဖွင့်လာခဲ့ချေပြီ။

နေသခ်ါ ဝင်လာတာ။ သူ့ရည်းစားကို သော့ပေးထားတာ ဘာမှ လုံခြုံမှုမရှိသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ဟော့"

နေသခ်ါက မြသည်းကို ဆွဲဖယ်ပြီး ချုပ်ပေးလျှင် ဒေဝီ မြသည်းကို ပါးတွေ၊ နားတွေ ရိုက်နေလေတော့သည်။

ဒေဝီ့ဒေါသတွေက အတိုင်းအဆမဲ့။

"ဒီကောင်မကို သတ်ပစ်ချင်တယ်။ ကိုကို…ဒေဝီ သူ့ကို သတ်ပစ်ချင်တယ်"

"သတ်တော့မသတ်နဲ့…ဒေဝီ သူ့ကို မမြင်ချင်တာမဟုတ် သား။ အိုကေ…မမြင်စေရဘူး။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ဒေဝီ သည်း အဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေ၊ ဘယ့်နှယ်လဲ"

"မမြင်ရရင် ပြီးရော…သူ့ကို ဘယ်သွားရောင်းစားစား"

နှစ်ယောက်ပေါင်းပြီး အယုတ်တမာတွေ ကြံစည်နေကြလျှင် မြသည်း ကိုယ့်ဘဝကိုယ် ခါးသီးမိသည်။

ဒေဝီနှင့်နေသခ်ါကိုလည်း မုန်းလိုက်တာ ခါးခါးသီးသီး။

သို့သော် လောလောဆယ် ကိုယ်က သူတို့လက်ထဲမှာ။ နှစ်ယောက်သား ယုတ်မာတော့မည်။

မြသည်းကို ပါးစပ်ထဲ အဝတ်ဆို့ပြီး ခြေတွေ၊ လက်တွေကို ကြိုးတုပ်ကြသည်။

ဒေဝီကလည်း မြသည်းကို အစိမ်းလိုက် ဝါးစားချင်သည် အထိ မုန်းတီး၊ ခါးသီး၊ ရန်လိုနေပေပြီ။

အမုန်းတရားဟာ ကြောက်စရာကောင်းလွန်းလှပါဘိ။

"ဒီကောင်မကို ဒေဝီ အဆုံးစွန်ထိ ပျက်စီးဆုံးရှုံးစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် သူ့ဘဝ တွင်းဆုံးကျပြီး နလန်မထူဖြစ်သွားစေချင်တာ"

"ဟုတ်ပြီ…ဖြစ်ရစေမယ်။ ကိုကိုတို့ သူ့ကို…"

နှစ်ယောက်သား နားနားကပ်ပြီး ပြောဆိုလိုက်တာ မြသည်း မကြားရပါ။ တစ်ခုခုကြံစည်တော့မည်ဆိုတာသာ ရိပ်မိရပါ၏။

မြသည်း ဒေါသတွေနှင့် မချိတင်ကဲ ငိုကြွေးနေရပြီ။ ပါးစပ်ထဲလည်း အဝတ်ဆို့ပြီး ပိတ်နှောင်ထားတာကြောင့် မအော်နိုင်။

"ဟုတ်ပြီ ကိုကို…ဒီကိစ္စကို ဒီညပဲ အပြတ်လုပ်ရမယ်။ နောက်နေ့ဆို သူ့ကို စီရင်လို့ မရတော့ဘူး"

"ဒါဆို ကိုကို စီစဉ်ချိတ်ဆက်လိုက်ဦးမယ်…ခဏနော်"

"ဟုတ်…ကိုကို၊ မြန်မြန်လည်း ပြန်လာခဲ့နော်။ ခုတောင် ည (၉)နာရီကျော်ပြီ။ အချိန်က ရွေ့ထက်ရှားတယ်"

"သိပါတယ်…မိန်းမရဲ့"

"သွား…လူဆိုး၊ ဒါမျိုးတော့ တတ်တယ်"

နှစ်ယောက်သား ပွေ့ဖက်နမ်းရှုံ့ပြီးခါမှ နေသခါ အပြင်သို့ ထွက်သွားပြီး အခန်းပြင်မှ သော့ခတ်သွားလေ၏။

* * *

ဒေဝီ အေးအေးဆေးဆေးပင် ရေချိုးအဝတ်အစားလဲ၊ အမွှေး နံ့သာလိမ်းကာ နေသခါကို စောင့်နေ၏။

စိတ်ထဲမှာ တော်တော်ကြည်နူးနေမိ၏။ သူမနှင့်နေသခါတို့ မြသည်းကို ရောင်းစားကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မူဆယ်၊ လားရှိုး။

တရုတ်နှင့်နီးနေပြီမို့ လူကုန်ကူးသူတွေက အသွင်အမျိုးမျိုးနှင့် ခြေချင်းလိမ်လို့။

ဒေဝီ မြသည်းကို တူးခါးနေအောင် မုန်းသည်။ လူတွေက သူ့ကိုဆို အလကားနေရင်း ကြင်နာသနားနေကြသည်။ အခွင့်အရေးတွေ ပေးကြသည်။

ဦးနီဇော်…

နေခက်ထန်…

နေသဉ္ဇါ..

နောက်…ကျန်တဲ့လူတွေ…လူတွေ ကြည့်ပါဦး။

သူမနောက်ကိုလိုက်ရင်း အချောင်ဇာတ်ရုန်မင်းသမီး ဖြစ်လာ၏။ လွယ်လိုက်တာ။ ရာဇဝင်ရိုင်းပါပေ့။

သူမက မုန်းလို့၊ အမြင်ကပ်လို့ အဝတ်အစားတွေ ပြန်သိမ်းပြီး အခက်တွေ့အောင်လုပ်တော့လည်း အခြေအနေက ပိုတောင်ကောင်းသေး။

ဦးနီဇော်၏ဇနီးက ဖက်ရှင်ဆိုင်ဖွင့်တာမို့ အဝတ်အစားတွေ သူလာလိုက်တာ။ တကယ့်ကို အလန်းစားတွေ။

မုန်းသည်။ မြသည်းရုံကို ဒေဝီ မုန်းသည်။ နေခက်ထန်ဆိုလည်း မြသည်းကို ဦးစားပေးလိုက်တာ။

နေသဉ္ဇါကရော…

ဂါဝန်လှလှလေးတစ်ထည်ပေးပြီး နောက်မှ သူမဘက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာ။

မြသည်းရုံဟာ အဖွာပါလီလို လူတကာကို မြူဆွယ်ဖြားယောင်း နေသည့်မိန်းမ။

သူရှိနေသရွေ့ သူမ၏ပတ်ဝန်းကျင်မှ ယောက်ျားများ၏နှလုံး သားကို အလုံးစုံ ပိုင်စိုးခွင့်ရမည်မဟုတ်။

"ဟီ...ဟီ"

ယခုတော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် မြသည်းရုံကို ရောင်း စားလိုက်တော့မည်။ ဆွေမရှိ၊ မျိုးမရှိ၊ တစ်ကောင်ကြွက်မ။

ရောင်းစားလိုက်လို့ ဘယ်သူကမှ ပြဿနာရှာမည်မဟုတ်။

နောက်ကြောင်း၊ ရှေ့ကြောင်း အေးသည်။ သူ့ဘာသာ လင်နောက်လိုက်သွားသလိုလို၊ ထွက်ပြေးသွားသလိုလို လုပ်လိုက်ရုံ ပါပဲ။

လူကုန်ကူးတာကလည်း နာမည်သာဆိုးတာ။ ငွေရချောင်ပါ ဘိ။

မိန်းမချောချောလှလှ ငယ်ငယ်နုနုလေးမို့ ကံကောင်းလျှင် သိန်း (၄-၅) ရာထိ ရနိုင်တာ။

မြသည်းပုံပြပြီး ဈေးခေါ်၊ ဈေးဆိုရမှာပေါ့။

အတွေးနှင့် ဒေဝီ ကျေနပ်ပီတိဖြစ်နေဆဲ... (၁၀)နာရီထိုးခါနီး လောက်မှာ နေသခ်ါထံမှ ဖုန်းဝင်လာ၏။

"ဒေဝီ...ချစ်ရေ...ဈေးကတော့ သိန်း (၄၀၀) တဲ့။ ဘယ့် နှယ်...သူ့ရုပ်ပြတော့ သွားရည်တမြမြကျနေကြတယ်။ ကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



အရုတ်သူဌေးတစ်ယောက်နဲ့ တိုက်ရိုက်တွေ့တာ''

''ငါးရာလောက် တောင်းရောပေါ့…ကိုကိုကလဲ''

''လူမြင်ရင် ပေးချင်ပေးလောက်တယ်။ ဒေဝီနဲ့သူ အပြင်ထွက်လာခဲ့ပါလား။ ဟိုတယ်ထဲမှာဆိုရင် လူသိမှာစိုးလို့''

''သူက လွယ်တာမဟုတ်ဘူး။ ကိုကိုကလည်း သိတဲ့အတိုင်းဗျားရိုင်းမ''

''ရတယ်…ကိုကို့ဘော်ဒါ (၂)ယောက်ကို ဖုန်းလှမ်းဆက်လိုက်မယ်။ သူတို့ လာခေါ်လိမ့်မယ်။ ဒေဝီပါ လိုက်ခဲ့…ငွေသိမ်းပြီး ပြန်ရုံပဲ။ ကိုကိုတို့ ဒီည အောင်ပွဲခံကြတာပေါ့''

''အိုကေ…ကိုကို''

သူခိုးဓားရိုးကမ်းတာလား။ ဓာတ်တူသားချင်း စားတာလား။ သည်းဖောက်တာလား။

ပြောချင်တာ ပြောကြပေတော့။

ဒေဝီ မုန်းသည့်အတွက် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် မြသည်းကို ရောင်းစားပစ်တော့မည်။

လူဆိုတာ ငွေလိုတာပဲ။ သိန်းငါးရာဆိုတာ မနည်း။ သုံးပါလေ့၊ ဖြုံပါလေ့။ တရုတ်ဘက်သွားပြီး ဈေးတောင် ဝယ်ပစ်လိုက်ဦးမယ်။

စိတ်ကူးနှင့် အကွက်ချစီမံရင်း နေသခေါ်၏ဘော်ဒါတွေ ရောက်လာတော့ မြသည်းကို (၂)ယောက် ညှပ်ကိုင်ခေါ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်ရှန်းကန်ခြင်းပြုမှာစိုးလို့ မှုးယစ်ဆေးတော့ အကြော ထဲ ထိုးသွင်းလိုက်ရတာပေါ့လေ။

ဒေဝီကတော့ နောက်မှ ကျော့ကျော့လေးလိုက်ရင်း ငွေ ဘယ်လိုသယ်မည်၊ ဘယ်လိုသုံးမည်ဟု စိတ်ကူးဖဲတွေ ရိုက်လျက်၊



www.burmeseclassic.com

# အခန်း (၂၀)

မြသည်းကတော့ မူးယစ်ဆေးအရှိန်ကြောင့် လူက မလှုပ်နိုင်။ ိပ်ပျော်မသွားပေမယ့် လူက တိမ်တွေပေါ်ရောက်နေသလို၊ င်လယ်ထဲရောက်နေသလိုလို။

ရင်ထဲပဟာပြီး မူးယစ်ရီဝေ အန်ချင်သလိုလို၊ အော့ချင်သလိုလို။ မရုန်းနိုင်။ အသိဉာဏ်တွေလည်း ထွက်ပြေးနေပြီထင်ပါ၏။

သူမကို တစ်နေရာသို့ခေါ်သွားပြီး အိမ်ကြီးတစ်လုံး၏အခန်း ထဲမှာ သူတို့ကတော့ ယမမင်းတွေလို သောက်စားပျော်ပါးရင်း ဟားဟား။

သူမကို တရုတ်ကြီးတစ်ယောက်က အနားမှာ ကပ်ထိုင်ပြီး က်ထားလို့။

သူ သောက်ရင်းစားရင်း မြသည်းကိုလည်း ဟင်းဖတ်တွေ နှင့်ညှပ်ပြီး ခွံ့လို့။ သူမကလည်း ယမမင်း ကျွေးတာမွေးတာမျ းသတဲ့။

www.burmeseclassic.com



စကားတွေပြောရင်း မကြာမီ သူမနှင့်ယမမင်းအဖွဲ့တွေ နောက်…နေသခ်ါနှင့်ဒေဝီပါ ကားနက်ကြီးတစ်စီးနှင့် ညကြီး မင်းကြီး ခရီးထွက်ပြန်လေသောအခါ…

မြသည်း ခေါင်းတွေ ရီဝေထွေပြားနေပြီမို့ ငရဲပြည်သို့ အလည်တစ်ခေါက် ထွက်ရခြင်းလားဟု ဇဝေဇဝါတွေးရင်း မြသည်း တရုတ်ကြီး၏ရင်ခွင်ထဲမှာ ပါသွားရပြန်သည်။

ငါ့အတွက် ငရဲပြည်က တရုတ်ပြည်ဘက်မှာထင်တယ်။

အော်ဟာစ်ရုန်းကန်၊ ကုတ်ခြစ်ထုရိုက်ပစ်လိုက်ချင်ပေမယ့် မြသည်းတစ်ကိုယ်လုံး အရုပ်ကြိုးပြတ်။

အကြောတွေအားလုံး နုံးချည့်ပြီး သူမ သေရတော့မည်ထင်မိ သည်။

* * *

"တောက်…"

ကျောချမှ ဓားပြမှန်းသိသတဲ့။

ကိုယ့်အကုသိုလ် ကိုယ့်ထံပြန်တာလေလားတော့ မသိ။

ဒေဝီ နိုးတော့ ခေါင်းတွေ ရီဝေဝေ။ ပြန်စဉ်းစားလို့ကိုမရ အခန်းတစ်ခုထဲမှာ သူမ အိပ်ပျော်နေခဲ့တာ။

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေရတာကြောင့် သူမအား တွင်းဆုံးကျသွားပြီဟု သိလိုက်ရပြီး လူတစ်ကိုယ်လုံး ဒေါသဒေ နှင့် ဆူဝေပွက်လျှံနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညက မြသည်းကို သိန်း (၆၀၀) ပေးမည်။ မူဆယ်သို့ ိုက်ယူရမည်ဆိုလို့ ညတွင်းချင်း လိုက်ယူခဲ့တာ။

ငါးစာသာမြင်ပြီး ငါးမျှားချိတ်မမြင်။ အသားတစ်သာမြင်ပြီး ောက်ကွင်းမမြင်ခဲ့။ ချစ်သူအရင်းခေါက်ခေါက်ကြီးက သည်လို ောက်ကျောဓားနှင့်ထိုးမည်လည်း မထင်ခဲ့။

ဒေဝီ နိုးချိန်ဟာ မိုးလင်းလို့နေပါပြီ။ ညက ဘယ်လိုဖြစ်သွား ယ်ဆိုတာတောင် သူမ တွေးမရ။

မူဆယ်ရောက်မရောက်လည်း မသိ။ ဘယ်ရောက်နေလို့ န်းလည်း မသိ။ တရုတ်ပြည် မဟုတ်သေးတာတော့ သေချာ ည်။

မိုးလင်းပြီ။ နေသခ်ါကိုလည်း မတွေ့ရတော့ ဒေဝီ ထိတ်လန့် လှုပ်လာရပြီ။

ကျားကို အသားတစ် သွားကျွေးတာ ကျားဆိုးကြီးက အသား စ်တင်မက ကျွေးသူကိုပါ ကိုက်စားလိုက်ပြီလား။

သူမ ပူထူပြီး အခြေအနေမှန်ကို မှန်းဆတွေးတောနေမိဆဲ . . . ၏အခန်းထဲသို့ဝင်လာတာ တရုတ်တစ်ယောက်။ ပြည်ကြီးက တ်လား။ မြန်မာပြည်ထဲက တရုတ်လား။

"ဟေ့ . . . နင်တို့ ငါ့ကို ဘာလုပ်ကြတာလဲ။ နေသခ်ါရော"

"နိကို နိလူက ဝတို့ကို ရောင်းစားခဲ့ပြီ။ ဝတို့ သိန်း ဆောင်ပေးလိုက်ရတယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မြသည်းတင်မက မိမိကိုပါ ရောင်းစားသွားခဲ့သတဲ့။ မိုက်ရိ
စုတ်ပဲ့လိုက်တာ။

ဒေဝီ ခုတင်ပေါ်မှ ခုန်ထရင်း ဆူပူသောင်းကျန်းချင်ပေမ
လူက မူးဝေဝေ။ ဒေဝီ ဘာဆက်လုပ်ရမှာလဲ။

အပြင်နှင့် ဆက်သွယ်ဖို့လည်း ဖုန်းမတွေ့ရ။ သူမ၏အိ
မတွေ့။

"မြသည်း…မြသည်းရော"

"စူကို…ဝသီ…ဝယ်လိုက်တယ်။ ခေါ်သွားပြီ"

"ဟင်…"

ဒေဝီ ကူကယ်ရာမဲ့သလို ခွစားလိုက်ရ၏။ နှစ်ယောက်အ
တောင်မဟုတ်။ မြသည်းကို ဝယ်သူက တစ်ယောက်။

နေသခါကတော့ နှစ်ယောက်စာ ငွေသိန်းတစ်ထောင်ယူသွ
ပြီ။

ဘယ်လိုစကားတွေနှင့် ဘယ်လိုတွေ ဖြီးဖြန်းပြီး ဦးနိဇော်တို့
ရှင်းပြနေမှာပါလိမ့်။

မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ဒေဝီ ရှိုက်ငိုနေရပေမယ့် ရင်ထဲ
ခံပြင်းမှုကြောင့် အသားတွေ ဆတ်ဆတ်တုန်နေရ၏။

သူများကို တွန်းချရင်း ကိုယ်ပါ အားလွန်ပြီး ချောက်ထဲ
ကျတာမျိုး။ အဖြစ်သနစ်က ဆိုးသည်။ သို့သော် ဒေဝီဟာ မှန်
စွာ မတွေးတတ်သူမို့ ကိုယ့်အမှားကိုကိုယ်မမြင်။

"သင်းကြောင့် သင်းကိုရောင်းရင် ငါပါခံရတာ။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဆော့ ရောင်းစားချင်မှာမဟုတ်ပါဘူး။ ဒီတရုတ်တွေ ကလိမ်ကကျစ်လုပ်ပြီး ယူထားလိုက်ကြတာဖြစ်မယ်။ ကိုကို့ခမျာ ငွေတောင်ရသွားရဲ့လား"

ဘုရားရှင်လက်ထက်က ဝတ်ပန်းသူခိုးလို ကိုယ်တံကျင်လျှိုပြီး အသတ်ခံနေရသည့်ကြားထဲမှ မိမိ၏ဇနီးသည်လေး နကွတ်ပွဲသဘင်ကို မသွားရမှာ လှမ်းပူနေသည့်နှယ်။

ယခုလည်း ကိုယ်တိုင် ရောင်းအစားခံနေရသည့်ကြားမှ နေသခ်ါ အဆင်ပြေရဲ့လား တွေးနေသေး၏။

ဒေဝီ ယောင်ချာချာဖြစ်နေတုန်း တရုတ်က စီစဉ်ညွှန်ကြားချက်တွေပေးသည်။

"ဝက နိုက်ကို ကောင်းကောင်းထားမှာပါ။ ရှီပေါ်မြတီသားမှာ။ မိငိုနဲ့...မိပူနဲ့။ ကဲ...ရီချိုး၊ အစားစားကြမယ်"

ဒေါသတွေ ဆူပွက်နေပေမယ့် ဒေဝီ လောလောဆယ်ဘာလုပ်ရမှန်းမသိ။ မည်သူ့ကို အကူအညီတောင်းရမှန်းမသိ။

အချုပ်သတ်နေရမှာလား။ အကြမ်းတိုက်ရမှာလား။ လောလောဆယ် ကိုယ်ဘယ်ရောက်နေမှန်းတောင် မသိရသေးတာမို့ ထွက်ပြေးဖို့ဆိုတာလည်း ဝေလာဝေး။

မီးစင်ကြည့်ကရပေဦးမည်။

ကိုယ့်ဘဝကိုယ် ရွံရှာစက်ဆုပ်ရင်း မြသည်းကို ဖျတ်ခနဲသတိရပြန်၏။

သိန်း (၂၀)နှင့်ဝယ်လာပြီး ကျွန်အဖြစ် ခိုင်းစားနေတာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်နိမ့်ပြီး ကျွန်အဖြစ် ခိုင်းစေနေခဲ့တာ။

ယခု သူမလည်း ရောင်းအစားခံနေရပါပကော။ ဝင့်လည်တ
လား။ ကြမ္မာငင်တာလား။

သူမလိုအနေအထားမျိုးနှင့် ရောင်းအစားခံရမည်လို့ တစ်ခါ
မတွေးစဖူးခဲ့။

ဖြစ်ကောင်းတယ်လို့လည်း မထင်။

ဒေဝီ အဝတ်အစားလည်း ဘာမှမပါ။ ကိုယ်ဝတ်ထားတာ
က ဂါဝန်တစ်ထည်။

တရုတ်က အသက် (၄၀) ခန့်ရှိပြီ။ ခပ်ဝဝ၊ ခပ်ဖိုင့်ဖိုင့်
ရုပ်က လူလည်ပန်ကာရုပ်။ ရုပ်ဆိုးကြီး။ ဝက်ကို ရေနွေးဖျောထ
သည့်အသားနှင့်။

အော်ဂလီဆန်စရာ။ ဒေဝီ ကိုယ့်အဖြစ်ကိုယ် ရွံရှာစက်ဆုပ်
လွန်းပါ၏။

သို့သော် လူဆိုတာလည်း အရှက်နှင့်အသက် လဲတယ်ဆို
မယ့် ဒေဝီ မသေချင်သေးပါ။ သူမဆန္ဒက သည်ဘဝမှ ထွက်ပြေ
လွတ်မြောက်ချင်တာ။

ဒေဝီ တရုတ်၏ ဗိုက်အားတစ်ထောင်မျက်လုံးအောက်မှ
ရေချိုးခန်းဝင်ရသည်။ ချွေးနံ့နံနေသည့် အဝတ်တွေကို လျှော်
မရသေး။

နောက်ထပ် ဝတ်စရာမရှိ။ သို့ပေသော် အပြင်မှ တရုတ်
ဒေဝီ့ကို လှမ်းပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"အကျီတွေ ဝဝယ်လာတယ်။ အိပေါင်းတွေ လျှော့လိုက်"

သည်တော့မှ ဂါဝန်လေးကို လျှော့ရသည်။ ကိုယ့်ဘဝကိုယ် စိတ်နာလွန်းလို့ နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ရင်း ဒေဝီ ရေချိုး ရသည်။

အိမ်မှာတုန်းက ဘာမှမလုပ်ခဲ့ရသည့် ဒေဝီ…ယခု ကိုယ့် အဝတ်ကိုယ်လျှော်။ ကိုယ့်လမ်းကိုယ်လွတ်အောင် ရုန်းရတော့မည်။

"မပြီးသေးဘူးလားဟေ့…"

"ပြီးပြီ…ပြီးပြီ"

မျက်နှာသုတ်စောင်ကြီးကို ရင်လျှားပြီး ဒေဝီ ထွက်ခဲ့ရသည်။ အဖြစ်သနစ်က မသတီစဖွယ်။ ကျွဲဖြစ်နေပြီလား။ ရွံ့လူးနေရပြီ။

တရုတ်က အဝတ်ဆီးမပေးဘဲ ဒေဝီ့ကို ဆောင့်ဆွဲကာ ခုတင် ပေါ်သို့ ဆွဲခေါ်သွားသောအခါ…

မျက်ရည်ပေါက်ပေါက်ကျအောင် အော်ဂလီဆန်ရင်း သည်ငရဲ မှ လွတ်မြောက်ဖို့ ဒေဝီ ကိုယ့်အသက်ကိုယ် ပြန်မျိုချကာ တိုင်တည် နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၂]

စည်သူငြိမ်းနှင့်နေခက်ထန်။

သမီးတစ်ကောင် နွားတစ်ထောင်။

ညီမတစ်ကောင် နွားမတစ်ထောင်။

ဖုန်းအဆက်အသွယ်မရတာ (၂)ရက်ကျော်ပြီမို့ (၂)ယောက် သား လားရှိုးထိ ရောက်လာခဲ့ပြီ။

ဦးနီဇော် ရုပ်ရှင်ရိုက်နေသည့် လိပ်စာကိုလည်း မေးလာခဲ့ပြီ။ ဦးနီဇော်၏ဖုန်းနံပါတ်ရှာကာ ဆက်ကြည့်တော့လည်း အဖြေက မ... မရ။

"ဒေဝီနဲ့မြသည်းရုံက ဟိုတယ်မှာ တည်းကြတယ်။ ဒီနေ့ အလုပ်မဆင်းဘူး။ ဟိုတယ်ကို လှမ်းဆက်တော့ အပြင်ထွက်သွား ပြီတဲ့။ ဒီကောင်မလေးတွေ မူဆယ်ဘက်ထိများသွားပြီး ဈေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



နေသလားမသိဘူး။ သွားချင်တယ်လို့တော့ ပြောသံကြားတယ်။ ဒီနေ့ သူတို့ ရိုက်ကွင်းမရှိဘူးလေ"

အဖြေက ဝေ့လည်လည်။ သည်တော့ သူငယ်ချင်း(၂)ယောက် သားရှိုးထိအောင် တစ်လှည့်စီမောင်းပြီး တက်လာခဲ့ကြသည်။

နေ့မနား၊ ညမနား။

လမ်းမှာလည်း (၂)ယောက်သား စိတ်ကို မနည်းဖြေကြရသည်။ တော်ကြာ ကားတွေတိုက်ကုန်မှာစိုးလို့ပါ။

လားရှိုး…ဦးနီဇော်တို့ စတည်းချရာအရပ်ကိုရောက်တော့ ည (၁)နာရီ။

သတင်းအဆက်အသွယ် မရတာလည်း (၃) ရက်ကျော်ပြီ။ ဦးနီဇော်လည်း စိတ်ပျက်နေပါ၏။

"ဟိုတယ်ကို လိုက်သွားမယ်။ အန်ကယ်ရော ဟိုတယ်ကို သွားရှာသေးလား"

"သွားတယ်…သူတို့ အခန်းတံခါးသော့ခတ်ခဲ့ပြီး ဘယ်တွေ ပျောက်သွားနေတယ် မသိပါဘူးကွာ"

"သူတို့က…ဘာဖြစ်လို့ ဒီမှာမတည်းဘဲ ဟိုတယ်မှာ သွားတည်း ရတာလဲ"

"အန်ကယ်လည်း မပြောတတ်ပါဘူးကွာ။ ဒီမှာက ကျပ်ကျပ် တည်းတည်းမို့ထင်ပါရဲ့လေဆိုပြီး ကြည့်နေရတော့တာပါပဲ"

"သူတွဲတာ ဘယ်သူလဲ။ ဘယ်မင်းသားလဲ"

"အဲ…"



www.burmeseclassic.com

www.burmeseclassic.com



နေသခ်ါနှင့် တတွဲတွဲဆိုတာ အားလုံး အမြင်၊ အသိ။ သို့သော် နှုတ်ကတော့ မည်သူမျှ ထုတ်ဖော်ပြောကြမည်မထင်။

ဒေဝီတို့ပျောက်နေတာ (၂) ရက်ရှိပါပြီ။ ပျောက်သည့်နေ့ ရိုက်ကွင်းသို့ နေသခ်ါနှင့် သူ့အပေါင်းအသင်းတွေပဲ ရောက်လာ သည်။

သူတို့ပုံစံက ရယ်ရယ်မောမော။ အူမြူးနေပုံပင် ရသေး၏။ ဦးနီဇော်နှင့်အဖွဲ့က သူတို့ကို အကဲခတ်လျက်။

"နေသခ်ါ…ဒေဝီတို့ကို တစ်ခါတည်း ခေါ်မလာခဲ့ဘူးလား ခါတိုင်း မောင်ရင့်ကားနဲ့ပဲ လိုက်လာနေကျ၊ စီးနေကျပဲ"

"ဆရာရေ…မနေ့ညက သူနဲ့ကျွန်တော် စကားများကြတယ် လေ။ ဒေဝီက ကလေးဆန်လွန်းပါတယ်။ မြသည်းရုံကို အနိုင်ကျင့် လွန်းတာနဲ့ ကျွန်တော် ဝင်ပြောမိတာ။ စကားအကြီးအကျယ်များပါ လေရော…ဒီမနက် သွားနှိုးတော့ တံခါးဖွင့်မပေးဘူး။ စကားတောင် ပြန်မပြောဘူးလေ။ စိတ်ကောက်နေတာနေမှာပေါ့"

"ဒီနေ့လည်း သူတို့ ရိုက်ကွင်းမပါပါဘူးလေ။ ငါက မနေ့ မလည်နဲ့ ရောင်းစားများခံလိုက်ရပြီလားလို့ စိတ်ပူနေတာ။ သူ့အိမ်က ဆရာ့ကို အပ်လွှတ်လိုက်ကြတာ"

"အမလေး…ဒေဝီကလည်း ပါးတယ်။ သူကတောင် သူများ ရောင်းစားလိမ့်ဦးမယ်"

"အေး…ဒေဝီနဲ့မြသည်းကို ဆရာ သွားကြည့်လိုက်ဦးမယ်"

ဦးနီဇော် သွားရှာတော့လည်း အခန်းတံခါးတွေ ပိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



သား။ အပြင်က သော့ခတ်သွားတာ။ ပရိုတယ်မန်နေဂျာကိုလည်း သော့အပ်မသွားပါတဲ့။

"ရဲတိုင်ရတော့မယ်ထင်တယ်။ ဒီကောင်မလေးတွေ လူကြီးတွေ စိတ်ပူရအောင် လုပ်တယ်"

နေသခ်ါက ဝင်ပြီးတားသဖြင့်သာ မတိုင်ရသေးတာ။

"နေပါဦး…ဆရာရယ်၊ ဒီအရွယ်တွေက စိတ်ရှုးပေါက်ရင် ပေါက်သလို လျှောက်လုပ်တတ်တာမို့ (၁)ရက်လောက်တော့ စောင့်ကြည့်ပါဦး"

ဆိုလို့ မတိုင်ဖြစ်သေးတာ။ နေခက်ထန်တို့ရောက်လာတော့ ပျောက်တာ (၂)ရက်မြောက်ပါပြီ။

ဦးနီဇော်လည်း ရဲကို တိုင်ချက်ဖွင့်ထားပါပြီ။ စည်သူငြိမ်းနှင့် ဦးနီဇော်၊ နေခက်ထန်တို့ ဟိုတယ်သွားပြီး စုံစမ်းလိုက်၊ ရဲစခန်းသွားပြီး အခြေအနေမေးမြန်းလိုက်နှင့် စိုးရိမ်ပူပန်နေရသည်မှာ မီးခဲတွေ မှိုချထားရသလို။

နေခက်ထန်၊ နေသခ်ါကို မသက်ာ။ သူ ဘာမှမသိရသည့် အပေါက်ချိုးပြနေပေမယ့် တိုးတိုးတိတ်တိတ် သတင်းအရ ဒေဝီနှင့် တွဲတာ နေသခ်ါ။

နေသခ်ါကလည်း ဘက်ကရောင်းတောင့်ပြီး လူကြီးလူကောင်းအသွင် ယူထားသူမို့ အခြေအမြစ်မရှိဘဲနှင့် ရဲက မဖမ်းရဲ။

သည်လိုပဲ စမ်းတဝါးဝါးနှင့် ပိုက်စိတ်တိုက်ပြီး ရှာဖွေနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ဝင်လို့ တစ်နေ့ထွက်လေ စည်သူငြိမ်း ကိုယ့်နှမအတွက် ပူလေ။

"ဒုက္ခပဲ…ခေတ်ကြီးက မကောင်းလွန်းတော့ ဘယ်အရပ်မှာ ဘယ်သူရောင်းစားသွားမှန်းတောင် မသိရတဲ့အဖြစ်"

လားရှိုးတင်မက မူဆယ်ဘက်ပါ ပိုက်စိတ်တိုက်ရှာရင်း (၃)ရက်ပြည့်သည့်နေ့မှာတော့…

ဒေဝီ ဦးနီဖော်တို့ရပ်ရွာသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

အရိုးပေါ်အရေတင်ပြီး နှိပ်စက်ထားခံရသည့်ဒဏ်ရာတွေနှင့် ဒေဝီ့အသွင်ကြောင့် အားလုံးပင် အံ့သြထိတ်လန့်ရပြီ။ ကြက်သေသေနေမိကြသည်။

ဘယ်သူ ဘာပဲမေးမေး ဘာမှဖွင့်မပြောဘဲ စကားမပြောတတ်သူတစ်ယောက်လို မျက်ရည်သာ တွင်တွင်ကျနေသည်။

မေးလို့လည်းမရ။ စမ်းလို့လည်းမရ။ နောက်ဆုံး ရဲစခန်းမှာ အမှုပိတ်ပြီး ဒေဝီ့ကို ရန်ကုန်သို့ ပြန်ခေါ်သွားကြသည်။

မျက်နှာငယ်မလေးတစ်ယောက်ကတော့ သည်ကမ္ဘာလောကကြီးထဲမှာ ရှိမှရှိသေးရဲ့လား။

အဆိုးဆုံးဘဝတွေမှာ ကျင်လည်နစ်မြုပ်ရင်း ဘဝကို တွင်းဆုံးကျနေရပြီလားရယ်လို့ မည်သူကများ သနားကြင်နာပေးပါ့မည်လဲလေ။

❦



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၂]

ဒေဝီသွယ်နှောင်း…

အတောင်ကျိုးတဲ့ငှက်ရယ်လို့ မျက်နှာလေးငယ်ငယ်နှင့် လောကကို အရှုံးပေးမည်လို့တော့ မထင်ပါနှင့်။

ထိုရှုံးဖဲကိုပဲ နိုင်ဖဲအဖြစ် ပြောင်းလဲပြီး အိမ်မှာ အောင်လံထူ နိုင်ခဲ့သည်။

သူမ၏ဇာတ်လမ်းကိုလည်း ဇာတ်နာအောင် ကိုယ်လိုရာဆွဲပြီး ပြောတတ်သည်။

နေသခါကလည်း သူ့ထက်သူ လူစွမ်းကောင်းမို့ ဇာတ်လမ်းက အဆင်ပြေအောင် ရေးပြီးသား။

မျက်နှာကို အကယ်ဒမီရှော့ ညှိုးဖျော့ရင်း အန္တရာယ်ညကို ဇာတ်လမ်းဆင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက ကိုဂို့ကိုလည်း ဆေးခပ်တယ်။ ဘာပိုက်ဆံမှ လည်း မပေးတဲ့အပြင် ကိုကို သတိရတော့ လမ်းဘေးမှာ။ အအေး ပတ်ပြီး မသေတာကံကောင်း"

ယုံလောက်အောင်ပြောပြီး ယုန်ကောင်ငုံ့ပြတော့လည်း ဒေဝီ တို့ ယုံချင်ချင်။

"ကိုကို အရှုးကြီးလို ဒေဝီ့ကို လိုက်ရှာခဲ့ပါတယ်။ ဆရာ ဦးနီဇော်နဲ့ပေါင်းပြီး ရဲတိုင်ချက်ဖွင့်…လိုက်ရှာ။ ညကမှောင်နေတာ ရယ်၊ နေရာစိမ်းဖြစ်တာရယ်ကြောင့် ကိုကိုတို့ ညက ဘယ်ရောက် လို့ ဘယ်လိုဖြစ်တယ်ဆိုတာ မသိတော့လို့ ကြန့်ကြာနေတာ။ ဒေဝီ က အရမ်းတော်တာပဲ။ ဒေဝီ ဘာတွေဖြစ်လာခဲ့ရ၊ လွတ်လာခဲ့ရ တာလဲဟင်"

ဒေဝီကလည်း ကိုယ့်ကိုယ်ကိုယ် အမေရိကန်ဂျက်မလို လူဆိုး တွေရဲ့လက်မှ ဘေးမသီရန်မခ လွတ်မြောက်ခဲ့ကြောင်း ကောင်းကောင်း ရှီးနိုင်ဖြီးနိုင်ပါသည်။

"ဒေဝီ…သူတို့လက်ကလွတ်အောင် ထွက်ပြေးရင်း ခြံပျက် ကြီးတစ်ခုထဲမှာ ပုန်းအောင်းနေရတယ်။ ခြံပျက်ကြီးထဲမှာ အိမ် ဟောင်းကြီးရှိတယ်။ ကြောက်ကြောက်နဲ့ ပုန်းနေရတာ။ ထမင်း လည်း မစားရဘူး။ လူလည်း ရှုးမတတ် ထိတ်လန့်ကြောက်ရွံ့နေရ တာနဲ့ အရှုးရုပ်ပေါက်သွားတယ်။ နောက်…လူလစ်တော့မှ လမ်းပေါ်ရောက်အောင် ထွက်ပြေးလာခဲ့ရင်း ဆရာတို့ရုပ်ရှင်ခြံထဲ ရောက်လာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီပြောသည့်စကားတွေက အမုန်ရော အမှားတွေပါ ရက်ဖောက်ထား၏။ နေသခါနှင့်တကွ အားလုံးကလည်း စုတ်တသတ်သတ်။ သနားသူက သနား။ ယုံသူကယုံ။

အိမ်မှာကျတော့ မျက်ရည်အသွယ်သွယ်နှင့် သူ့ကိုယ်သူ သတ်သေတော့မည့်ပုံ လုပ်ပြသည်။

"သမီး သေချင်ပြီ၊ ဒီလို လူကုန်ကူးတဲ့လက်ထဲကနေ ပြန်လွတ်လာရတော့ သမီးကို လူတွေက ပျက်စီးလာတယ်။ ဘဝပျက်လာတယ် ထင်နေကြတယ်။ သမီး လူ့လောကမှာ မနေချင်တော့ဘူး"

မျက်ရည်လည်ရွဲနှင့် ငိုရှိုက်နေသည့်သမီးအား တစ်အိမ်သားလုံး မျက်ခြေပြတ်မခံ။ အငြိုငြင်မခံ။ လက်ညှိုးညွှန်ရာ ရေဖြစ်စေကြသည်။

ကြင်နာသနားလွန်းလို့ ယခုမှ ပိုပြီး ဖူးဖူးမှုတ်ထားခဲ့ကြသည်။

တစ်လ၊ နှစ်လကြာတော့ အဖြေပေါ်လာသည်ပါပဲ။ သူမမှာ ကိုယ်ဝန်ရှိနေခဲ့ပြီ။ ဒေါ်သက်မာနှောင်း ကြိုတင်မျှော်လင့်ထားပြီးသားမို့ ပျာယာခပ်မသွားပါ။

သူ့ခေါင်းထဲမှာ အစီအစဉ်တွေ ချထားပြီးသား။

တစ်နေရာမှာသွားပြီးမွေးဖွား။ ကလေးကို လိုချင်တဲ့လူ ပေးပစ်ခဲ့ရုံ။

ဒေါ်သက်မာနှောင်း မြသည်းတုန်းကသာ မညှာမတာ ဖိနှိပ်ဆက်ဆံခဲ့ပေမယ့် ကိုယ့်သမီးလေး ဒေဝီကျတော့ သနားကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်လို့မဆုံး။

ဝိပါတ်တွေ၊ ဝဋ်ကြွေးတွေဆိုတာကိုလည်း နည်းနည်းတောင် ထည့်မစဉ်းစားခဲ့ပါ။

မြသည်းတစ်ယောက် ဘယ်ဘဝရောက်ပြီး ဘယ်လိုအခြေ ရောက်သွားသည်ဆိုတာလည်း ယောင်လို့တောင် တွေးမပေး။

ကိုယ့်သမီး လူကုန်ကူးခံရတာလည်း ဒေဝီပြောသည့် ဇာတ် လမ်းထဲမှာပဲ ယုံကြည်နေခဲ့သည်။

"သမီးနဲ့မြသည်း ဟိုတယ်ကိုသွားတော့ လမ်းမှာ အဖမ်းခံရ တာ မာမီ…ကြောက်စရာကောင်းလိုက်တာ မာမီရယ်။ ဘယ်လိုမှ ထင်မထားဘူး။ တက္ကစီသမားနဲ့ ချိတ်ဆက်ပြီး ဖမ်းသွားကြတာ"

"ရဲတိုင်ရင်လည်း တစ်နိုင်ငံလုံးသိပြီး အရှက်တွေကွဲဦးမယ်"

"သမီးနဲ့မြသည်း အတူအဖမ်းခံရတာ မဟုတ်ဘူးလား။ သူ ကရော ဘယ်မှာကျန်ခဲ့သလဲ"

"ဖမ်းတုန်းက အတူဖမ်းသွားပေမယ့် သမီး သတိရလာတဲ့ အခါ သူ မရှိတော့ဘူး။ သူ့ကို တစ်နေရာခေါ်သွားကြတယ် ထင်ပါ တယ်။ ဒေဝီတစ်ယောက်တည်း သူတို့အလစ်မှာ ပြေးလာခဲ့ရတာ"

သမီး ဘာဖြစ်သေးလဲဟု မေးနေစရာမလို။ မမေးရက်ပါ။ ယခုကျ အဖြေကပေါ်လာပြီ။

ဒေါ်သက်မာနှောင်း ကိုယ့်သမီးအတွက် အဆင်ပြေအောင် အစစစီစဉ်နေရသည်။ တိတ်တဆိတ်ပေါ့။

ခင်ပွန်းသည်နှင့်သားကိုတော့ ပြောရပါသည်။ စိတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



မသိအောင်သာ ဖုံးရဖိရတာ။

"သက်နဲ့ဒေဝီ တစ်နေရာကိုသွားပြီး ဒီကိစ္စရှင်းရမယ်…ကို၊ သက်သူငယ်ချင်းရှိတဲ့ ပြင်ဦးလွင်ကို သွားမယ်။ စိတ်ချရအောင် စီစဉ်ပေးခဲ့မယ်။ သားအမိ (၂)ယောက်လုံး အကြာကြီးပျောက်နေလို့ တော့ မကောင်းဘူး"

"ပြင်ဦးလွင်က ဝေးပါတယ် သက်ရယ်…ပဲခူးလောက်၊ တောင်ငူလောက်ဆိုလည်း ရပါပြီ။ အဲဒီမှာ ကို့မိတ်ဆွေတွေရှိတယ်"

"အဲဒီလိုမိတ်ဆွေတွေက ပိုပြီးကြောက်စရာကောင်းတယ်… ကို၊ သူတို့ကတစ်ဆင့် သတင်းတွေပြန့်မှာ။ သက်တော့ သူငယ်ချင်း ရှိတဲ့ ပြင်ဦးလွင်ပဲ သွားချင်တယ်"

"သက်သူငယ်ချင်းကရော ဘယ်လောက်နှုတ်လုံလို့လဲ… အဲလိုသာကြောက်နေရင် နေစရာတောင်ရှိပါဦးမလားကွာ…ခုဖြစ် စဉ်မှာ တို့သမီးလေးရဲ့ အတိတ်ကအကြောင်းမလှလို့ ဖြစ်ရတာပဲ"

"ကိုက ဒါပဲသိတာ။ သမီးရှေ့ရေး ရှိသေးတယ်လေ။ အိမ် ထောင်ချပေးဖို့တွေ…ဘာတွေ ရှိသေးတယ်။ အပျိုယောင်ပြန်ဆောင် ရဦးမယ်။ ဘာပဲဖြစ်ဖြစ် ပိပိရိရိရှိတာ အကောင်းဆုံးပေါ့"

"ဒါဆိုလည်း သက်သဘောပါကွာ"

စည်သူငြိမ်းကိုလည်း အခြေအနေတွေ ရှင်းပြရသည်။ စည်သူ ငြိမ်းကလည်း နားလည်ပါသည်။ သူ ဒေါသထွက်နေတာ လူကာန် ကူးသည့် လူဆိုးတွေ။

တွေ့ရာသင်္ချိုင်း ဓားမဆိုင်းချင်တာ။ ညီမဖြစ်သူက လူ...



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိပါဆိုလို့သာ။ နို့မို့ ရေမြေဆုံးထိ လိုက်ရှာလိုက်ချင်တာ။

သူခိုး ခွေးကိုက်မအော်ဝံ့ဆိုသလိုပဲ ယခုကျတော့ ဒုက္ခမှန်သမျှကို ခါးစည်းပြီး ခံနေရတော့တာ။

ဒေဝီမှာ လိပ်ပြာမလုံတော့တာမို့ ရှိုးပွဲတွေရော၊ ကားရိုက်ပါနားနေရသည့်အခြေအနေ။

ဘဝကို မနည်းအားတင်းပြီး ရှေ့ဆက်ရမည့်အခြေ။

အင်း…သို့သော် ဒေဝီ နောင်တတော့ မရပါ။ မြသည်းကိုသာ အပြစ်တွေပုံ၏။

"သင်းကိုရှောင်းရင်း ငါပါ ရောပါသွားရတာ။ တရုတ်တွေကလိမ်ကကျစ်လုပ်လို့ ငါတို့ခံရတာ။ ကိုကို့ခမျာ လမ်းဘေးနှင်းတောထဲမှာ ကံကောင်းလို့ မသေရရှာတာ"

လူမိုက်အတွေးနှင့် ကိုယ့်အပြစ်ကိုယ် မမြင်။ ယခုလည်း ကိုယ်ဝန်က (၃)လထဲရောက်ပြီမို့ မာမီက ပြင်ဦးလွင်ကို ခေါ်သွားချင်လှပေပြီ။

ဒေဝီ စိတ်ညစ်နေရပါ၏။ သည်ကလေးကို မမွေးချင်။ တရုတ် အယုတ်တမာ၏သွေးကို မွေးစရာလား။ ဖျက်ချဖို့ကျတော့လည်း မရဲ။ သေမှာစိုးသည်။

မွေးလိုက်တာကမှ အန္တရာယ်ကင်းဦးမည်။ တွေးလိုက်တိုင်းဘယ်ကို ဒေါသထွက်ရမှန်း မသိ။ ဒေါသထွက်လွန်းလို့ သွေးပေါတိုးမတတ်။

"နေပါဦး မာမီရယ်…ကိုယ်က နုပါသေးတယ်။ (၅)လ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှသွားမယ်လေ"

"တော်ကြာ မပိမရီ မသေမသပ်နဲ့ ပေါ်ကုန်လိမ့်မယ်"

"မပေါ်ပါဘူး…မာမီကလဲ။ ပြင်ဦးလွင်မှာ ဒေဝီ့အပေါင်းအသင်းတွေလည်း မရှိ၊ နေနေကျနေရာလည်း မဟုတ်။ ဒေဝီ အကြာကြီးနေနိုင်မှာ မဟုတ်ပါဘူး"

"အပျော်သွားတာမှမဟုတ်ဘဲ သမီးရယ်…သည်းခံမှပေါ့။ ပြင်ဦးလွင်လည်း ပျော်စရာကောင်းပါတယ်။ မာမီ့သူငယ်ချင်းကလည်း သဘောအရမ်းကောင်းတယ်"

"သူ့ကို မာမီ ဘယ်လိုပြောထားမလဲ"

"သမီးကောင်လေး နိုင်ငံခြားသွားတယ်။ ပြန်လာယူကြမယ်ပေါ့"

"အင်း…မာမီ့သဘောပါလေ။ ဒေဝီကတော့ ကိုယ့်ဘဝကိုယ် လက်မြှောက်အရှုံးပေးလိုက်ချင်ပါပြီ"

"အို…သမီးရယ်…ဘာအားငယ်စရာရှိသလဲ။ မာမီတို့ဘစ်မိသားစုလုံး သမီးဘေးမှာရှိတယ်။ ဒီမကောင်းဆိုးဝါးလေးကို မွေးပြီးရင် ကြည့်လုပ်လိုက်မယ်။ သမီးက အပျိုပြန်လုပ်ပေါ့။ ဘဝကို တစ်ကနေ ပြန်စကြတာပေါ့။ ဘာမှအားမငယ်နဲ့နော်"

မာမီ စီစဉ်သည့်အတိုင်း ဒေဝီ ပြင်ဦးလွင်မှာ သွားနေဖို့သာ ပြင်ဆင်ရပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂၃

မြသည်းရုံ…

ဘဝက တွင်းဆုံးကျတော့မလို့။

ချောက်ထဲကျတော့မလို့။ လက်နှလုံးတောင် မလိုတော့။

အဲသည့်ညက ကိုယ်တိုင်လည်း ဘာမှန်းကိုမသိတော့။ ငါ့
ပြည်၊ အဝီစိသို့ အလည်တစ်ခေါက် သွားနေရသည့်နှယ်။

အားလုံးဟာ မပီဝိုးတဝါး။ ငရဲသားတွေရယ်၊ ယမမင်းရယ်
ကားနက်ကြီးတွေနှင့် တရွေ့ရွေ့ သွားလာနေရတာ။

ငရဲပြည်ရောက်တော့ မြသည်းကို အခန်းတစ်ခုထဲသို့ ပိ
လှောင်ပြီးထားခဲ့ကြသည်။ မှူးယစ်ဆေးရှိန်နှင့် မြသည်း အိပ်ပျော်
နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ…မနက်မိုးလင်းတော့မှ မြသည်း ဆေးရှိန်ပြယ်သွားသည်။ ဆေးရှိန်ပြယ်တော့ ကိုယ်ဘယ်ရောက်နေသလဲ။ ဘာဖြစ်သေးသလဲ ဆိုတာ ကိုယ့်အနေအထားကိုယ် ဆန်းစစ်ကြည့်ရသည်။

လူကတော့ ဘာမှမဖြစ်သေး။ အခြေအနေက တရုတ်ပြည်ထိ သွားရမည့်ပုံ။ လောလောဆယ် ကြည်ကြည်လင်လင်ရှိသေးတာမို့ အခန်းထဲမှ ထရပ်ပြီး ဟိုကြည့်သည်ကြည့် လုပ်ရသည်။

သူမ ရောက်နေတာ ခြံကြီးတစ်ခြံ။ သစ်သီးပင်တွေလား၊ ဘာပင်တွေလဲတော့ မသိ။ မြသည်း ရောက်နေရတာလည်း အိမ်အို ကြီးတစ်လုံးပါ။

အပေါ်ထပ်မို့ ခြံထဲကို ဆီးမြင်နေရသည်။ သည်လူတွေဟာ လူကုန်ကူးကြသူတွေ ဖြစ်မည်။ ယခု ဘယ်ရောက်နေကြတာလဲ။ သုံးမကြားရပါ။

မြသည်း အိမ်ပေါ်မှ ခြံထဲသို့ ကြည့်နေတုန်း ခွေးကြီးတွေ (၂)ကောင်၊ (၃)ကောင် လျှောက်သွားနေတာ မြင်လိုက်ရသဖြင့် ကြက်သီးထသွား၏။

ထွက်ပြေးလို့ လွယ်မည်မထင်။

ထွက်မပြေးလျှင်ရော… သူမ ဘယ်ဘဝရောက်ရမည်နည်း။ ဈေးဆိုင်းတွေ၊ ဂျာနယ်တွေထဲမှာ ဖတ်ရသလို တရုတ်မယားအဖြစ်ပဲ ဘဝပျက်ရမလား။ ပြည့်တန်ဆာအဖြစ်နှင့် ဘဝဆုံးရမလား။

အို…သေတာကမှ ကောင်းဦးမှာပါ။

ကြောက်ရင်လွှဲ၊ ရဲရင်မင်းဖြစ်တဲ့။ ငါ အသက်သေအုံ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ထက် ဆိုးရွားတဲ့ ရှင်ခြင်းမျိုးကိုတော့ အလိုမရှိဘူး။

သည်တော့ မြသည်းရဲ့ ကိုယ့်အခန်းထဲမှာ စူးစမ်းလေ့လာရင်း အပေါ်ထပ်မှ အောက်ထပ်မြေပြင်ပေါ်ရောက်အောင် မည်ကဲ့သို့ လုပ်ရမည်နည်းဟု စဉ်းစားရသည်။

ပြတင်းပေါက်တွေကလည်း သံတိုင်တွေနှင့်။ ဘယ်လို ကျော်ခွပြီးဆင်းလို့ရမှာ မဟုတ်။ အခန်းတံခါးကလည်း ပိတ်ထား လိုက်သေး။

သူမ ့လိုပဲ လူကုန်ကူးခံရသည့် မိန်းကလေး ဘယ်နှယောက် ထိရှိမည်လဲ။

အခန်းထဲမှာ လှုးလာခေါက်တုံ့လျှောက်ရင်း လက်နက်လည်း ရှာထားရသေးသည်။

တစ်ခန်းလုံး နှံ့အောင်လျှောက်ကြည့်ရပါ၏။ အဲ…တွေ့ပြီ

ခုတင်အောက်မှာ အရက်ပုလင်းတွေ၊ ဖန်ပုလင်း ပုပုကြီးတွေ ရှည်ရှည်တွေ။

တွေ့သည့်ပုလင်းများကို မြသည်း ခုတင်ပေါ်သို့ ဆွဲတင်လိုက် သည်။ ပုလင်း (၅)လုံး။ လူဆိုးတွေဝင်လာရင် ပုလင်းနဲ့ ပစ်ပေါက် လို့ရတာပဲ။

"အင်း…အိမ်က အိမ်အိုကြီးမို့ ပြတင်းပေါက်သံတိုင်တွေက နဲ့နေယိုင်နေမလားရယ်လို့ သံတိုင်တစ်တိုင်ချင်းကို ကိုင်နှဲ့ကြည့် သည်။

"အဲ…"



www.burmeseclassic.com

www.burmeseclassic.com



အိမ်နောက်ဘက် ပြတင်းတစ်ခုမှသံတိုင်များ နှဲ့နေတာ မြင်လျှင် မြသည်း ဝမ်းသာသွားရသည်။

မည်သူမျှ ရောက်မလာကြခင် ပြတင်းမှ နှဲ့နေသည့်သံတိုင်များကို မြသည်း ထပ်ပြီးနှဲ့သည်။

သည်စဉ် အခန်းတံခါးဖွင့်သံကြောင့် မြသည်း ကိုယ့်နေရာမှာ ဘန်မပျက် ပြေးထိုင်နေရသည်။

ဝင်လာသူက တရုတ်ကြီး (၂)ယောက်။ တစ်ယောက်က ဒုန်မွန်ရည်ရည်။ တစ်ယောက်က လူကုန်ကူးသည့်လူ။

တရုတ်လို စကားတွေပြောကြပြီး သူဌေးက လူကုန်ကူးသည့် သူကို ငွေတွေပေးတာ မြင်လိုက်ရသည်။

ချက်··ထင်ပါရဲ့။ စာရွက်တစ်ရွက်ပေးလိုက်တာ။ မြသည်း အားမလည်ပေမယ့် ရောင်းစားလိုက်တာမှန်း သိလိုက်သည်။

တစ်လက်မှ တစ်လက်ရောင်းစားနေတာလား။ ဒေဝီကို တစ်ယောက်ထံရောင်း။ ထိုတစ်ယောက်မှ နောက်တစ်ယောက်ထံ ထပ်ပြီးရောင်း။

အခန်းထဲမှာ မွန်မွန်ရည်ရည်နှင့်တရုတ် ကျန်ခဲ့တော့ သူက ခပ်ပီပီ မြန်မာစကားဖြင့် မြသည်းကို စကားတွေပြောသည်။

"မင်းကို တရုတ်ပြည်ခေါ်သွားမှာ"

"ဟိုမှာ ကောင်းကောင်းနေရမယ်၊ စားရမယ်"

မြသည်း ခေါင်းညိတ်လိုက်ပါသည်။ သည်တရုတ်ကို လွယ်လွယ်သတ်လို့တော့ ရမည်မထင်။ တကယ်တမ်းကျ မြသည်း



www.burmeseclassic.com

www.burmeseclassic.com



လည်း လူမသတ်ရဲပါ။

သူမရည်ရွယ်ချက်က လွတ်မြောက်ချင်ရုံ။ လွယ်လွယ်နှင့်တော့ လွတ်မှာမဟုတ်။

မြသည်းကိုယ်က ညစ်ပတ်ပေကျံနံစော်နေတာမို့ ထိုလူက မကပ်သေးထင်ပါ့။ မြသည်း အကြံရသွားသည်။ ဒီလူက အသန့်ကြိုက်တယ်ထင်ပါ့။ ငါ ညစ်ပတ်ထားရမယ်။

ထိုလူက မြသည်းကို ရတနာတစ်ဗူး ထုတ်ပေးပြီး ဖြားယောင်းနေလေ၏။

"ဒါ...မင်းအတွက်ပဲ။ ငါတို့ ဂိတ်တွေကို ဖြတ်တဲ့အခါ မင်းကို ငါ့ဇနီးလို့ ပြောမယ်။ ဟိုကျတော့လည်း တရားဝင်လက်ထပ်မယ်။ အဲလိုပြောတာမှ လက်မခံရင် မင်းကိုယ်ထဲကို မူးယစ်ဆေးထိုးပြီး ခေါ်သွားမယ်"

"ကျွန်မ ကောင်းကောင်းလိုက်ပါ့မယ်"

"ဆေးထိုးခေါ်သွားတာကောင်းမယ်"

"မထိုးပါနဲ့...မထိုးပါနဲ့"

အထပ်ထပ် တောင်းပန်နေလေမှ မြသည်းကို သည်အတိုင်း ခေါ်သွားမှာ။ ညနေမှာ ခရီးထွက်ကြဖို့ ဆုံးဖြတ်လိုက်လေသည်။

"ရေချိုးချင်တယ်...ဘယ်မှာချိုးရမလဲ"

ရေချိုးခန်းမရှိသည်မို့ အောက်ဘက်ခြံထဲမှာ ချိုးရမလား။ အိမ်နောက်ဘက်မှာ ချိုးရမလားတော့ မသိ။ ထွက်ပြေးချင်လို့ ဉာဏ်များတာလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်မှချိုးတော့…ဒီမှာ ရေရှားတယ်"

မြသည်း စိတ်ဓာတ်ကျစွာနှင့်ပင် အခါအခွင့်ကို စောင့်ရသည်။

* * *

ညနေ (၆)နာရီလောက်မှ ခရီးထွက်ဖို့ပြင်ရသည်။ မြသည်းကတော့ ဘာမှပါသူမဟုတ်။ တရုတ်သူဌေးမှာ နောက်လိုက် (၂)ယောက်နှင့်။ လူမိုက်ပုံစံတွေ။

လက်နက်တွေလည်းပါကြောင်း မြသည်း မြင်အောင်ပြကြသည်။ မူဆယ်မြို့မှအထွက် တိုးဂိတ်တွေမှာ ပြဿနာမတက်သေး။

သူဌေးက ကားမောင်းပြီး သူ့လူမိုက် (၂) ယောက်က မြသည်းကို အလယ်မှာညှပ်ပြီး ထိုင်ထားကြသည်။ ထွက်ပြေးလို့မရအောင်။

ငါတော့ တရုတ်ဘက်မရောက်ခင် ထွက်ပြေးမှရမှာပဲ။ မဟုတ်လို့ကတော့ ငါ့တစ်သက် သွားပြီ။

တရုတ်ဘက်ဝင်မည့် ဂိတ်မရောက်ခင် မြန်မာပြည်ထဲမှာပဲ မြသည်း စွန့်စားရမည်။ လူမိုက် (၂)ယောက်၏အလယ်မှ ကြောက်ရွံ့ ထိတ်လန့်သည့်စတိုင်နှင့် သူမ လိုက်လာခဲ့ရင်း နယ်စပ်ဂိတ်မရောက်ခင် သူတို့အချင်းချင်း တိုင်ပင်ကြသည်။ တရုတ်လို ကွိစိကွစိတွေ။

နောက်…သူဌေးကပင် မြသည်းကို ပြောပြန်၏။

"ငါတို့ နင့်ကို မေ့ဆေးအုပ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့…မလုပ်ပါနဲ့၊ ကျွန်မ ပြဿနာမရှာပါဘူးရှင်"

ခြေကားကား၊ လက်ကာကားနှင့် တားဆီးနေသည့်ကြားမှ မြသည်းကို သူတို့ မေ့ဆေးအုပ်လိုက်ကြပါသည်။

* * *

"အင့်…အင်း"

မေ့ဆေးပြယ်တော့ မြသည်းရောက်နေတာ ဆေးရုံတစ်ခုမှာ ထင်ရဲ့။

"ဟင်…"

ထိတ်လန့်ပြီး မြသည်း ထထိုင်လိုက်သလို လူကလည်း ပြူးပြူးပျာပျာ။ တစ်ယောက်မှလည်း အနားမှာမရှိ။

ဒါ…ဘယ်နေရာလဲ။ တရုတ်ပြည်လား…မြန်မာပြည်လား၊ ထထိုင်ရာမှ ရပ်ကြည့်လိုက်တော့ လူက ဒယီးဒယိုင်။

အစာလည်း ကောင်းကောင်းမစားရတာ (၂) ရက်လား (၃)ရက်လား။ လူက သောကတွေနှင့် ကြောက်လန့်ထိတ်ရှံ့နေရတာ မို့ ရုပ်က မျက်တွင်းဟောက်ပက်။

သည်ကြားထဲ ဆေးသွင်းခံရတာနှင့်၊ မေ့ဆေးအအုပ်ခံရတာ နှင့်။

အတော်လေးကြာမှ နာ့(စ်)တစ်ယောက်နှင့် ဆရာဝန် တစ်ယောက် ဝင်လာခဲ့သည်။ တရုတ်ရုပ်တွေတော့ မဟုတ်ပါ။

"ကျွန်မ…ကျွန်မ…ဘယ်ရောက်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မူဆယ်"

တော်ပါသေးရဲ့။ တရုတ်နယ်စပ် ရောက်ခါနီးမှ မူဆယ် ဘယ်လိုပြန်ရောက်လာတာလဲ။

"ကျွန်မ…ကျွန်မ ဘာဖြစ်တာလဲဟင်…ဘာဖြစ်တာလဲ"

"ညီမကို လူကုန်ကူးတဲ့လူတွေလက်ထဲက ရဲအရာရှိတွေ ကယ်ခဲ့ကြတယ်"

"သြော်…ကျွန်မ တရုတ်ရောက်မသွားခဲ့ဘူးပေါ့"

"ဟုတ်တယ်…ညီမကို မေ့ဆေးအုပ်ထားကြတော့ မသကာ ဖြစ်ပြီး စစ်ရင်းဆေးရင်း နယ်စပ်ဂိတ်မှာ အဲဒီတရုတ်တွေကားကို အတင်းမောင်းပြေးကြတာ။ ဒီဘက်ကလည်း အတင်းလိုက်ပေါ့"

"နောက်…သူတို့ကို ဖမ်းမိလားဟင်"

"မမိလိုက်ဘူး…ကားထားခဲ့ပြီး တောထဲဝင်ပြေးကြတာ။ ညီမ ကံကောင်းတယ်။ ညီမအခြေအနေကောင်းရင် ရဲစစ်ချက် ယူမယ်"

"ရှင်…ဟင်"

ဟုတ်တာပေါ့။ မြသည်း ဆောင်းပါးတွေမှာ ဖတ်ဖူးပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လူကယ်အဖွဲ့တွေ။

မြသည်းရဲ့ မျက်ရည်လည်ရွဲနှင့် ခေါင်းညိတ်ပြရင်း ဘာတွေ ဘယ်လိုပြောရပါ့ပါ စဉ်းစားရသည်။ ဒေဝီ၊ နေသစ်ါ။

သူတို့က ဘယ်လိုပင် တရားပျက်ပျက် ကိုယ်က သက်သာ နေချင်မိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးမှာရော ဦးနီဇော်တို့အဖွဲ့ရှိသေးလား။

"ကျွန်မ…ဖုန်းဆက်ချင်တယ်။ ကျွန်မ ဖုန်းဆက်ပါရစေ"

"ဆက်ပါ…ဆက်ပါ"

နာ့(စ)မလေးက အပြင်သို့ ခဏထွက်သွားပြီး ပြန်ဝင်လာလျှင် ဖုန်းပါလာခဲ့သည်။

ဖုန်းကိုကိုင်ပြီး မြသည်း တွေဝေနေမိသည်။ ငါ့ကို လူကုန်ကူးခံရတယ်ဆိုပြီး လူတွေက အထင်သေးကြမှာပဲ။ ဘဝပျက်လာပြီရယ်လို့ အထင်သေးစက်ဆုပ်ကြမှာပဲ။

မျက်ရည်တွေ စီးကျရင်း ဘဝဟောင်းကို မေ့ထားပြီး ဘဝသစ်ကိုပဲ ဖန်တီးယူလိုက်ဖို့ မြသည်း ဆုံးဖြတ်လိုက်ပါပြီ။

မပြေးသော် ကန်ရာရှိ။

ဘဝက ရှင်းပြလို့မရသည့်အနေအထား။

မြသည်း ဘာမှမဖြစ်ခဲ့ဘူးဆိုလျှင်ရော မည်သူတွေက ယုံကြည်မှာလဲ။

ဖုန်းကို ပြန်ပေးလိုက်ပြီး မြသည်း မျက်ရည်တွေသာ ကျနေမိပါသည်။

ရဲအရာရှိတွေမေးသမျှ ဒေဝီနှင့်နေသင်္ခါအကြောင်းမပါဘဲ အဆင်ပြေအောင် ပြောပြလိုက်ပါသည်။

"ဒါဆို သမီးက မိဘ မရှိဘူးပေါ့…ဟုတ်လား…မိဘမဲ့ပေါ့"

"ဟုတ်ပါတယ်…အဖေနဲ့အမေက ငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားပါတယ်။ အဖေက အရက်တွေသောက်လွန်းလို့ ပြီးခဲ့တဲ့ (၂)နှစ်က ဆုံးသွားခဲ့ပါပြီ"

"ဟယ်…သမီး…ခု ဘယ်သူနဲ့ ဘယ်လိုနေရသလဲ"

မြသည်း မျက်ရည်တွေ စီးကျနေရတာ ကိုယ့်ဘ၀ကို ရင်နာလွန်းလို့ပါ။

"မိထွေးက မြို့က အဒေါ်ကြီးတွေဆီ ငွေသိန်း (၂၀)ယူပြီး အိမ်အကူလုပ်ဖို့ ထည့်လိုက်ပါတယ်"

သိန်း (၂၀)နှင့် ရောင်းစားတယ်ဆိုလျှင် မိထွေးရော ဒေါ်သက်မာနှောင်းပါ အမှုတွဲထဲပါနေမည်။ ပြီး…ငွေများတရားနိုင်ဆိုသည့်စကားကလည်း အလကားမဟုတ်။

ရှေ့နေတွေ၊ မတရားသက်သေတွေနှင့် ဘောင်ဝင်အောင်လုပ်ပြီး သည်အမှုမှ ပေါ့ပေါ့လေး၊ ကျော့ကျော့လေး ရှန်းထွက်သွားကြမှာပါပဲ။

ဒေါ်သက်မာနှောင်းက သူဌေးမကြီးလေ။

"အဖြစ်ဆိုးလိုက်တာ သမီးရယ်…အခု အဲဒီအိမ်ကို ပြန်သွားမလား"

"မသွားချင်ပါဘူး။ သမီး အလုပ်တစ်ခုခုလုပ်ပြီး ကိုယ့်ဘ၀ကိုယ် ထူထောင်ချင်ပါတယ်။ သမီးကို ကူညီပါ"

"ဟုတ်ပါပြီ…ကူညီမှာပါ။ အခု ဒီလူကုန်ကူးတဲ့လူတွေဆီရော ဘယ်လိုရောက်လာရတာလဲ။ ဆရာတို့က ကွင်းဆက်တွေဖော်ပြီး ရှာဖွေဖော်ထုတ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



မြသည်း စဉ်းစားရသည်။ ဒေဝီနှင့်နေသခါ... သူတို့ရောင်းစားတယ်ပြောလျှင်ရော ရမည်မထင်။ သူတို့အပေါင်းအသင်းတွေကလည်း သက်သေလိုက်လိမ့်မည်။

ဖြောင့်ကွယ်ကွယ်တာပဲ ကောင်းပါလိမ့်မည်။ မြသည်းမည်သူနှင့်မျှ မျက်နှာချင်းမဆိုင်ချင်တော့ပါ။ ဘဝဟောင်းကိုစွန့်ပြီးဘဝသစ်ကိုပဲ ထူထောင်ချင်ပါတော့သည်။

မျက်ရည်ကတော့ ဘယ်တွေမှ စီးကျနေသည်မသိ။ မကုန်နိုင်မခန်းနိုင်။

မြသည်း၏ဘဝကိုက အခြေမလှခဲ့တာ။

"ကျွန်မ...ဒါရိုက်တာ၊ ပရိုဂျူဆာ ဦးနီဇော်ရဲ့အဖွဲ့နဲ့ လားရှိုးကို လိုက်လာခဲ့တာပါ။ သူတို့ရိုက်တဲ့ကားတွေမှာ ဇာတ်ရန်အဖြစ်နဲ့ရိုက်ကူးရပါတယ်။ မင်းသမီးဒေဝီနဲ့အတူ ဟိုတယ်ကို လိုက်သွားရင်း စားကြသောက်ကြပါတယ်။ နောက်...အခန်းပြန်ရောက်ပြီးအိပ်ပျော်သွားတယ်ထင်မိတယ်။ ကျွန်မနိုးတော့ လူကုန်ကူးတဲ့လူတွေရဲ့လက်ထဲ ရောက်နေပါပြီ"

"ဒါဆို...ဒေဝီ"

"သူ မဖြစ်နိုင်ဘူးထင်ပါတယ်ရှင်"

"အမှုက သေသေချာချာ တည်ဆောက်လို့မရဖြစ်နေတယ်။ ဘယ်သူက သမီးကို ရောင်းစားတာလဲ။ ဘယ်လိုလုပ်ပြီး လူကုန်ကူးတဲ့သူတွေဆီ ရောက်သွားရတာလဲ"

"ကျွန်မ ဘာမှ သေသေချာချာ မသိပါဘူးရှင်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာ ကိုယ့်ဘဝပျောင်းကို စိတ်ပျက်စက်ဆုတ်လွန်းတာပဲ သိပါတယ်။ ကျွန်မ ဘဝသစ်မှာ ကောင်းမွန်စွာ ရပ်တည်ချင်ပါတယ်။ သမ္မာအာဇီဝကျတဲ့ အလုပ်တစ်ခုခုလုပ်ပြီး ဘဝကို ရိုးသားစွာ ရင်ဆိုင်ချင်ပါတယ်"

နောက်ဆုံး ရဲအရာရှိကြီးကပင် သူ့မိခင်ရှိရာ ပြင်ဦးလွင်သို့ ပို့ပေးခဲ့ပါသည်။

"မေမေ့မှာ အဖော်မရှိဘူး။ သားနဲ့သမီး (၂)ယောက်မွေးထားခဲ့ပေမယ့် သမီးက ရန်ကုန်မှာ အိမ်ထောင်ကျနေတော့ တစ်နှစ်တစ်ခါ၊ နှစ်ခါအပြင် မလာနိုင်ဘူး။ မေမေကလည်း သူ့အိမ်သူ့ယာကလွဲပြီး ဘယ်မှမလိုက်ချင်ဘူးလေ"

"အန်ကယ်ကျတော့လည်း မုံရွာမှာ တာဝန်ကျနေတယ်။ နောက်လည်း ကျရာနေရာကို သွားရမှာပါပဲ။ သမီး...မေမေနဲ့အတူ နေပေးပါ။ လစာလည်း ပေးပါ့မယ်"

"လစာ မယူပါဘူး...အန်ကယ်ရယ်။ ကျွန်မဘဝအတွက် အခိုက်အတန့် နားခိုရာနေရာရတယ်လို့ပဲ ယူဆပါတယ်ရှင်။ တရိုတ္တိုင်းဆိုင်ရာကတော့ ကျွန်မကို စိတ်ချပါ"

"စိတ်ချပါတယ်ကွယ်...အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိပါ။ သမီးရဲ့ရုပ်ကို မြင်လိုက်ရကတည်းက မဗေဒါလို အံကိုခဲနေရတဲ့ ဘဝပိုင်ရှင်ဆိုတာလည်း သိလိုက်ပါတယ်"

သည်လိုနှင့် မြသည်း ပြင်ဦးလွင်ရှိ အဘွားဒေါ်ညိုညိုတို့၏ အိမ်သို့ ရောက်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားရဲ့အိမ်မှာ အိမ်အကူ ဒေါ်နန်းရိုတစ်ယောက်သာ ရှိပါ သည်။ အဘွားရဲ့အိမ်က ရှေးအင်္ဂလိပ်ခေတ်က ဗိုလ်တဲလို။ သစ်သား နှစ်ထပ်အိမ်ကြီး။ ကျွန်းအိမ်ကြီးပါ။

ခြံထဲမှာလည်း သီးပင်၊ စားပင်၊ ပန်းမာန်တွေနှင့် နေချင် စဖွယ်။ အဘွားဟာ ကျိုကျိုတက်ချမ်းသာသည့်သူ မဟုတ်တာမို့ မြသည်း စိတ်အေးရသည်။

သူဌေးမကြီးသာဆိုလျှင် ရန်သူမျိုး (၅) ပါးကို ကြောက်ရွံ့ နေရဦးမည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၆]

သူတော်ကောင်းမို့ နတ်ကောင်း မ,တာလား။

သည်တစ်ခါလောက် ဘဝမှာ ငြိမ်းချမ်းတာမရှိ။ မြသည်းလိုချင်တာလည်း ရာထူး၊ ဂုဏ်သိမ်၊ စိန်၊ ရွှေ၊ ငွေတွေ မဟုတ်ပါ။

မေတ္တာတရားတွေပါပဲ။

မိမိကိုယ်တိုင် အမုန်းတရားတွေ၏လောင်းရိပ်မှာ ပူလောင်လောင်မြိုက်ခဲ့ရပြီး အမုန်းတွေ ရင်ဝယ်သိုမိခဲ့လို့ လောင်ကျွမ်းခြင်းဒုက္ခကိုလည်း သိခဲ့ရပြီမဟုတ်ပါလား။

အများတကာလို နိုင်ငံရပ်ခြားတွေမှာ စီးပွားရှာကြ၊ ပညာကိုလောဘတကြီး ရှာဖွေဆည်းပူးကြတာဟာ တစ်မျိုးကောင်းတာပါပဲ။

သို့သော် လောလောဆယ်တော့ မြသာည်း၏ အတောင်ပံလေးတွေဟာ ပင်လယ်ဖြတ်ဖို့အတွက် ငယ်နုသေးတာမို့ အဘွား၏မေတ္တာရိပ်မှာ တစ်ထောက်ကွန်းခိုရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားဟာ အငြိမ်းစား ကျောင်းဆရာမကြီးမို့ အမြော်အမြင်လည်းကြီး၊ မေတ္တာတရားလည်း ကြီးမားပါသည်။ မြသည်း ကိုယ်အဖြစ်သနစ်ကို က,ကြီးမှ အ,အထိ အဘွားကို အမှန်အတိုင်းပြောပြထားသည်။

နောက်…အဘွားထံမှ အကြံဉာဏ်ကိုလည်း ယူရပါဦးမည်။

ရောက်တာ (၁)ပတ်လောက်ရှိပြီမို့ အဘွားနှင့်မြသည်းဟာ တစ်သားတည်း ဖြစ်နေပါပြီ။ အဘွားပြောသည့် ရှေးဟောင်းနောက်ဖြစ်တွေကို နားထောင်ရင်း အဘွားပြောသည့် သားနှင့်သမီးမိသားစုအကြောင်း နားထောင်ရင်း ဗဟုသုတတွေ၊ အသိဉာဏ်တွေ တိုးရပါသည်။

အဘွား၏ ဝေယျာဝစ္စတွေကို လုပ်ပေးရင်း အဘွားကို သူမတောင်းဆိုရသည်။

"အဘွား…အိမ်အကူအတွက် တစ်လ (၆)သောင်းပေးရတော့ အဘွား လျှော့ဖို့တန်းဖို့ လျော့နည်းတာပေါ့။ သမီးနေတဲ့အတူတူ အဲ့ဒီအလုပ်တွေ သမီး လုပ်ပေးပါရစေ"

"အားနာပါတယ် သမီးရယ်…ခုလို အဘွားအဖော်ရတာပဲ ကျေးဇူးတင်လှပါပြီ"

"သြော်…အဘွား ပိုက်ဆံပိုထွက်လာအောင်ပါ။ အဘွား ပင်စင်လစာလေး တစ်သိန်းခွဲမှာ အိမ်အကူလခတင် (၆)သောင်း ကုန်တော့ လျှုဖို့စားဖို့ နည်းမှာစိုးလို့ပါ။ သူကတော့ အဘွားဆီမှာ မလုပ်ရလည်း တစ်အိမ်အိမ်မှာ လုပ်လို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်…အစကတော့ အဖော်လေးလည်း ရပါစေတော့ ဆို့ ငှားထားတာ။ ဒါဆို…သမီး ဒီအလုပ်တွေနိုင်တယ်ပေါ့"

"ဩော်…အဘွားရယ်၊ အဘွားနဲ့သမီး (၂)ယောက်တည်း အားတာ၊ ဒါလေးချက်တာ ဘာအပန်းကြီးလို့လဲ။ အဘွား ဝေယျာဝစ္စ ဘာရော ဘာများပင်ပန်းလို့လဲ"

"အေးပါ…မြေးရယ်၊ ငါ့မြေးဟာ အဘွားအတွက် ဘုရား ပေးတဲ့ မြေးပါပဲ။ သာဓု…သာဓု…သာဓု"

အဘွားဒေါ်ညိုညိုလွင်နှင့် မြသည်းတို့နှစ်ယောက် စိတ်တူ ကိုယ်တူ။ အဘွား ဘုရားသွားလည်း မြသည်း လိုက်ပို့သည်။ ဘုန်းကြီးကျောင်းသွားလည်း လိုက်ပို့သည်။

အဘွားအိမ်မှာ ကားလေးတစ်စီးလည်း ရှိပါသည်။ မြသည်း က မမောင်းတတ်သေးလို့သာ။

"ဒီတစ်ခါ အဘွားမြေးလာရင် ကားမောင်းသင်ပေးခိုင်းရ မယ်။ အခုကျ အဘွားတို့မှာ ကားရှိရဲ့နဲ့ သူများကား ငှားစီးနေရ တယ်"

"အဘွားကလဲ…အဘွားကားလေး နမြောစရာ"

"ဟဲ့…ကားဆိုတာ စီးဖို့ထားတာ သမီးရဲ့၊ သူတို့လာမှ မောင်းရပြုရတော့ ကားတောင်နာသေး။ ဒရိုင်ဘာတွေ…ဘာတွေ ငှားဖို့ကျတော့လည်း လစာကလည်း မတရားပေးရသေး။ မတန်ပါ ဘူး…သားနဲ့သမီးက တစ်သိန်းစီထောက်တာ။ ဒရိုင်ဘာငှားရရင် ဘုန်ရော"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ အဘွားရယ်...သမီး သင်ပါ့မယ်။ အဘွားကာ ဂျိုးမတင်အောင်"

"သင်ဆို...ခုသင်အေ၊ အဘွားတပည့်တွေ ရှိတယ်။ သင်ခိုင်း လိုက်မယ်"

"(၁၈)နှစ် မပြည့်သေးဘူး...အဘွားရဲ့"

"ရတယ်..(၁၇)နှစ်ဆိုလည်း ရတယ်။ ဟိုင်းဝေးမောင်း မှာမှ မဟုတ်တာဘဲ။ ဟိုနားဒီနား...မြို့တွင်းမောင်းရုံပဲလေ"

မြသည်းရုံကို စိတ်ကြိုက်ပုံသွင်းနေသည့် အဘွားကြော အဘွားဆီရောက်ပြီး (၃)လလောက်ကြာလျှင် မြသည်းရုံ အဘွား တင်ပြီး အဘွားသွားချင်ရာကို ကားနှင့်လိုက်ပို့နိုင်သည့်အဆင့်သို့ ရောက်ရှိလာပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၅]

ရွှေပင်နားတော့ ရွှေကျေးပေါ့။

အဘွားရဲ့မေတ္တာရိပ်မှာခိုလှုံရင်း ပင်ကိုစိတ်ကောင်းရှိသည့် မြသည်းရှုံကလေး၏ အလှယန်းတွေ ပိုမိုပွင့်လန်းလာတာ ကိုယ်၊ စိတ်၊ နှလုံး (၃)ပါးလုံး ချမ်းမြေ့သာယာနေလို့လည်း ဖြစ်ပါသည်။

အဘွားမှာလည်း သူ့စိတ်တိုင်းကျ လိမ္မာရေးခြားရှိပြီး သူ့ကို စိတ်ရင်းနှင့်ပြုစုပေးရှာသည့် မြသည်းကို တစ်နေ့တခြား မေတ္တာတွေပိုနေမိပါ၏။

သည်နေ့လည်း နံနက်စာကို စိတ်ကြည်နူးစွာ စားသောက်ရင်း စကားစမြည်တွေ ပြောလို့။

ထမင်းပူပူ၊ ပဲပြုတ်ဆီဆမ်း၊ ငါးရံ့ခြောက်ဖုတ် ဆီဆမ်းအပြင် ဆတ်သားခြောက်ဖုတ် ဆီဆမ်းလည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားသားက မူဆယ် ရဲမှူးမို့ ဆတ်သားခြောက် မပြတ်စားရပါ့။ လူကြံ့နှင့် ပို့ပို့ပေးတတ်တာ။

ကော်ဖီပူပူကလည်း မွှေးလို့ကြိုင်လို့။

"သမီးရေ…ရှေ့လထဲ ရန်ကုန်က အဘွားမြေးလာမယ်။ သူ့သူငယ်ချင်းလည်းပါမယ်"

"ဟုတ်ကဲ့ပါ…အဘွား၊ အဘွား စိတ်ချမ်းသာရတာပေါ့။ ကိုယ့်မြေးတွေရောက်လာတော့ ကြည်နူးရတာပေါ့"

"သမီး ပင်ပန်းမှာစိုးလို့ပါကွယ်။ ခု…အဘွားတို့(၂)ယောက်က အစားဇီဇာမကြောင်ပေမယ့် ရန်ကုန်သား အဘွားမြေးကတော့ အစားဇီဇာကြောင်တယ်။ သမီး သည်းခံနော်။ သင်းနေနိုင်လည်း တစ်ပတ်ပါကွယ်။ ပြင်ဦးလွင်က အေးချမ်းတော့ သင်း ဘယ်နေနိုင်မလဲ"

အဘွားမျက်နှာလေး ကြည်လင်လန်းဆန်းနေတော့ မြသည်းလည်း ပီတိဖြစ်ရပါသည်။ အဘွားခမျာ သားတွေ၊ သမီးတွေ၊ မြေးတွေကို မမျှော်ယောင်ဆောင်ပေမယ့် မျှော်နေမှာပေါ့။

"သူနေနိုင်လို့ကတော့ မြသည်း ချက်ပြုတ်ကျွေးမှာပါ အဘွားရယ်။ အဘွား စိတ်ချမ်းသာရင် ပြီးတာပါပဲ"

"အဘွားမြေးက ဘီအီးဘွဲ့ရပြီး ကုမ္ပဏီမှာ အလုပ်ဝင်ဖို့ ကြိုးထူနေတာလေ။ ခု…ဘာကိစ္စလာပြန်တယ်မသိဘူး။ မိန်းမရှိုးလာမှာလား…ဘာလား"

"အဘွားရယ်…တွေးပြီး စိတ်စနောင့်စနင်း ဖြစ်မနေပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာရှိတာသာ ပျော်စမ်းပါ"

"အင်း...မှူဆယ်ဘက်က သားကိုလည်း ပူရမျှော်ရတယ်။ သူတို့အလုပ်တွေက အန္တရာယ်များတယ်လေ။ ဒုစရိုက်သမားတွေကလည်း အသွင်အမျိုးမျိုးနဲ့။ တချို့ဆို အုပ်စုလိုက် ခေါ်ဂိုဏ်းတွေ ကျနေတာပဲ"

"အန်ကယ်က စိတ်ကောင်းရှိပါတယ် အဘွားရယ်...ဘယ်တော့မှ မတရားမလုပ်ပါဘူး။ သူတော်ကောင်းဆို နတ်ကောင်း မ,မှာပါ"

"ဒုစရိုက်သမားတွေကတော့ မုန်းမှာပေါ့ သမီးရယ်။ သူ ဘယ်လောက်ပဲကောင်းကောင်း သဘာဝတရားကြီးကိုက လူဆိုးနဲ့ ရဲလေ"

"ကဲပါ...အဘွားရယ်၊ အန်ကယ်က ကြည့်ရှောင်တတ်ပါတယ်။ အန်ကယ့်သမီးလေး (၂)ယောက်ကတော့ ကျောက်မဲမှာနော်"

"ဟုတ်တယ်...မအေဘက်က အဘိုးအဘွားတွေ၊ အဒေါ်တွေ ဆီမှာနေကြတယ်"

"ဒီနေ့ ဘယ်သွားဦးမလဲ...အဘွား၊ လမ်းလျှောက်ဦး မလား"

"လျှောက်မယ်...နွေဦးဆိုတော့ လမ်းလျှောက်လို့ ပိုကောင်းတယ်။ တစ်နေ့ နာရီဝက်လောက်တော့ လျှောက်သင့်တယ်...သမီး။ အပြန်ကျမှ ဟင်းချက်ပေတော့"

"ရပါတယ်...ဘွားရဲ့၊ အပြန်ကျမှ စားခါနီး ပူပူနွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ဟင်းရွက်ကြော် ဟင်းချိုလေးချက်"

"တော်ပါပြီကွယ်…အခုကျန်တဲ့ ငါးရံ့ခြောက်ဖုတ်နဲ့ ဆတ်သားခြောက်ဖုတ်၊ ပဲပြုတ်တွေလည်း ရှိသားပဲ။ အင်း…ဒါပေမဲ့ အသွားမြေးလာရင်တော့ မရဘူးနော်"

"သိပါတယ် ဘွားရယ်…သိပါပြီတဲ့ရှင်"

နှစ်ယောက်သား ရယ်မောကြပြီး သိုးမွေးဦးထုပ်လေးတွေ ဆောင်းကာ လမ်းလျှောက်ထွက်ကြဖို့ ပြင်ကြသည်။

အိမ်တံခါး၊ ခြံတံခါးတွေပိတ်။

သူတို့နှင့်အတူ ရန်လုံကလည်း လမ်းလျှောက်လိုက်မြဲ။ ထွားထွားကျိုင်းကျိုင်းနှင့် အိုင်ကျူမြင့်လှသည့် ခွေးကြီးသည် လူ (၂)ယောက်စာလောက် အားကိုးရပါသည်။

ပြင်ဦးလွင်လမ်းမတွေရဲ့ ဘေးဘက်ကပ်ပြီး လတ်ဆတ် အေးမြသော လေကောင်းလေသန့်တွေကို ရှူခွင့်ရနေခဲ့သည့် မြသည်းရုံ…ကိုယ့်ဘဝ၏ အလှည့်အပြောင်းကံကြမ္မာကို အံ့သြရ ပါသည်။

သို့သော် ကံကြမ္မာဆိုတာလည်း တစ်ခါခါ ကျီစယ်တတ်ပေ တာကိုးနော်။

* * *

"ဟင်…မာမီ…ဟို…ဟိုမှာ"

ဗိုက်ဖုံးအင်္ကျီ မဝတ်တော့ဘဲ တစ်ဆက်တည်းဂါဝန်လှလှလေး



www.burmeseclassic.com

www.burmeseclassic.com



င်း ဒေဝီ။ ပြင်ဦးလွင်ရဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာနေပါသည်။

ဒေါ်သက်မာနှောင်း၏ အစီအစဉ်နှင့် သူ့သူငယ်ချင်း ဒေါ်မာလာဦးက ထပ်ပြီးစီစဉ်ပေးလေတာ။ ဒေဝီ ငှားနေသည့်ခြံနှင့် အိမ်က မြသည်းတို့နှင့် တစ်ရပ်ကွက်တည်း။

ဒေါ်သက်မာနှောင်း သူ့သမီးအတွက် အိမ်အကူတစ်ယောက် ားပေးထားသည်။ သူကတော့ သွားချည်လာလှည့်ပေါ့။ သည်မှာ ည်း တောက်လျှောက်မနေနိုင်။ ရန်ကုန်အိမ်လည်း ပြေးကြည့်ရ သေး၏။

ဒေါ်မာလာဦးက သူ့အိမ်မှာနေခိုင်းပေမယ့် သူ့အိမ်က ဈေးကြီး င်း မနီးမဝေးမှာရှိပြီး ပွဲရုံလည်း ဖွင့်ထားတာကြောင့် လူစည်သည်။

ဒေဝီ့အဖြစ်က လူအများကြားထဲနေလို့မဖြစ်။ သည်တော့ ပြင်ဦးလွင်မြို့စွန် ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ စီစဉ်ပေးထားရ၏။

ယခု သားအမိ (၂)ယောက် မနက်ဘက် လမ်းလျှောက်နေကြ ည့် တစ်ဖက်မှ ကားလေးမောင်းလာရင်း လမ်းလျှောက်ဈေးသည် အနားမှာရပ်ကာ အဘွားကြီးတစ်ယောက်နှင့်အတူ ဈေးဆင်းဝယ် သည့် မြသည်းရုံ။

"ဟုတ်လို့လား…သမီးရယ်…သူက ဘယ်လိုလုပ်ပြီး ရောက်နေရမှာလဲ။ သူလည်း လူကုန်ကူးတဲ့အထဲ ပါသွားပြီဆို… လောက်ဆို တရုတ်ပြည်ရောက်ပြီး ပြည့်တန်ဆာခန်းမှာ ကျောက်ကော့နေရောပေါ့"

"မဟုတ်ဘူး…မာမီ၊ သူမှသူပါ။ ကြည့်ပါလား…ရပ်ရော



www.burmeseclassic.com

www.burmeseclassic.com



အရပ်အမောင်းရော။ အဝတ်အစားဆိုတာကတော့ ခုဝယ်ဝတ်
ခုရတာပဲဟာ''

သားအမိ(၂)ယောက် ငေးနေဆဲ မြသည်းနှင့်အဘွား ဈေးဝယ်
ပြီး ကားပေါ်ပြန်တက်သွားပေပြီ။

ဒေဝီ ဆတ်ဆတ်တုန်အောင် ဒေါသတွေထွက်နေတာ။ မုဒိတာ
မပွားနိုင်လို့ပါ။ ဣသာတွေ၊ မစ္ဆရိယစိတ်တွေနှင့် ပူလောင်
ကျွမ်းမြိုက်ပြီး လူတစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။

''တောက်''

သူမမှာဖြင့် မကောင်းဆိုးဝါး အကုသိုလ်တုံး၏သွေး
လွှယ်ထားရပြီး ကြောက်ကြောက်နှင့် ကလေးမွေးရဦးမည်။

သူ့မှာတော့ လှပနေလိုက်တာ။ အလကားနေရင်း အထ
တန်းကျနေသည့်ရုပ်ကလည်း တသွေးတမွေးနှင့်။

သင်းက ဘယ်လို…ဘယ်လို အပေါက်ကောင်းမိပြီး အဆ
ပြေနေရပေမယ့် သူမမှာတော့ ဒုက္ခတွေက ပင်လယ်ဝေနေရသည်။

ပိုပြီး အရေးကြီးတာက သူနှင့်ကိုယ်ဟာ တစ်မြို့တည်း
လာဆုံနေလို့ပါပဲ။

''စိတ်ညစ်လိုက်တာ မာမီရယ်…သေသာသေလိုက်ချင်တော့
တယ်။ ဒီဟာမနဲ့ တည့်တည့်ကြီး လာတိုးနေရတယ်''

''ဂရုမစိုက်စမ်းပါနဲ့ သမီးရယ်…လူဆိုတာ ကိုယ့်အမှု
ကိုယ်ရေး၊ ကိုယ့်လမ်းကိုယ်လျှောက်ကြရတာပါ။ ကိုယ့်ဒုက္ခကိုယ်
ကြရတာ။ ဘယ်သူမှ ကူခံကြတာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကူမခံပေမယ့် ဒေဝီ့လှို့ဝှက်ချက်ကို သူ သိသွားတော့မှာ ပေါ့ မာမီရဲ့"

"ပြင်ဦးလွင်မြို့က အကျယ်ကြီးပါ သမီးရယ်။ သူလည်း သမီးကို မမြင်လိုက်ပါဘူး။ ကိုယ့်ဘာသာ ကျန်းမာအောင်သာ နေစမ်းပါ။ မာမီတို့မျက်နှာကို ကြည့်ပါ။ မာမီတို့ သမီးကို ဘယ်လို မှ မခွဲနိုင်ဘူးနော်"

"အင်းပါ မာမီရယ်…ဒေဝီ သိပါတယ်"

သားအမိနှစ်ယောက် မဒ္ဒမလည်နှင့် လမ်းလျှောက်နေရတာ။ စေတနာဟာ ကံကိုကောက်သတဲ့။ ကံကို ပြဋ္ဌာန်းသတဲ့။

သူမက စေတနာယုတ်ခဲ့လို့ ဒုက္ခတွေ ဆက်တိုက်တွေ့နေရ သလား။

အို…မဟုတ်ပါဘူး။

လာခဲ့…မြသည်းရုံသာဖြစ်ပစေ…သင်းကို ပြသနာရှာပြီး ကိုယ့်ကျွန် ကိုယ်ပြန်သိမ်းလိုက်မယ်။ တစ်သက်လုံး ခိုင်းစားပစ်လိုက် မယ်။

ဒေဝီတစ်ယောက် ယခုထိ နှလုံးသားတွေ ပူလောင်ပူစပ်နေ ရင်း ပြင်ဦးလွင်၏ အေးချမ်းမှုကိုတောင် ရင်ထဲမရောက်နိုင်ခဲ့ပါ။

အပြင်လောကတစ်ခုလုံး သာယာလှပအေးချမ်းနေပေမယ့် ဒေဝီ့ရင်ထဲမှာတော့ မီးလိုလောင်မြိုက်နေရသည်။

ဖွတ်မရ ဓားမပါဆုံးသတဲ့။

နေသခါ၏ ဝေ့လည်ကြောင်ပတ်စကားတွေမှာ နှမ်မျောရင်း



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ယခုဆို ကလေးပင် မွေးရတော့မည့်အဖြစ်။

နေသခါကလည်း အချိုသာသတ်ပေမယ့် အနားကပ်ခံတော့တာ မဟုတ်ပါ။

နေခက်ထန်ကရော…

လူကုန်ကူးခံရပြီးမှ လွတ်မြောက်လာခဲ့ရသည့် ဒေဝီ့ကို နှမလေးတစ်ယောက်လိုသာ ကြင်နာနေခဲ့တာပါ။ ယခုလို ကလေးတစ်ယောက်မွေးရသည့်အဖြစ်သာ သိသွားလို့ကတော့ ဘဝက လှပမှာမဟုတ်တော့။

အိုလေ…ငါတစ်ယောက်တည်း မဟုတ်ပါဘူး။

တချို့မိန်းကလေးတွေလည်း သည်လိုပါပဲ။ တရားမဝင်ကိုယ်ဝန်တွေ ဖျက်ချကြ၊ မွေးကြ၊ ဖွားကြ၊ ဘာဆန်းလို့လဲ။

အများမိုးခါးရေ သောက်နေကြတဲ့ခေတ်ကြီးထဲမှာ ငါလည်း ဒီလိုပါပဲ။

ဒေဝီ့စိတ်ထဲ မထူးဇာတ်ခင်းရင်း ဂုဏ်ပကာသနတွေ၊ အလှတွေနှင့် ဘဝကို ပြန်လည်ထူမတ်လို့ရကြောင်း အားတင်းတွေးတောနေရသည်။

ပုပ်ပောင်နံစော်နေသည့် နှလုံးသားကိုတော့ ဖြူစင်အောင် လျှော်ဖွပ်သန့်စင်ဖို့ ဒေဝီ တစ်ခါမှ မစဉ်းစားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၆]

အဘွားက အသက် (၇၀) ပေမယ့် လူက ဖြူဖြူပါးပါးနှင့်။ ကျန်းမာရေးလိုက်စားသည်။ ဘုရားတရား ကြည်ညိုသည်။

သည်နေ့မနက် လမ်းလျှောက်ရင်း စကားတပြောပြော။ လျှောက်နေကျနေရာထိသွားမှာ။ အပြန်ကျ လက်ဖက်ရည်ဆိုင်ဝင်ပြီး နွားနို့သောက်မှာ။

"အဘွားမြေး လာဖို့နီးပြီ။ သူလာရင် စားဖို့စုဆောင်းထားရတာ ပျော်လိုက်တာ။ အမယ်···သမီးက ဘာပြုံးတာလဲ"

မြသည်းပြုံးတော့ အဘွားခမျာ မလုံမလဲ။ တရားသမားဆိုပြီး သံယောဇဉ် တွယ်ငြိနေမိတာကိုး။

"မပြုံးပါဘူး···ဘွားရဲ့၊ ဝမ်းသာလို့ပါ။ ဘွား···ကျန်းမာနေတာကို ဝမ်းသာတာပါ"

"ကျုပ်လည်း ပုထုဇဉ်ကိုးအေ့၊ ဘယ်လောက်ပဲ တရားမှတ်မှတ် မြေးတွေ၊ သမီးတွေလာမယ်ဆိုတော့လည်း မျှော်မိပျော်မိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ…သဘာဝပဲလေ…ဘွားရဲ့၊ ပျော်ရမှာပေါ့"

"သမီး…ရှေ့ကလျှောက်၊ ဘွား…မီအောင်လိုက်မယ်"

"စတန့်မထွင်ရဲပါဘူး…ဘွားရယ်၊ မြသည်းက ဘွားကို စောင့်ရှောက်ရမှာပါ။ ဘွားအနားမှာပဲ ရင်အုပ်မကွာနေမှာ"

"အေးပါအေ…အေးပါ"

နှစ်ယောက်သား အတူယှဉ်ပြီး လျှောက်နေကြစဉ် တစ်ဖက်မျက်နှာချင်းဆိုင်လျှောက်လာသူဟာ ဒေဝီဖြစ်နေလျှင် မြသည်း အံ့သြထိတ်လန့်ရသည်။

ဒေဝီနှင့်အမျိုးသမီးတစ်ယောက်။ အမျိုးသမီးက အဖော်ဖြစ်မည်။ မြသည်း နေရာမှာပင်ရပ်ပြီး ကြောင်နေလျှင် အဘွား… ပျာပျာသလဲ မေး၏။

"သမီး…ဘာဖြစ်လို့လဲ…ဘာလို့လဲ"

"အဲဒါ…ဒေဝီ…မမဒေဝီ"

"ဪ…"

ဒေဝီကို ဒေါ်ညိုညိုလွင် ကြည့်လိုက်ပါသည်။ ဗိုက်ဖုံးအင်္ကျီ ဂါဝန်တစ်ဆက်တည်းနှင့်။ ရုပ်ကတော့ ခပ်ချောချော။ ဗိုလ်မရှုံး လေးလိုပ့ါပဲ။

သို့သော် မြသည်းရဲ့ အကြောင်းစုံပြောပြထားပြီးပြီမို့ … နှလုံးသားက ပုပ်စပ်နံစော်နေကြောင်း သိထားပြီ။

ဒေဝီကလည်း မျက်နှာကျောတင်းတင်းနှင့်။ မျက်နှာချင်းဆိုင် ကြီးမို့ မမြင်ချင်ယောင်ဆောင်လို့လည်း မရတော့…



www.burmeseclassic.com

www.burmeseclassic.com



"မြသည်းရုံ…နင်က ဘယ်လိုကနေ ဒီကိုရောက်နေတာလဲ။ ဘာတွေ ကလိမ်ကကျစ် လုပ်နေတာလဲ"

"ရှင်ပဲ ရောင်းစားခဲ့တာလေ။ သိန်းငါးရာနည်းလို့ သိန်းခြောက်ရာရအောင်လိုက်ယူတဲ့ မိန်းမကြီး။ အယုတ်တမာမကြီး"

"အောင်မယ်…နင်ကများ ငါ့ကို…ဒါဆို နင်ကရော ပြည့်တန်ဆာဖြစ်ပြီးမှ ထွက်ပြေးလာတာမဟုတ်လား။ နင် အခု ဘာကိစ္စ ဒီမှာကပ်ခိုနေရတာလဲ။ ပြန်ရောက်လည်း အိမ်ပြန်လာရမပေါ့။ နင့်ကို ငါတို့ သိန်း (၂၀)နဲ့ ဝယ်ထားခဲ့တာပဲ။ ကိုယ့်အရှင်သခင်တွေဆီ ပြန်လာရမှာပေါ့"

အဘွားကြီးရှေ့မှာ အရှက်တကွဲ အကျိုးနည်းအောင် ပိုးစိုးပက်စက် ပြောနေပေမယ့် သည်အကြောင်းတွေ ဒေါ်ညိုညိုလွင် သိပြီးသားပါ။ သည်တော့ မိုက်ရိုင်းလှသည့် ဒေဝီကို တန်ပြန်တိုက်ခိုက်လိုက်ပါသည်။

"သမီးပြောနေတဲ့ ဒေဝီဆိုတာ သူလား။ ဒါဆို သူ့ကို အဘွားတို့ ဒီနေ့ပဲ တိုင်ချက်ဖွင့်လိုက်မယ်။ သူတို့ (၂)ယောက် သမီးကို သိန်းငါးရာနဲ့ ရောင်းစားခဲ့ကြတာ။ သားကို လှမ်းမေးပြီး တိုင်ချက်ဖွင့်လိုက်မယ်"

"ရှင့်သားက ဘာမို့လဲ"

"မူဆယ်မှာ ရဲမှူးလေ။ သူပဲ သမီးကို ကယ်ပြီး ဒီပို့ပေးခဲ့တာ။ အမှုက ပိတ်တာမဟုတ်သေးဘူး။ သမီးကသာ နင်တို့နာမည်တွေကို မဖော်ဘဲ တရုတ်တွေ လူကုန်ကူးတာခံရတယ်လို့ ထိန်ချန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ။ အခု အပြည့်အစုံပြောပြီး တိုင်ချက်ကို ပြန်ဖော်ထုတ်ရမယ်"

"ဟင်"

မူဆယ်က ရဲမှူး၊ တိုင်ချက်ဖွင့်ထားသည်ဆိုတာနှင့် ဒေဝီ ဖြူသွားသည်။ မြသည်းရုံကို လျှော့တွက်လို့ မရတော့ပါ။ တကယ့် နောက်ခံအင်အားကောင်းကောင်းတွေ ရှိနေပြီ။ စိုင်ကော်လို့ ချုပ် ရောက်နေရပြီ မဟုတ်ပါလား။ ဒေဝီ ပြန်ပြီးအချိုသတ်ရသည်။

"အလကားပြောတာပါ အဘွားရယ်...အခု ဒေဝီ ဒီမှာ တစ်ယောက်တည်း လာနေရတာပါ။ သူ့ကို နောက်တာပါ...အဘွား ရယ်"

"ညည်းက ဘာလာလုပ်တာလဲ။ မီးလာဖွားတာလား။ ညည် ယောကျ်ားကရော လိုက်မလာဘူးလား။ အစကတည်းက မရှိ လား။ ခေတ်ကြီးက ကောင်းတော့တာမဟုတ်ဘူး။ အက်တိုး အပျိုစင်တွေ ကြီးစိုးနေတဲ့ခေတ်"

"ဒေဝီ့အမျိုးသားက ဂျပန်မှာ အလုပ်သွားလုပ်နေပါတယ် လက်ထပ်ပြီး တစ်လရှိသေးတယ်။ အလုပ်ရတာနဲ့ တန်းသွားရတာပါ"

"အေးပေါ့...လိမ်လိမ်မာမာနေပေါ့အေ...မြသည်းက ကျု အတွက် အားကိုးရတယ်။ သူ့အကြောင်းတွေလည်း အကုန်ပြော ထားပြီးသား။ ညည်း ကောက်ကျစ်ယုတ်မာတာတွေ သူ မပြော မယ့် ကျုပ်က တစ်စွန်းတစ်စ သိရတာနဲ့ သဘောပေါက်ပါတယ်"

"သူပြောတိုင်း မယုံပါနဲ့ အဘွားရယ်...သူက ဒေဝီ့ မုန်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းမယ်ဆိုလည်း မုန်းထိုက်တာပဲလေ။ ပထမ သိန်း (၂၀) နဲ့ဝယ်တယ်ဆိုပြီး လူမဆန်တဲ့စိတ်ဓာတ်နဲ့ ဖိနှိပ်တယ်။ ဒုတိယ မနာလိုစိတ်တွေနဲ့ ရှုးပြီး တရုတ်ရောင်းစားခဲ့တယ်။ ညည်းပဲအေ… မိန်းမချင်းမှ ကိုယ်ချင်းမစာ။ လာ…သွားမယ်…သမီး၊ ဒီလို ကောက်ကျစ်ယုတ်မာတဲ့သူမျိုးကို မိတ်ဆွေအဖြစ်တောင် မပေါင်း အပ်ဘူး"

ပြောပြီး ဒေါ်ညိုညိုလွင် မြသည်းလက်ကိုဆွဲကာ လမ်းဆက် လျှောက်သွားလေလျှင် ဒေဝီ ဒေါ်သာတွေကြောင့် ဆတ်ဆတ်တုန် ဆွေ့ဆွေ့ခုန်နေလေတော့သည်။

သူမ၏အဖော် အဒေါ်ကြီးကလည်း ဒေဝီ့ကို အံ့သြတကြီးနှင့် အထင်တသေး ကြည့်လို့။ ရုပ်ကလေးချောလျက်နှင့် လူကုန်ကူး သတဲ့။ သူများကို ရောင်းစားသတဲ့။

"အလကားပါ…အဒေါ်၊ ပြောချင်ရာတွေ လျှောက်ပြောသွား တာ။ သူ့ကိုယ်သူသာ ချောချောလှလှ ဖြူဖြူစင်စင်လေးလုပ်နေတာ။ သူမှ လူကုန်ကူးခံရပြီး လွတ်လာတဲ့ ကောင်မ။ တရုတ်မှာ ဘယ် လောက်တောင် ပုပ်ပွလာခဲ့သလဲဆိုတာ တွက်သာကြည့်"

ဒေဝီ့အတွက်တော့ ဘဝက စိတ်ပျက်ချင်စဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၇]

"ဟော..သမီးရေ...အဘွားမြေးတွေ လာပြီဟေ့"

တစ်နေ့သား မြသည်းရှဲ မီးဖိုထဲမှာ ချက်ပြုတ်နေတုန်း အိမ်ရှေ့မှ အဘွား၏ ဝမ်းသာအားရအသံကို ကြားလိုက်ရပါသည်။

"ဟုတ်လား...အဘွား...လာပြီ...လာပြီ"

ကိုယ်ဟာ အဘွားကို ကိုယ့်အဘွားလို၊ ဆွေမျိုးသားချင်းလို သဘောထားတာမို့ ကိုယ့်ဆွေမျိုးတွေလာသလိုပဲ အိမ်ရှေ့သို့ ပြေးထွက်ခဲ့ပါသည်။

"အမလေး...ပင်ပန်းလိုက်တာကွယ်။ ကိုယ့်ကားနဲ့ကိုယ် တက်လာရသလား...မြေးရဲ့၊ ဖလိုက်နဲ့လာရောပေါ့"

"ဘွားကလည်း ဖလိုက်နဲ့လာတာ အရသာမရှိဘူးဗျ။ ကိုယ့်အဒွဲကိုယ်မောင်းလာရမှ အရသာရှိတာ။ သူငယ်ချင်းတွေလည်း ပါတယ်။ ဟောကောင်တွေ...လာကြကွ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ လူ (၂)ယောက် အထုပ်အပိုးတွေကိုဆွဲပြီး အိမ်ထဲသို့ဝင်လာကြလျှင်…

"ဟင်…ဦးနေ"

"ဟာ…မြသည်း…နင်…နင်…ဘယ်လိုက ဘယ်လို အဘွားဆီ ရောက်နေတာလဲ"

နေခက်ထန်၊ နောက်တစ်ယောက်ကတော့ မြသည်း မသိ။ နေခက်ထန်ကလည်း ၃-၄ လအတွင်း တသွေးတမွေးနှင့် အရမ်းလှပတည်ငြိမ်နေသည့် မြသည်းကို အံ့ဩတကြီး ကြည့်၏။

ဒေဝီ့စကားအရဆိုလျှင် မြသည်းဟာ လူကုန်ကူးခံလိုက်ရသည် မဟုတ်ပါလား။ ဘယ်လိုပါသွားပြီး ဘယ်လိုလွတ်မြောက်လာခဲ့တာလဲ။

မြင်လိုက်ရတာတော့ ယခုမှ ပိုပြီးလှပသန့်စင်နေတော့တာ။

အဘွားက ရယ်ရယ်မောမော။

"ကဲ…နားကြပါဦး…နားကြပါဦး။ ထိုင်…ဧည့်ခန်းမှာထိုင်ကြ၊ သမီး…သမီးအကိုတွေအတွက် မုန့်နဲ့လက်ဖက်ရည် ယူခဲ့ပါကွယ်"

"ဟုတ်ကဲ့ပါ…အဘွား"

သူတို့ရောက်လာကြတာ ညနေ။ မြသည်း မီးဖိုဘက်ပြန်သွားတော့ အဘွားမြေး သူရိန်က ပြုံးစိစိနှင့်။

"အဘွား…ချောတယ်နော်"

"တော်…တော်…ငါ့သမီးကို ဘယ်မှမထည့်လိုက်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ငါ့အနားမှာ တစ်သက်လုံးထားမှာ။ အရမ်းလိမ္မာရေးခြားရှိတယ်၊ အိမ်တွင်းမှုလည်း နိုင်နင်းတယ်။ စိတ်ကောင်းနှလုံးကောင်းလည်း ရှိတယ်"

"သြော်...အဘွားကလည်း အဲလောက်လိမ္မာနေမှတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်လိုက်ရောပေါ့"

တကယ်က သူရိန် စ,နေတာပါ။ အဘွား ကဲကဲဆတ်နေတာ လေးကိုကြည့်ပြီး ရယ်ချင်လို့ပါ။

နေခက်ထန်နှင့် ပီတာကတော့ အဘွားကို တရားသူကြီးလို စစ်နေ၏။

"အဘွားဆီ သူက ဘယ်လိုရောက်လာတာလဲဟင်...သူ့ကို မီဒီယိုကားတချို့မှာ မြင်ဖူးသလားလို့"

"ငါ့သား ပို့ပေးတာလေ...နင်တို့ကို မပြောနိုင်ပါဘူး။ ငါ့ သမီးကို ယုန်ထင်၊ ကြောင်ထင်လည်း အထင်မခံနိုင်ဘူး"

အဘွား မြသည်းအကြောင်းကို သူတို့အား ချမပြနိုင်၊ တော်ကြာ တစ်မျိုးထင်ကုန်မှဖြင့်။

သည်ကြားထဲတောင် သူ့မြေး သူရိန်က လည်မှလည်။ ပွဲ တစ်ပုဒ်ကို အဖြေရသလို လက်ဖျောက်တီးလိုက်သေး၏။

"သိပြီ...လေးလေးက နယ်စပ်ဂိတ်မှာ တာဝန်ကျတာဆို တော့ လူကုန်ကူးခံရတဲ့ ကောင်မလေးတွေကို ကယ်ပြီး အဘွားဆီ ပို့ပေးတာဖြစ်ရမယ်"

ဒေါ်ညိုညိုလွင် မျက်လုံးပြူးရပေမယ့် ဣန္ဒြေပြန်ဆယ်၍



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပေါက်ပေါက်ရှာရှာတွေဟာယ်…ကဲ…စားကြသောက်ကြ"

မြသည်း ဇန်းနှင့် ညည့်ခန်းဘက်သယ်လာတော့ အဘွား ကိုယ်တိုင် တည်ခင်းကျွေးမွေးနေလေ၏။

"ပြီးရင် ရေချိုးကြ…ညစာ (၇)နာရီမှာ စားရမယ်။ သားတို့ အပေါ်ထပ်တက်…ဘွားတို့ကတော့ အပေါ်လည်း မတက်နိုင်တော့ ဘူး။ အောက်ထပ်မှာပဲ နေကြတော့တယ်"

(၃)ယောက်သား စားသောက်ပြီးကြတော့ အပေါ်ထပ်မှာ နေရာယူကြသည်။ ပါးစပ်တွေကတော့ ပေါက်ပန်းလေးဆယ်။

"ကိုနေ…ခင်ဗျားနဲ့ ဒီကောင်မလေး ဘယ်နေရာမှာ ငြိခဲ့ ဘာလဲ"

"ငြိတာမဟုတ်ပါဘူးကွ…သိတာပါ"

"ဒါဆို ခင်ဗျား ဘေးထွက်နေ၊ ကျွန်တော်နဲ့ပီတာနဲ့ အပီဆွဲ တော့မယ်"

"ဘာ…ဘာ…ဘာ"

"သြော်…အီစီကလီလုပ်မှာ ပြောတာပါ။ ဘယ်သူကြိုက် ကြိုက်ပေါ့…ကိုနေ ရှောင်နေ"

"မဟုတ်တာကွာ…အဘွားမျက်နှာလည်း ထောက်ကြပါဦး"

"အပျင်းပြေလေးနဲ့ဆိုတော့ ဘဝက ပိုပြီးလှမသွားဘူးလား"

"မလှဘူး…ဒီအရွယ်တွေဆိုတာ တည်ငြိမ်ရင့်ကျက်သင့်ပြီ။ မိန်းကလေးတစ်ယောက်ကို အပျော်သဘောမျိုး မစသင့်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မြသည်းလို လူငယ်လေးတွေကို"

"ဆောရီးပါဗျာ…ကျွန်တော်တို့ကလည်း ပျော်စေပျက်စေ ပြောတာပါ"

(၃)ယောက်သား ရေမိုးချိုးကြပြီး အဘွားအိုညစာထမင်းပွဲသို့ ရောက်လာခဲ့ကြပါသည်။

* * *

ထမင်းဝိုင်းမှာ ဟင်းတွေက အစုံ။ ဘာတွေမှန်းကိုမသိ၊ မှိုတွေရော၊ အသားတွေရော၊ ငါးတွေရော၊ ဟင်းသီးဟင်းရွက်တွေ ရယ်။

"နရသီဟပတေ့ရဲ့ ပွဲတော်အုပ်ကျနေတာပဲ အဘွားရာ"

"ဒီတစ်နေ့ပဲ…နေ့တိုင်းဆို ငါ့သမီး ထွက်ပြေးလိမ့်မယ်"

"ဟုတ်ကဲ့ပါ…ဘွားရဲ့၊ သားတို့ ဂျီးမများပါဘူး"

ပျော်ပျော်ရွှင်ရွှင်ပင် စားကြသောက်ကြရင်း အဘွားအိမ်က ကြည်နူးစရာအတိ ပြီးနေ၏။

ည (၈)နာရီလောက်မှာ အိမ်ဧည့်ခန်းတွင် စုကြပြန်သည်၊ မီးဖိုလေးဘေးမှာ ပတ်လည်ဝိုင်းလျက်။

နေခက်ထန် မနေနိုင်။ မြသည်းအကြောင်းတွေ သိချင်သည်၊ ဘာပဲဖြစ်ဖြစ် သူကတော့ မြသည်းအတွက် အမြဲရင်ထုမနာဖြစ်ခဲ့ရ သူ။ လူအများရှေ့မှာ မေးချလိုက်လို့တော့ ကောင်မလေး ပြောမည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



"မြသည်း…နင့်ကို ငါ မေးစရာတွေ၊ ပြောစရာတွေရှိတယ်။ လျှို့ဝှက်စရာတွေရှိရင်လည်း နှစ်ယောက်ချင်းကျမှပြော"

မြသည်းကလည်း အရွယ်နှင့်မလိုက်အောင် တည်ငြိမ်ပါ၏။

"အမှန်တရားတွေမို့ မလျှို့ဝှက်လိုပါဘူး။ ဦးနေက မြသည်း အကြောင်း တစ်စိတ်တစ်ဒေသ သိပြီးသားပဲ"

"ဒါဆို အားလုံးရှေ့မှာ ပြောမလား"

"ပြောနိုင်ပါတယ်။ မြသည်းအကြောင်း အဘွားကိုလည်း အားလုံး ပြောပြပြီးပါပြီ"

"ကောင်းတယ်…ဒါမှ ကူညီစရာရှိရင်လည်း အားလုံး ကူညီ နိုင်တာပေါ့"

မြသည်းရုပ်ကလေး အဝေးသို့ငေးရင်း နှမ်းမှုန်သွားပုံက သနားကြင်နာစဖွယ်။

"မြသည်းကို ဒုက္ခပေးတာ ဒေဝီပဲ။ မြသည်းကို သူက အလားနေရင်း မုန်းနေတာ။ ဦးနေ ဂရုစိုက်တာရော၊ ဦးနီဇော် ဂရု စိုက်တာ၊ မီဒီယာထဲ ထည့်ရိုက်တာတွေကအစ သူ မကျေနပ်ဘူးလေ။ နောက်…လားရှိုးမှာ ရုပ်ရှင်အဖွဲ့နဲ့ ရုပ်ရှင်ရိုက်ပေးမယ့် သူက ဟိုတယ်မှာ တည်းတယ်။ မင်းသားနဲ့"

စကားကို ဖြတ်ထားပေးမယ့် နေခက်ထန် သဘောပေါက် သည်။

"ဆက်ပြော…ငါ နားလည်ပြီ"

"အဲဒီ့နေ့က မြသည်းကို အတင်းဟိုတယ်ခေါ်တယ်၊ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတွေများရတယ်။ နောက်...သူ အနိုင်ကျင့်လွန်းအားကြီးလို့ မခံမရပ်နိုင်ဖြစ်ပြီး သူ့ကို ပြန်ပြီးသတ်ပုတ်မိတယ်"

"အင်း"

"အဲဒီအချိန်မှာ သူ့မင်းသားရောက်လာပြီး မြသည်းကို ချုပ်နှောင်ပေးတယ်။ သူက ပါးတွေ၊ နားတွေရိုက်တယ်"

"အို"

မြသည်းမှာ ပြောရင်းပင် အသံတွေတုန်လာပြီး မျက်ရည်တွေ စီးကျလာတော့ အဘွားက သူမကို ညင်သာစွာ ဖက်ထားခဲ့သည်။

"နောက်...မြသည်းကို ပါးစပ်တွေ အဝတ်ဆို့၊ ကြိုးတွေနဲ့ တုပ်ပြီး ရောင်းစားကြဖို့ စီစဉ်ကြတယ်"

"ဟင်...ဒေဝီလည်း ရောင်းစားခံရတယ်။ ဘယ်လိုဖြစ်တာ လဲ"

"မြသည်းပြောတာ နားထောင်ပါဦး...ဦးနေ၊ သူတို့ (၂)ယောက် သူ့ဘော်ဒါတွေပါ မြသည်းကို မူးယစ်ဆေးထိုးပြီး ရောင်းစားခဲ့ကြတာပါ။ မူးဝေနေပေမယ့် သတိလစ်မသွားပါဘူး။ ကားတစ်စီးပြီးတစ်စီး ချိန်းစီးနေကြရတယ်။ နောက်...မြသည်း နိုးတော့ အိမ်ကြီးတစ်လုံးထဲ ရောက်နေတယ်။ အိမ်ပေါ်က ဆီးကြည့် တော့ ချွေးကြီးတွေလည်း မြင်ရတယ်။ ထွက်ပြေးဖို့ အမျိုးမျိုး စဉ်းစားနေရင်းနဲ့ပဲ တရုတ်ကြီးက ခေါ်သွားတယ်။ တရုတ်ပြည်ထဲ ရောက်ဖို့ နယ်စပ်ဂိတ်နားမှာ သူတို့က မြသည်းကို မေ့ဆေးအုပ်လိုက် ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှပင် မြသည်း ငိုရှိုက်မှုမေ့မတတ်ဖြစ်လာလျှင် အဘွားက ဆက်ပြောပါသည်။

“အဲဒီမှာ သားတို့ရဲ့အဖွဲ့က ရှာဖွေရင်း… စစ်ဆေးကြရင်း မသင်္ကာဖြစ်ကြတာပေါ့။ သူတို့က ကားကို အတင်းမောင်းပြေး၊ ရဲတွေက အတင်းကားနဲ့လိုက်။ နောက်…သူတို့က ကားနဲ့ သမီးကို ထားခဲ့ပြီး တောထဲဝင်ပြေးကြတယ်။ သမီးကို ကယ်ဆယ်စစ်ချက်ယူပြီး သူ့ဆန္ဒအတိုင်း အေးအေးဆေးဆေးနေရအောင် အဘွားဆီ ပို့လိုက်ကြတာ”

အဘွားစကားအဆုံးမှာ နေခက်ထန် ကောက်ချက်ဆွဲလိုက်မိပါပြီ။

“တောက်…ဒေဝီ ယုတ်မာတာ။ သူ့အကောင်က သူ့ပါ ရောင်းစားသွားမှာပေါ့။ အသားစားကျားတွေဟာ သားကောင် တစ်ကောင်တည်းနဲ့ ဘယ်တင်းတိမ်ပါ့မလဲ”

ပီတာက တုန်တုန်ရီရီနှင့်။

“ညီမလေး…ဘာမှမဖြစ်တာ သေချာပါတယ်နော်”

“ဟော့ကောင် ဘာလုပ်မလို့လဲ။ မင်း ယူမလို့လား”

သူရိန် လှမ်းဟောက်တော့ ပီတာ့မျက်နှာက ဆီးရွက်လောက်။

“စိုးရိမ်လို့ပါကွာ…တော်ကြာ ကိုယ်ဝန်တွေ၊ အိတ်(စ) ရောဂါတွေ ပါလာမှာစိုးလို့ပါ”

“မြသည်း ဘာမှမဖြစ်ပါဘူး။ သူတို့ တရုတ်ပြည်ရောက်ရင် တော့ မသိဘူးလေ။ မြသည်းက နယ်စပ်ဂိတ်မှာတင် အန်တယ်တို့



www.burmeseclassic.com

www.burmeseclassic.com



က ကယ်လိုက်နိုင်ပြီ။ အသွားဆီ ရောက်လာခဲ့တာပါ"

"ငါ့သမီးက သူတော်ကောင်းဆိုတော့ နတ်ကောင်း မ,တာ ပေါ့ကွယ်။ သမီးကို ရောင်းစားခဲ့တဲ့ ဟိုဒေဝီဆိုတာတော့ မနက်က ဗိုက်တစ်လုံးနဲ့ တွေ့ခဲ့တယ်"

"ဟင်…"

"ဟာ…"

နေခက်ထန်က ပိုအံ့သြ၏။ အံ့သြစရာတော့ မဟုတ်ပါလေ။ ဒေဝီဟာ အလွန်မတန်မှ မနာလိုစိတ်ပြင်းထန်သူ။ သူ့အကုသိုလ်က သူ့ကို အကျိုးပေးပြီး ဒုက္ခကို လက်ယပ်ခေါ်နေတာ။

"သူကတော့ သူ့ယောကျ်ား ဂျပန်မှာ အလုပ်သွားလုပ်နေ တယ်။ လက်ထပ်ပြီးပြီးချင်း အလုပ်သွားလုပ်ရတယ်တဲ့"

နေခက်ထန် နားလည်လိုက်ပြီ။ ဒေဝီ မည်သူနှင့်မှ လက်ထပ် ခဲ့တာမဟုတ်။ သူမ၏ တရားမဝင်ကိုယ်ဝန်ကို တိတ်တဆိတ်လာပြီး ရှောင်တိမ်းမွေးဖွားမှာ။

နေခက်ထန်ဟာ စည်သူ့သူငယ်ချင်းမို့ ဒေဝီ့ကို ညီမလေး တစ်ယောက်လို သံယောဇဉ်ရှိပါသည်။ သို့သော် ဒေဝီဟာ မြသည်း အပေါ် ကောက်ကျစ်ယုတ်မာလွန်းတာကြောင့် စေတနာက ပျက်ချင် ချင်။

"သူ အဆင်ပြေရဲ့လား…မြသည်း၊ သူ ဘယ်သူနဲ့နေသလဲ"

"အဖော်တစ်ယောက်နဲ့ မနက်တိုင်း လမ်းလျှောက်တာတွေ့ပါ တယ်။ သူလည်း ဒီအနီးအနားမှာပဲ နေတယ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ဝင်ပြီးစိတ်ပျက်လက်ပျက် ပြောပါ၏။

“သူက ခုထိ သနားစရာ မကောင်းသေးပါဘူးကွယ်။ နောင်တလည်း ရပုံမပေါ်ပါဘူး။ ကိုယ့်အကုသိုလ် ကိုယ့်ကို အကျိုးပေးနေတာတောင် သံဝေဂ မရသေးပါဘူး။ သမီးမြသည်းကို သိန်း (၂၀)နဲ့ဝယ်ထားတာမို့ သူတို့ဆီ ပြန်လာရမလေး…ဘာလေးနဲ့။ သူ သိန်း (၅၀၀) နဲ့ ရောင်းစားခဲ့တာကျ ရှုးချင်ယောင်ဆောင်နေတယ်”

“တကယ်ဆို သူ့နဲ့နေသခါကို အမှုဖွင့်လိုက်ရမှာ။ မြသည်းက သူတော်ကောင်းစိတ်မွေးနေလို့သာ”

“ကဲ…ကဲ…သူလည်း သူ့အပြစ်သူ ခံနေရပါပြီလေ။ ဒါတွေ ခွင့်လွှတ်လိုက်ပါတော့”

ညဥ့်လည်းနက်ပြီမို့ လူစုခွဲခါ ကိုယ့်အခန်းသို့ ကိုယ်ချီတက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၈]

သည်နေ့မနက်…အဘွားကို ပုံမှန်ဆေးခန်းပြရမည်။ နေခက်ထန်နှင့်သူရိန်တို့ အဘွားကို ကားမောင်းပို့ကြမည်။ ပီတာကတော့ လမ်းလျှောက်မည်တဲ့။

မြသည်းက အိမ်မှာ ချက်ပြုတ်ကျန်ခဲ့မည်။ နေခက်ထန် ပီတာ့ကို ဟောက်ရသည်။

"ပီတာ…လိုက်မှာဖြင့် လိုက်ခဲ့၊ အိမ်မှာ ဘာလုပ်ရအောင် ကျန်ခဲ့မှာလဲ။ မင်းအကြောင်း ငါ သိတယ်နော်။ ငါတို့ မျက်နှာပျက်ရအောင် မလုပ်နဲ့"

မြသည်းကလည်း ဝင်ပြောသည်။

"ဟုတ်တယ်…ကိုပီတာ လိုက်သွားလိုက်။ မြသည်းက အိမ်မှာ လူပိုရှိရင် မနေတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ…ငါ့ကိုများ ကလိမ်ကကျစ်ကျလို့"

"ကဲပါကွာ…သူ လမ်းလျှောက်ချင်လို့ဆိုလည်း လျှောက်ပါစေ။ မြသည်းကို စိတ်အနှောင့်အယှက်တော့ မပေးနဲ့"

"မင်းတို့ပြောမှ ငါလည်း လူဆိုးဖြစ်တော့တယ်"

နေခက်ထန်နှင့်သူရိန် အဘွားကို ကားနှင့်လိုက်ပို့ရန်အသွား လမ်းမှာ လမ်းလျှောက်လျက် တွေ့လိုက်ရတာ ဒေဝီပါ။

နှုတ်ဆက်ရမှာလား။ မသိယောင်ဆောင်ရမှာလား။ ခက်တော့ ခက်သည်။

"အို..နှုတ်ဆက်လိုက်မယ်။ ကိုယ်တွေက ရိုးရိုးသားသားပဲ"

ကားကိုရပ်ပြီး နေခက်ထန် နှုတ်ဆက်တော့ ဒေဝီ၏တုန်လှုပ်မှုက ကမ္ဘာကြီးပင် ပြာကျတော့မတတ်။

"ဟင်…ကို…ကိုနေ"

"ဒေဝီ…ဘယ်သူမှ မပါဘူးလား။ စည်သူရော လိုက်မလာဘူးလား။ ဒီကောင် ကိုယ့်ညီမကို မကြင်နာဘူး၊ မစောင့်ရှောက်ဘူး"

ဒေဝီ မျက်ရည်တွေ စီးကျနေတာ မြင်ရပြန်တော့ နေခက်ထန် ပိုလို့ပင် စိတ်မကောင်းဖြစ်ရသည်။

"ဒေဝီ…ဒီလိုဖြစ်နေတာကို မြသည်းရဲ့ ပြောလိုက်တာ မဟုတ်လား။ သူကရော ဘာထူးသလဲ။ ခုလောက်ဆို အေတောင် ကိုက်ချင်ကိုက်နေမှာ။ ကိုနေ…သူ့ကို မယုံနဲ့နော်။ သူလည်း လူကုန်ကူးခံရတာပဲ။ ပြန်လွတ်လာတဲ့ ကောင်မ"

"ဒေဝီ…ကိုယ်နေကောင်းဖို့ပဲ စိတ်ကူးပါ။ ကျန်းမာအောင်



www.burmeseclassic.com

www.burmeseclassic.com



နေ…ဟုတ်ပြီလား"

"သူ…ကိုနေ့ကို လှမ်းပြီးသတင်းပို့တာ မဟုတ်လား။ သူ ပြောလို့ ကိုနေ လာကြည့်တာမဟုတ်လား"

"မဟုတ်ပါဘူး ဒေဝီရယ်…အဘွားဆီ လာကြတာပါ။ အကူအညီလိုရင်ပြော…အဘွားက ဒီဒေသခံ"

မနည်းနှုတ်ဆက်ပြီး ဆေးခန်းသို့ ပြေးလာခဲ့ကြရသည်။ နေခက်ထန် စိတ်မကောင်းပါ။ ဒေဝီ့အဖြစ်က ဆွမ်းခံရင်း ငှက်သင့်၊ မြသည်းကို ရောင်းစားဖို့ကြံစည်ရင်း သူပါ ရောင်းစားခံရတာ။

သူတစ်ပါးကို တွန်းချရင်း ကိုယ်ပါ အားလွန်ပြုတ်ကျခဲ့ရတာ။

နှစ်ယောက်လုံး ရောင်းစားခံခဲ့ရသူတွေ။ ဒေဝီကတော့ ပြဿနာပေါ်နေပြီ။ မြသည်းရော…ဘာမှမဖြစ်ခဲ့ဘူးဆိုတာ သေချာပါ့မလား။

ဆေးခန်းမှာ အဘွားကို ဆေးခန်းပြရင်း နေခက်ထန်တို့ တွေ့ခဲ့ရတာ ဒါရိုက်တာ၊ ပရိုဂျူဆာကြီး ဦးနီဇော်။

"အန်ကယ်…ဘာဖြစ်လို့လဲခင်ဗျ…ရုပ်ရှင်လာရိုက်တာလား"

"အန်ကယ့်ဇနီး နေမကောင်းလို့ပါကွာ…ဟုတ်တယ်၊ ရုပ်ရှင်လာရိုက်တာ။ တစ်လက်စတည်း ဗီဒီယိုကားလေးတွေပါပေါ့"

"အန်ကယ့်မြင်တော့…"

နေခက်ထန် စကားဖြတ်ထားပေမယ့် ဦးနီဇော် ဆက်ပြော သည်။

"မြသည်းရုံလေးကို သတိရတာပေါ့။ ခမျာလေး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး ဘယ်ဘဝမှာ ကျင်လည်နေရပါလိမ့်ကွာ။ သနားစရာ ချက်နှာမွဲမလေးပါ။ သူ့ကိုတွေးမိတိုင်း အန်ကယ် ခံစားရတယ်”

ပြောရင်းမှပင် သူတို့အလှည့်ရောက်သဖြင့် အန်ကယ်ဦးနီဇော် သူ့ဇနီးကို တယုတယတွဲကာ ဆရာဝန် စမ်းသပ်ခန်းထဲသို့ ဝင်သွားသလျှင် နေခက်ထန် စဉ်းစားနေရ၏။

သည်ပြင်ဦးလွင်မှာပင် ဒေဝီရော၊ မြသည်းရုံရော ဆုံတွေ့နေကြပြီ။ ယခု အန်ကယ်ဦးနီဇော်က မြသည်းအကြောင်း တွေးပြီး ကြေကွဲနေပုံ။

သူ မြသည်းကို မေးရဦးမည်။ ဦးနီဇော်နှင့် တွေ့ချင်၊ မတွေ့ချင်။ မြသည်းပုံစံက ဘဝဟောင်းကိုမေ့ပြီး ဘဝသစ်မှာ စိတ်ချမ်းသာနေချင်သည့်ပုံ။

ယခုတောင် ဒေဝီနှင့်တွေ့ပြီး စိတ်ဒုက္ခတွေ ရောက်လှပေပြီ။ ဒေဝီ့ပါးစပ်ကလည်း မြေခွေးအမြီးပြတ်ဖော်ရှာပြီး မဟုတ်က ဟောပ်ကတွေ ပြောနေတာ။

ကာယကံရှင်ရဲ့ဆန္ဒကို မေးလိုက်ပါဦးမယ်လေ။

* * *

သူတို့အိမ်ပြန်ရောက်တော့ မြသည်းကို မတွေ့။ ဗီတာ တစ်ယောက်သာ မျက်စိ၊ မျက်နှာ မကောင်း။ ခေါင်းမှာလည်း ဘုထွက်လို့။

နေခက်ထန်စိတ်ထဲ ထင့်ခနဲ။ အဘွားနှင့်သူရိန်လည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကျုံ့နေ၏။

"ပီတာ…အိမ်မှာ ဘာတွေဖြစ်နေလဲ"

"အလကားပါကွာ…သူ့ကို စကားလေးသွားပြောမိတာနဲ့ ငါ့ကို ခေါင်းရိုက်ခွဲပြီး ထွက်သွားတာပဲ"

"ဘာ…"

ပီတာ စကားကို ဖော့ပြောတာမှန်း သူတို့ နားလည်လိုက်ကြသည်။ သူက ဘယ်လိုပြောလို့ ဟိုက ဘယ်လိုရိုက်ခွဲတယ်မသိ။

အဘွား မြသည်းကို ဖုန်းခေါ်ကြည့်ရ၏။ ကံကောင်းထောက်မစွာပင် ဖုန်းက သူမနှင့်ပါသွား၏။

"သမီး…အဘွားဆီ ပြန်လာခဲ့ပါ။ သူ ဘာလုပ်သလဲ။ သမီး လာ[illegible]မှပေါ့။ ရဲတိုင်ရမလား"

"သမီး ပြန်မလာချင်ဘူး…အဘွား၊ သူငယ်ချင်းမအိမ်မှာ နေလိုက်မယ်။ သူပြန်မှ ပြန်လာခဲ့မယ်"

"အဘွားအတွက် သမီးက ပိုပြီးအရေးပါတယ်။ အရေးကြီးတယ်။ မတရားလုပ်တာလည်း ငုံ့ခံမနေပါဘူး။ သမီးအန်ကယ်က ရဲမှူးလေ…မေ့နေသလား။ ပြန်လာခဲ့ပါ…သမီး"

အဘွား ဖုန်းပိတ်ပြီး သည်ဘက်လှည့်လာတော့ ပီတာ နေစရာ မရှိ။ သို့သော် ဟန်ကိုယ့်ဖို့လေ။

"အဘွားရယ်…ကျွန်တော် သူ့ကို စကားသွားပြောရုံလေးပါ။ စိတ်ကလည်း ကြမ်းလိုက်တာ။ အဘွားကိုတောင် သစ်ပစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပီတာ ဆင်သေကို ဆိတ်ရေနှင့်ဖုံးနေလျှင် အဘွား ပိုပြီး ဒေါသထွက်ရသည်။

"နင်...ငါ့သမီးကို ဘာစကားသွားပြောမယ်ဆိုတာ ငါ သိတယ်။ တွေးမိပြီ...အပျက်မတစ်ယောက်လို ဆက်ဆံလို့ ဘယ်ရမလဲ။ ဟိုက ခေါင်းရိုက်ခွဲတာ ကျေးဇူးတင်...တကယ်က သတ်ပစ်မှာ"

"အဘွားကလဲ...မသိတာကျလို့။ သူ...လူကုန်ကူးခံရပြီးမှ ပြန်လွတ်လာတာပဲ။ ပျက်စီးပြီးသားပါ။ သားက သူ့ကို ညှိရုံလေးပါ။ ဒါကို..."

စကားထဲက ဓာတ်ပြ။ ပီတာ့စကားကြားလိုက်ရသည်နှင့် အဘွား ဒေါသတွေက ငယ်ထိပ်ဆောင့်တိုး၏။

"သွား...နင်...ခုချက်ချင်း ငါ့အိမ်ကထွက်၊ အိမ်ရှင်ကို ဆော်ကားတဲ့ ညည့်သည်...ခုထွက်"

"အဘွား...ညည့်သည်ကို နှင်ချတာတော့ ရိုင်းတယ်။ အိမ်ရှင်က အဘွားနဲ့သူရိန်ပဲ။ သူက အိမ်အကူ။ လူကုန်ကူးခံခဲ့ရတဲ့ မိန်းကလေး"

"သူရိန်...နင် ဒီလို စိတ်ဓာတ်အောက်တန်းကျတဲ့လူတွေနဲ့ ပေါင်းနေတယ်ဟုတ်လား။ သွား...နင်တို့အားလုံး ပြန်ကြတော့။ နင်တို့အားလုံးထက် မြသည်းရုံကိုပဲ ပိုပြီး တန်ဖိုးထားတယ်"

သူရိန်နှင့်နေခက်ထန်တို့ အဘွားကို ရှိခိုးဦးချတောင်းပန်ရပါသည်။ ပီတာ့မျက်နှာ ထောက်မနေနိုင်တော့။ သင်းကြောင့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေပါ မြောင်းထဲရောက်တော့မည်လေ။

"အဘွားရယ်...ဒီကောင်က ကွဲနေတာကြာပြီလေ။ သူ ထိုင်းမှာ အလုပ်သွားလုပ်ကတည်းက ကွဲသွားကြတာ။ ငယ်သူငယ် ချင်းတွေမို့ အရင်လိုမှတ်ပြီး ပေါင်းမိ..ခေါ်လာမိတာပါ။ ကဲ... ပီတာ...မောင်မင်းကြီးသား ငါးခုံးမတစ်ကောင်ကြောင့်တော့ ငါတို့ လေ့ အပုပ်မခံနိုင်ဘူး။ မင်း...ညောင်းတော့။ ငါတို့မျက်နှာမှ မထောက်...မွှန်ရက်တဲ့ကောင်"

"ရတယ်...မင်းတို့ကလည်း မိန်းမတစ်ယောက်အတွက်နဲ့ ငါ့ကို ငယ်စာရင်းဖျက်တဲ့ကောင်တွေ...မလွမ်းလောက်ပါဘူးကွာ"

"ကြွ...ကြွပေတော့။ ခုထိ သဘောမပေါက်တဲ့ကောင်... မင်းသောက်ကျင့်ကို မကြိုက်တာကွ...နားလည်လား"

ပီတာ အိတ်လွယ်ပြီး အိမ်ပေါ်မှ ဆင်းသွားလေမှ အဘွား မြသည်းကို ထပ်ပြီး ဖုန်းနှင့်ခေါ်ရသည်။

"သမီး...ဘယ်မှာလဲ၊ အဘွား လာခေါ်မယ်"

"သမီး...မဟာအံ့ထူးကံသာဘုရားမှာပါ။ အဘွား ပင်ပန်း နေပါ့မယ်။ သမီးဘာသာ ပြန်လာပါ့မယ်"

"ရတယ်...အဘွား ဘုရားဖူးရင်းလာခဲ့မယ်။ သမီး စောင့် နေ...ဟိုကောင်လည်း နှင်ချလိုက်ပြီ။ ငါ့သမီးဘက်မှာ အဘွား ရှိတယ်။ ဘယ်သူ့ကိုမှ သမီးနဲ့ မလဲနိုင်ဘူး"

အဘွား ဖုန်းချလိုက်တော့ သူရိန် ကိုယ့်အဘွားကို ငေးသည်။

"လေသံကတော့ မာပါပေ့...သူ့သမီးကဖြင့် လင်ယူ



www.burmeseclassic.com

www.burmeseclassic.com



သားမွေးမယ့်အရွယ်ကြီး…ထားခဲ့မှာသေချာပါတယ်”

“အောင်မယ်…ငါက အလိမ္မာ အိမ်ပါပဲ ရှာပေးစားမှာပေါ့”

“ယောင်နောက် ဆံထုံးပါပဲ ကြားဖူးပါတယ် အဘွားရယ်။ တော်ကြာ အဘွားမြေး အပျိုကြီးဖြစ်ပြီး အိမ်မှာ သောင်တင်နေပါဦးမယ်။ ကုန်ပုပ်ကြီးဖြစ်မှာ သေချာတယ်”

“အိမ်မှာ သောင်မတင်မှာပဲ စိုးတာဟဲ့…ငသူရိန်ရဲ့”

“အဘွားကလဲ…အတွေ့ကြီးလိုက်တာ။ အဘွားက အသက် (၇၀) လေ…အဘွားမရှိတော့ သူ ဘယ်သူ့အားကိုးမလဲ”

“တော်…တော်…ငသူရိန်၊ နင်ဟာလေ ကိုယ့်အဘွားကို တစ်နာရီ ဆန့်ကျင်ရ…ဆန့်ကျင်ရ…တစ်ရက် ဆန့်ကျင်ရ… ဆန့်ကျင်ရဆိုတဲ့ကောင်”

သူတို့မြေးအဘွား စကားများနေရင်းပင် နေခက်ထန် မြသည်းကို သွားကြို့ဖို့ တာဝန်ယူလိုက်ပါသည်။

အဲ့ထူးကန်သာဘုရားကို နှစ်ကိုယ်တူ ဖူးရဦးမှာပေါ့လေ။ ရင်ထဲမှာ ပျော်သလိုလို၊ ကြည်နူးသလိုလို၊ ရင်တဖိုဖိုဆိုတာ ဒါမျိုး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၉)

ဘုရားရင်ပြင်တော်ပေါ်မှာ အေးမြကြည်နူးဖွယ် ဘုရားရှင်ကို မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ရင်း မြသည်း မျက်ရည်တွေ စီးကျနေ မိသည်။

ဘဝသည် ချစ်မက်စရာ မကောင်းခဲ့။

တစ်လျှောက်လုံး ဒုက္ခတွေနှင့် နပန်းလုံးခဲ့ရပြီး ယခု လေပြည် ညှင်းလေး တိုက်ခတ်လာပြန်တော့လည်း အရိပ်မည်းက ထိုးခဲ့ပြီ။

မပြေးသော် ကန်ရာရှိ။ လူကုန်ကူးခံခဲ့ရသည့် မိန်းကလေးမှ လူတွေက အထင်တသေး ကြည့်ကြမှာလား။

မြသည်း လောကကြီးကို စိတ်နာလှပါသည်။ ကိုယ် ဘဝ လောက်ပင် ဖြူစင်…ဖြူစင် လူတွေက မျက်နှာငယ်မဖို့ ယုံကြ မဟုတ်။ မသင်္ကာအကြည့်၊ သံသယအကြည့်နှင့်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီတို့လို ရွှေရွှန်းကိုက်မွေးသည့် လူကုံထန်တွေသာ ကလေး တစ်ယောက်မွေးပြီးလည်း အပျိုအဖြစ် လောကကြီးထဲ ဟန်ဆောင် ကြွားနိုင်လိမ့်မည်။

မေတ္တာသုတ်ကို အာရုံစုစည်းပြီး ရွတ်ဖတ်ပူဇော်နေစဉ် သူမ ၏ရှေ့မှ အန်တီကြီးတစ်ယောက်ဘေးသို့ ခွေခနဲ လဲကျသွားတာ မြင်လိုက်ရသဖြင့် မြသည်း အပြေးလေးသွားပြီး ပွေ့ထူလိုက်ရသည်။

"အန်တီ…အန်တီ"

ဘုရားဖူးကတော့ ခပ်ကျဲကျဲ။ နံနက် (၁၁) နာရီခန့်ရှိပြီလေ။ ရှမ်းပြည်ရာသီဥတုမို့သာ အေးမြမြရှိနေတာ။

"အန်တီ"

အန်တီကြီးကို ပွေ့ထူပြီး သူမ တတ်သမျှ၊ မှတ်သမျှ ပြုစု ဆုပ်ကိုင်ပေးနေစဉ် တစ်နေရာမှ လူကြီးတစ်ဦး အနားသို့ ပြေးလာ ခဲ့သည်။

"မေ…မေ"

"ဟင်…ဘဘ"

"ဟယ်…သမီး…မြသည်း"

ဦးနိဇော် သူ့ဇနီးကို မြသည်းလက်ထဲမှ လွှဲပွေ့ရင်း ကားဆီ သွားသည်။ နှုတ်မှလည်း ဝမ်းသာအားရ။

"သမီး…ဘဘတည်းတဲ့ဆီ လိုက်ခဲ့ဦး၊ သမီးအကြောင်းတွေ ဘဘကို ပြောပြပါဦး။ ဒါ…ဘဘဇနီးလေ။ သမီး ဗီဒီယိုတွေ ကြည့်ပြီး သမီးကို အရမ်းတွေ့ချင်နေတာ။ သမီးအန်တီကို သမီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးရင်း ပြောစရာရှိတာတွေ ပြောကြရအောင်''

''ဟုတ်ကဲ့ပါ…ဘဘ''

အဘွားထံ ပြီးမှဖုန်းပြန်ဆက်မည် ယခုတော့ မြသည်း ဦးနီဇော်တို့နှင့်အတူ ကားနှင့်ပါသွားခဲ့သည်။

* * *

ယခုတော့ မြသည်း၏ကျောမှ စာနီအမှတ်လေးကို လက်နှင့် အုပ်ရင်း ဒေါ်ချစ်သည်းမေ သမီးဖြစ်သူကို ရင်ခွင်ထဲမှာ ပွေ့ထား နိုင်ခဲ့ပြီ။

''မြသည်းရုံဆိုတာကိုက မေမေပေးခဲ့တဲ့ နာမည်ပါ။ သမီး အဖေက အားမကိုးရဘဲ လူငယ်စတိုင် အသောက်အစား တစ်ဖက် အလုပ်လုပ်တာလည်း ထောင့်မကျိုးတော့ မေမေလည်း သည်းမခံ နိုင်တော့ဘဲ ကလေးတစ်ကောင်ပိုက်ပြီး ပြန်မလို့ပါ။ သူတို့အသိုင်း အဝိုင်းက ကလေးကို အတင်းယူထားကြတော့ သမီးကို ထားခဲ့ရ တာပါ''

''နောက်…မိဘတွေပေးစားတဲ့ အကိုကြီးကို လက်ထပ်ရ တယ်။ သမီးဘဘကို မပြောရဲလို့ မေမေ ငြိမ်နေရတာပေါ့''

''နောက်…သမီးပါတဲ့ ဗီဒီယိုလေးတွေကြည့်…သမီးနာမည် နဲ့ဆက်စပ်ပြီး တွေ့ချင်နေပြန်တော့ သမီးက အစပျောက်နေခဲ့တယ်။ သမီးသတင်းတွေ ကြားရပြီး မေမေ ဗုန်းဗုန်းလဲမတတ် ခံစားခဲ့ရ တယ်။ သမီးဘဘကို အကျိုးအကြောင်းပြောပြပြီး သမီးကိုရှာ



www.burmeseclassic.com

www.burmeseclassic.com



မေမေပါ ဒီတစ်ခေါက် လိုက်လာခဲ့တာပါ"

"သမီးလေး…မေမေ့ကို စိတ်နာနေသလားဟင်…မုန်းနေသလားဟင်။ ကိုယ့်သမီးကိုတောင် ပစ်ထားခဲ့တဲ့ မိန်းမကြီးဆိုပြီး စိတ်နာနေသလားကွယ်"

မြသည်းရဲ့ မေမေ့ရင်ခွင်ထဲမှာ မျက်နှာအပ်ရင်း မျက်ရည်တွေ အလိုအလျောက် စီးကျနေရပါသည်။

"မေမေရယ်…သမီးဘဝက ဘာမှမျှော်လင့်ချက် မရှိခဲ့ရတဲ့ ဘဝပါ။ မေမေ့ကို ခုလို မမျှော်လင့်ဘဲ ဘွားခနဲ ပြန်ရလိုက်တော့ ကိုယ့်ကိုယ်ကိုယ် ကံကောင်းလွန်းအားကြီးလှချည့်ရဲ့လို့ ယုံတောင် မယုံကြည်နိုင်ရပါဘူး"

ပြောတတ်သလိုလေး ပြောနေရှာသည့် မြသည်းကို ဦးနီဇော် ဝင်ပြီး နှစ်သိမ့်ပါ၏။

"ဘာမှ အားမငယ်နဲ့တော့ သမီး၊ ဘဘတို့မှာလည်း သားသမီးထွန်းကားတာ မဟုတ်တော့ သမီးကိုပဲ သမီးအမှတ်နဲ့ ပြုစုစောင့်ရှောက်သွားပါရစေတော့ကွယ်"

မြသည်းကိုယ်လေး ဆတ်ခနဲ တုန်သွားရတာ အဘွားကို သွားပြီးသတိရလို့ပါ။ သူမအပေါ် သွေးရင်းသားရင်းလို ချစ်ခင် အားကိုးကြင်နာ စောင့်ရှောက်ခဲ့တာ။

သည်စဉ် အဘွားထံမှ ဖုန်းဝင်လာလေ၏။

"သမီး…ဘယ်ရောက်နေလဲ။ သားကိုနေ…ဘုရားမှာ မတွေ့ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးနီဇော် အဘွားဆိုတာ မည်သူမှန်းမသိပါ။ မြသည်းငံ စောင့်ရှောက်ထားတာပဲ သိသည်။ ထို့ကြောင့် သူတို့ ဆွေးနွေး လိုအပ်သည်။ မြသည်းဖုန်းကိုယူလိုက်ပြီး သူ အဘွားကို တလေး တစား ပြောလိုက်ပါ၏။

"သမီး...သူ့အမေနဲ့ ပြန်တွေ့နေပါတယ် အဘွား၊ ကျွန်တော် တို့ကိုယ်တိုင် လာပို့ပေးပါ့မယ်"

ဦးနီဇော် ဇနီးနှင့်သမီးကိုခေါ်ကာ အဘွားအိမ်သို့ လိုက်ပို့ပေး ခဲ့ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၊၃၀၊

ရွှေပင်နားတော့ ရွှေကျေးဖြစ်သွားခဲ့ပြီပေါ့။

မြသည်းရုံဆိုတာ ဦးနီဇော်နှင့်ဒေါ်မြကျေးမှုတို့၏သမီး ဖြစ်သွားပြီမို့ ဘဝက လှပသွားခဲ့ချေပြီ။ ချက်ချင်းပင် ဦးနီဇော် ရိုက်မည့် ဗီဒီယိုကား (၂)ကားမှာ မင်းသမီး တန်းဖြစ်ရပါတော့၏။

အဘွားကလည်း မြသည်းရုံ၏ဘဝလေး အဆင်ပြေရေး အတွက် ဖြေလျှော့ပေးခဲ့ပါလေသည်။

"အဘွားနဲ့နေလို့ သမီးဘဝ အလုံးစုံ မလုံခြုံရပါဘူးကွယ်။ ခုလို အားကိုးအားထားပြုစရာ မိရင်းဖရင်းတွေ ပေါ်လာရတာ အဘွားဖြင့် သမီးအတွက် ပြောမပြတတ်အောင်ကို ဝမ်းသာမိပါ တယ်"

အဘွား စိတ်ကောင်းရှိတာ အရေးမကြီး။ နေခက်ထန် တစ်ယောက် မျောက်မီးခဲကိုင်မိသလို ဖြစ်နေရပြီမို့ သူ့ရှိန်က ကောင်းကောင်းဟားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ…ခုမှ ငိုချင်းချမနေနဲ့။ ကိုယ့်မျက်စိရှေ့မှာ ရှိနေတာ ကြာပြီ။ ဂုဏ်မရှိ၊ သရေမရှိတဲ့ ကောင်မလေး မျက်နှာငယ်မလေးကို စိတ်မကူးခဲ့တာ။ ခုမှ နှမြောမနေနဲ့"

"မဟုတ်ပါဘူး…သူရိန်ရာ၊ ငါ သူ့ကို အမြဲကြင်နာဖေးမ ပါတယ်။ ဖွင့်သာမပြောရက်ခဲ့သေးတာပါ"

"ပြောမနေနဲ့တော့…ခုမှပြောရင် အဓိပ္ပာယ်တစ်မျိုးဖြစ်တော့ မယ်။ ဟိုက ခု…ရွှေမင်းသမီးဖြစ်သွားပြီလေ။ အရင်လို ဒွန်းစဏ္ဍား မဟုတ်တော့ဘူး"

မည်သို့ပင်ဖြစ်စေ မြသည်းရုံ ပြင်ဦးလွင်မှာပင် ကားရိုက်နေ တုန်းမို့ နေခက်ထန် နေ့တိုင်း ရိုက်ကွင်းရှိရာသို့ ရောက်နေရတာ လည်း ဝဋ်ကြွေးတစ်ခု။ ရွှေမင်းသမီးလေးရဲ့အပါးမှာ ကိုယ်ရံတော်။ သူရိန် ဘယ်လိုပြောပြော သူ မနာနိုင်ပါ။

"လျှောက်ပြန့်သံပေး၊ ခြေအေးဝမ်းယောင်"တဲ့။ ပြောရက်ပါ ပေ့ ငသူရိန်ရယ်။

အရှင်လတ်လတ် နတ်ရေကန်ထဲ ပစ်ချခံလိုက်ရသလို ချက်ချင်းပင် ဘဝမြင့်မား၊ အလှတွေ ဘွားခနဲ ပေါ်ထွက်လာရသည့် မြသည်းရုံလေးအတွက် နေခက်ထန် ပီတိဖြစ်ရပါသည်။

ကိုယ်လည်း ပြင်ဦးလွင်မှာ ဘာအလုပ်မှမရှိတာမို့ နေခက်ထန် ရိုက်ကွင်းတွေမှာ အမြဲရောက်နေမိတာပါ။

သည်နေ့လည်း နေခက်ထန် ရိုက်ကွင်းရောက်တော့ ရွှေမင်း သမီးလေးက မိတ်ကပ်စလိမ်းနေပါပြီ။ ထုံးစံအတိုင်း သူမ၏အနား



www.burmeseclassic.com

www.burmeseclassic.com



ချာ ဒေါ်မြကျေးမှုံနှင့်သူပေါ့။ ဒေါ်မြကျေးမှုံမှာလည်း ယခုမှ ကံပေး လို့ပြန်ရသည့် သမီးလေးကို ဖြည့်ဆည်းလို့မပြီး။

ဖက်ရှင်နားလည်သူပီပီ ဆင်လို့ပြင်လို့ မပြီး။ နေခက်ထန်နှင့် လည်း သဘောတူပုံရပါ၏။ သူ့ကို ဦးစားပေးပါသည်။

ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါတာထက် အတွင်းသိ၊ အစင်း သိ၊ စိတ်ကောင်းရှိတာကြောင့် ဖြစ်ပါလိမ့်မည်။

"သား...လာ...မင်းညီမက ပြောစရာရှိလို့တဲ့။ အန်တီ စားစရာ သွားယူလိုက်ဦးမယ်။ မင်းတို့စားဖို့"

ဒေါ်မြကျေးမှုံ အိမ်ထဲဝင်သွားတော့ သူ မြသည်းအနားမှာ ထိုင်ရသည်။ သူမအသွင်က စိတ်ကြည်လင်လန်းဆန်းမှုကြောင့် ဝင်းဝင်းပပ။ဘဝမှာ မိရယ်၊ ဖရယ်ကြောင့် အကြင်နာမေတ္တာ အကာအကွယ်ပေးမည့်သူတွေ ရှိပြီလေ။

"ဘာပြောမှာလဲ...မြသည်း"

"မြသည်းရဲ့အဖြစ်အပျက်ကို ဗီဒီယိုရိုက်မလို့။ ဇာတ်ညွှန်း ရေးနေတယ်။ အဲဒါ ကိုကို...မင်းသား လုပ်ပါလားလို့"

"ဗျာ"

"ဘာဖြစ်သွားတာလဲ၊ မင်းသား မလုပ်ချင်ဘူးလား။ မြသည်း အကြောင်းက ဇာတ်နာလွန်းလို့ မရိုက်ချင်ဘူးလား"

"မဟုတ်ပါဘူး...ကိုကို ဝင်ရိုက်လိုက်ရင် လက်ရှိမင်းသား တွေ နောက်ကောက်ကျသွားမှာစိုးလို့ပါကွာ"

မြသည်းနှင့်အတူ ဗီဒီယိုရိုက်ရမည်ဆိုမှတော့ သူ မပျော်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရှိမလဲ။ ခေါင်းညိတ်လိုက်ရင်း သူမ ရေးထားသည့် ဇာတ်ညွှန်းကို ယူဖတ်ရသည်။

သူမ၏ဖြစ်စဉ်…ဒေဝီတို့အိမ်မှာ ကျွန်အဖြစ် နေရတာရော လူကုန်ကူးခံရတာလည်းပါ။ နောက်ဆုံး အဘွား၏မေတ္တာရိပ်မှာ ခိုလှုံပြီး မိခင်နှင့် ပြန်တွေ့သည်အထိ။

နေခက်ထန်တို့ ဘုရားဖူးထွက်တာတစ်လျှောက်လုံး သူ စောင့်ရှောက်တာလည်းပါသည်။ ဇာတ်ညွှန်းကိုဖတ်ပြီး နေခက်ထန် ဝေဖန်ချက်ပေးရသည်။

"မြသည်းဇာတ်လမ်းက အချစ်မပါတော့ ပေါ့ရှန်ရှန်နဲ့။ ဘဝ သရုပ်ဖော်သက်သက်ကြီး။ လူကြိုက်များမှာမဟုတ်ဘူး"

"ကိုကိုကလဲ…ဒါ…အတ္ထုပ္ပတ္တိရုပ်ရှင်သဘောမျိုး။ ပညာပေးလည်းပါတယ်။ သူများကို မကောင်းကြံရင် သူပါ လူကုန်ကူးခံရ၊ ကိုယ်ဝန်ကို တိတ်တဆိတ် လာမွေးနေရတာပါ ထည့်ဦးမှာ။ မကောင်းစိတ်မွေးသူသာ မကောင်းဒဏ်ခံရကြောင်း ထည့်ရေးဦးမှာ။ ဇာတ်လမ်းက မပြီးသေးဘူး"

"ဟိုက အသရေဖျက်မှုနဲ့ တရားလာစွဲနေဦးမှာနော်… ကြည့်လုပ်"

"ဒါဆို…သူ မဟုတ်တာလုပ်ကြောင်း ဝန်ခံရာရောက်သွားမှာပေါ့ ကိုကို။ ဒါ…ဇာတ်လမ်းပဲလေ။ လူ့ဘဝဆိုတာ ကိုယ်တော ဇာတ်လမ်းအမျိုးမျိုးတွေမှာ ကျရာဇာတ်ရုပ်ကို ပါဝင်သရုပ်ဆောင်နေကြရတာမျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်… ဟုတ်ပါတယ် ရွှေမင်းသမီးရယ်။ ခင်းသားနဲ့မင်းသမီး ပေါင်းကြရတဲ့အထိ ရေးလိုက်စမ်းပါ။ ဒါမှ ပရိသတ်က သဘောကျမှာ။ မင်းသမီးတစ်ယောက်တည်း မင်းသား ကို ကြိတ်ကြွေပြီး အလွမ်းဇာတ်ခင်းနေရင် ဘယ်ပရိသတ်က ကြိုက် မှာတဲ့တုံး"

"ရေးနိုင်ပါဘူးနော်…မြသည်းက အပျိုကြီးလုပ်မှာ"

"လုပ်ပေါ့…အပြင်မှာလုပ်ပေမယ့် ဇာတ်လမ်းထဲမှာတော့ လူကြိုက်အောင် ရေးရဦးမှာပဲဗျ။ ပေး…ကိုကို အားနေတာ။ ကိုကို ကြိုက်သလို ဆက်ရေးရမယ်"

"မဟုတ်တာတွေလည်း လျှောက်ရေးမနေနဲ့ဦးနော်။ ဇာတ် ပျက်သွားဦးမယ်"

"ခင်ဗျားလေးလောက်တော့ ကျုပ်လည်း ရေးတတ်ပါတယ် ဗျ…ကိုယ့်ဘာသာ ရိုက်စရာရှိတာသာရိုက်ပါ"

မြသည်းရဲ့ ရိုက်လက်စ… ကားတွေ ဆက်ရိုက်နေတော့ အနားမှာ နေခက်ထန် ဇာတ်လမ်းဆက်ရေးသည်။

ယခုမှ သူ့စိတ်ကြိုက် ပုံဖော်ခွင့်ရတာ။ ဘယ်ရမလဲ။ မင်းသား နှင့်မင်းသမီး အပီတွဲပစ်လိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

နေခက်ထန်နှင့်မြသည်းရှုတို့၏ မင်္ဂလာညစ်ခံပွဲ…

ရုပ်ရှင်လောကမှာ အသိုင်းအဝိုင်း၊ စီးပွားရေးလောက အသိုင်းအဝိုင်းတို့ဖြင့် တင့်တယ်လှပ ခမ်းနားနေပါ၏။

တက်သစ်စ မင်းသမီးလေး၊ ဦးနီဇော်နှင့်ဒေါ်မြကျေးမှုတို့၏ ရှုမငြီးသည့် ချစ်သမီးလေးအဖြစ် တင့်တယ်နေချိန်မှာ…

စားပွဲဝိုင်းတစ်ခုတွင် အမုန်းမီးလျှံတွေဖြင့် တဟုန်းဟုန်း တောက်လောင်နေရသူကတော့ ဒေဝီနှင့်ဒေါ်သက်မာနှောင်း။

"တောက်…ကောင်မက ကြီးပွားနေလိုက်တာ။ လျှမ်းလျှမ်း ကို တောက်နေတာပဲ။ သူကိုယ်တိုင် ဓာတ်ညွှန်းရေးတဲ့ သူ့ဇာတ်က လည်း ရုပ်ရှင်ကားကြီးရိုက်ပြီး တော်တော်ပေါက်သွားတယ်။ ငါ့မှာ သာ ကလေးတစ်ကောင်နဲ့ ဒုက္ခတွေ ရောက်နေရတာ"

www.burmeseclassic.com



ဒေဝီ မီးဖွားပြီး ကလေးကို မစွန့်ပစ်ရက်သည်မို့ မွေးစားသည့်
ဖြင့် အိမ်ထိပါလာခဲ့ပေပြီ။

ကလေးက ယောကျ်ားလေးဖြစ်ပြီး ချောချောလှလှလေး။
မစွန့်ပစ်ရက်ခဲ့နိုင်။ မည်သို့ပင်ဖြစ်စေ ဒါ…သူ့သားပင်
တ်ပါလား။

လောကအလယ်မှာ အစစအရာရာ ပြည့်စုံလှပပြီး မိနှင့်၊
အားကိုးစရာ ခင်ပွန်းနှင့်ဖြစ်နေသည့် မြသည်းရုံကိုကြည့်ပြီး
အမိနှစ်ယောက် ဏ္ဍသာတွေ၊ မစ္ဆရိယတွေ ပွားများနေကြစဉ်…

မင်္ဂလာစုံတွဲက သူတို့အနားသို့ ရောက်ရှိလာခဲ့ကြသည်။ ဒေဝီ
ခေါ်သက်မာနှောင်းတို့ ဟန်ဆောင်အပြုံးတွေက သွားဖြဲပြလိုက်
ည့်နှယ်။

ဟန်ဆောင်အပြုံးတွေ…

အခါလွန်အမုန်းတွေ…

နေခက်ထန် ဝတ်ကျေတန်းကျေ နှုတ်ဆက်ပြီး သူ့ရွှေမင်းသမီး
လေးကို ထိုနေရာမှ ညင်သာစွာ ဆွဲခေါ်ခဲ့ပါသည်။

ပျော်စရာအကောင်းဆုံး မင်္ဂလာနေ့မှာ မင်္ဂလာမရှိသည့်အဖြစ်
တွေ မကြုံစေလို။



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

နှစ်ဖက်မိဘ (၂)စုံကို ကန်တော့ပြီး နေခက်ထန် မြသည်းရုံကို သူ့အခန်းသို့ ခေါ်လာခဲ့သည်။

တစ်ဦးတည်းသော သားသမီးတွေမို့ မိဘများအိမ်မှာ တစ်လှည့်စီနေပေးကြဖို့ ကတိပေးထားရသည်။ လောလောဆယ် နေခက်ထန်၏အိမ်မှာ နေရမည်။

"ကိုကို့အခန်းက တစ်အိမ်လုံးမှာရှယ်"

"ဘာလို့"

"အကောင်းဆုံးနေရာကို ယူထားတာလေ။ နေကြည့်လိုက်… သိလာလိမ့်မယ်"

သူ့ရုပ်က ပြုံးစိစိဖြစ်နေပြီး မြသည်းကတော့ အရှက်ကြောင် ပန်းသီးလေးလို နီနီရဲရဲ။

"ဘာကြီးမှန်းလည်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



နေခက်ထန် အလိုလို အူမြူးနေမိတာလည်း ဘာကြောင့်မသိ။ ဒါကြောင့် ရှေးလူကြီးသူမတွေက အပျော်ဆုံးရက်တွေထဲမှာ မင်္ဂလာဆောင်သည့်နေ့လို့ ထည့်ပေးထားတာပဲ။

"မသိလည်းနေကွာ…ခုချိန်ကစပြီး မြသည်းဘဝမှာ စိတ်ဆင်းရဲစရာတွေအားလုံး ကုန်ဆုံးသွားပြီး စိတ်ချမ်းသာစရာတွေပဲ တွေ့ကြုံစေရမယ်လို့ ကိုကို ကတိပေးတယ်"

"ကျေးဇူးပါ…ကိုကို၊ ဒါဆို ဒီနေ့ မြသည်း မေမေတို့နဲ့ ခွဲလိုက်သွားပါရစေနော်…နော်…မြသည်း မေမေနဲ့ မခွဲနိုင်လို့ပါ"

မျက်နှာငယ်လေးနှင့် မြသည်း ချွဲနေလျှင် နေခက်ထန် သူမ၏ကိုယ်လေးကို ပွေ့ယူပြီး ခုတင်ပေါ်ထိုင်ရသည်။

"အဲဒါပြောမလို့…မြသည်း ဝင်ရိုက်မှာ မကြောက်ဘူးလား"

"ဘာဆိုင်လို့"

"ဆိုင်တာပေါ့…မြသည်းက မေမေ့ကို အမြဲအပိုင်စီးထားတော့ သူတို့လင်မယား အတူမအိပ်ရတာ ကြာပြီလေ။ ဒါကြောင့် အန်ကယ်က ကိုကိုနဲ့ အမြန်ဆုံး ပေးစားလိုက်တာဗျား…တစ်ချက်ခုတ် နှစ်ချက်ပြတ်"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တယ်…ဆိုင်တယ်၊ ခု…မြသည်းကို ယောကျ်ားပေးစားလိုက်တော့ အန်ကယ် သူ့မိန်းမ သူ ပြန်ရပြီလေ။ မြသည်းက ကိုကိုနဲ့အိပ်…အန်ကယ်က သူ့ချစ်ချစ်နဲ့ သူအိပ်"



www.burmeseclassic.com

www.burmeseclassic.com



မြသည်း မကျေနပ်ပါ။ နားမလည်ပါ။

"မေမေတို့...ဘာဘတို့က ကြီးပြီပဲ။ ဘာလို့အတူအိပ်နေရဦးမှာလဲ။ မြသည်းကတော့ အိမ်ပြန်ရင် မေမေနဲ့ အတူအိပ်မှာပဲ။ ကိုကိုက ဘာဘနဲ့ သွားအိပ်"

နေခက်ထန် ကိုယ့်နဖူးကိုယ်ရိုက်ရင်း မြသည်းကို ပွေ့ကာ မတော်တဆလိုလိုနှင့် ခုတင်ပေါ် လှဲချပစ်လိုက်တာ ပညာသား အပြည့်နှင့်။

"ဒီကောင်မလေး...သဘောတရားရေးတွေ နားလည်အောင် တော်တော်ပို့ချရဦးမှာပဲ။ အမယ်မင်း...မာမီရေ သားအဖြစ်ကို လာကြည့်လှည့်ပါဦး"

အပျော်ဆုံးနေ့မို့ နှစ်ယောက်လုံး၏ ရယ်မောသံလေးတွေကတော့ သာသာယာယာ။

ကြယ်စင်မှူးဝေ



www.burmeseclassic.com